ငွေပဒေသာဟာသစာအုပ်


www.burmeseclassic.com

# မောင်ကောင်းထိုက်

## လက်ရွေးစင်

# ဟာသပဒေသာ

## အမှတ်(၇)




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၃၉၃/၉၇(၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၇၈/၉၇(၇)

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၅၀၀)

ထုတ်ဝေခြင်း

ဖေဖော်ဝါရီလ၊ ၁၉၉၈

တန်ဖိုး

မောင်ဟန်(၀၈၇၆)၊ ကမ္ဘာလုံးစာပေ၊
၂၅၉၊ နဆေးဒေးလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံ
ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဦးကျော်မိုးစိန်(အောင်သာအော့ဖ်စက်) (၀၃၁၃၇)
အမှတ်-၁၇၂၊ ၃၁-လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ပုံနှိပ်သည်။



BURMESE CLASSIC .com

## မာတိကာ

| | | |
|---|---|---|
| ၁။ | ဟာသပြောရင် သတိထားပြောပါ | ၂၁ |
| ၂။ | ဆိုရှယ်လစ်သရုပ်မှန်ဝါဒ | ၂၂ |
| ၃။ | ဖတ်ထားမှပေါ့ | ၂၃ |
| ၄။ | ဘယ်သူလာလို့ တွေးပါမယ် | ၂၄ |
| ၅။ | မုဆိုးလည်း ကြောက်တတ်တာပဲ | ၂၅ |
| ၆။ | အခြေအနေ ပြောင်းသွားလို့ | ၂၆ |
| ၇။ | ဒေါ်သရေ့ထားရင် မှားမှာပေါ့ | ၂၇ |
| ၈။ | အဖေကို အားမကိုးနဲ့ | ၂၈ |
| ၉။ | ကြောက်တယ်ဆို | ၂၉ |
| ၁၀။ | ယောကျ်ား | ၃၀ |
| ၁၁။ | ဘဝတူ | ၃၀ |
| ၁၂။ | မှားကုန်ပြီ | ၃၁ |
| ၁၃။ | ယောကျ်ားနဲ့တူတဲ့သား | ၃၂ |
| ၁၄။ | အဖေ့အတွက် စိတ်ပူရပြီ | ၃၃ |
| ၁၅။ | နိုင်တဲ့လူ ယူကြေး | ၃၃ |
| ၁၆။ | ပိုယူသင့်တာပေါ့ | ၃၄ |
| ၁၇။ | သတ်မှတ်နှုန်းပဲ ယူတယ် | ၃၅ |
| ၁၈။ | ကြွားစရာရှားလို့လား | ၃၅ |



www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| ၁၉။ | အလကား အဖြစ်မခံနိုင်ဘူး | ၃၆ |
| ၂၀။ | ဘယ်သူပေးမလဲ | ၃၇ |
| ၂၁။ | မိန်းမကို အလိုမလိုက်နိုင်ဘူး | ၃၈ |
| ၂၂။ | ကြာဦးမှာလား | ၃၈ |
| ၂၃။ | ဟာသပြောသမား | ၃၉ |
| ၂၄။ | အညံ့မခံဘူး | ၄၀ |
| ၂၅။ | ဖွင့်ဆိုချက် | ၄၁ |
| ၂၆။ | သဘာပတိအဖွဲ့ | ၄၁ |
| ၂၇။ | ပေါ်တော့မယ်၊ ပြန်ခေါ်ပါ | ၄၂ |
| ၂၈။ | အလုပ်ပေးပါ | ၄၄ |
| ၂၉။ | ထွက်တော့မယ် | ၄၄ |
| ၃၀။ | ကျော်မလုပ်နဲ့ | ၄၄ |
| ၃၁။ | စောစောက ပြောရောပေါ့ | ၄၅ |
| ၃၂။ | တွေ့သေးတာပေါ့ | ၄၅ |
| ၃၃။ | ရိုးရိုးသားသား | ၄၆ |
| ၃၄။ | ရိုးသားမှ ကြိုက်တယ် | ၄၆ |
| ၃၅။ | တိုးလျှိုပေါက် | ၄၇ |
| ၃၆။ | နံပါတ်ပြောင်းပြန် | ၄၈ |
| ၃၇။ | ချမ်းသာလာပုံအကြောင်း | ၄၉ |
| ၃၈။ | သင့်သလိုပေးပါ | ၄၉ |
| ၃၉။ | ပြောကြတာပဲ | ၅၀ |







| | | |
|---|---|---|
| ၄၀။ | ပြောင်းတော့မှာလား | ၅၀ |
| ၄၁။ | နှမြောလို့ | ၅၁ |
| ၄၂။ | မေ့ထားပြန်ပြီ | ၅၁ |
| ၄၃။ | မစိုက်လို့ပေါ့ | ၅၂ |
| ၄၄။ | ဒီလိုမကျိစားနဲ့ | ၅၂ |
| ၄၅။ | နေ့းကွေးသူ | ၅၃ |
| ၄၆။ | ဆရာ့ဆီလာတဲ့ဖုန်း | ၅၄ |
| ၄၇။ | ခံရခက်လိုက်တာ | ၅၄ |
| ၄၈။ | အားကိုးအားထား | ၅၅ |
| ၄၉။ | မဖြစ်နိုင်လွန်းလို့ပါ | ၅၆ |
| ၅၀။ | အထွတ်အမြတ် | ၅၆ |
| ၅၁။ | ဆုံးတာတော့ ဆုံးမှာပဲ | ၅၈ |
| ၅၂။ | ကြောက်လို့ | ၅၉ |
| ၅၃။ | တစ်မဲထဲရယ် | ၆၀ |
| ၅၄။ | လွန်ပျံ့ဒီပိုမေစီ | ၆၁ |
| ၅၅။ | ကျောခိုင်းစွန့်ခွာ | ၆၃ |
| ၅၆။ | ပြည်တွင်းဖြစ်ကြက် | ၆၄ |
| ၅၇။ | မမှုပါဘူး | ၆၄ |
| ၅၈။ | ချိုမထွက်လို့ | ၆၅ |
| ၅၉။ | အာမခံ | ၆၆ |
| ၆၀။ | မတတ်နိုင်ဘူး | ၆၆ |




www.burmeseclassic.com

www.burmeseclassic.com


၆၁။ လေလံပွဲ ၆၆

၆၂။ စိတ်ကွဲရောဂါ ၆၇

၆၃။ အိုးသက်ရှည် ၆၇

၆၄။ အဖေတူကလေး ၆၉

၆၅။ ဒစ်စကိုတက် ၆၉

၆၆။ ပေါ်တိုင်းမကောင်းဘူး ၆၉

၆၇။ သေတ္တာပဲစီး ၇၀

၆၈။ အမြဲတမ်း ကံမကောင်းဘူး ၇၁

၆၉။ ခုမှ မြင်ဖူးတယ် ၇၁

၇၀။ စားရဖူးလို့ ၇၂

၇၁။ လေးနက်တဲ့စကား ၇၂

၇၂။ မပြောတော့ မသိဘူးပေါ့ ၇၃

၇၃။ အိမ်မှာလိုနေ ၇၃

၇၄။ ကံပ်လာစမ်းပါ ၇၄

၇၅။ အပြစ်တင်သင့်တာပေါ့ ၇၄

၇၆။ သတိထားပါ ၇၄

၇၇။ ဘာလုပ်ရမလဲ ၇၅

၇၈။ ဟာသတန်ခိုး ၇၆

၇၉။ ကြေးနန်း ၇၇

၈၀။ မလိုဘူး ၇၈

၈၁။ စောင့်ပစ်ပါ ၇၈







၈၂။ အသံကြားတာနဲ့ သိတယ် ၇၉

၈၃။ မယုံဘူး ၇၉

၈၄။ နှစ်ကြိုးသမား ၈၀

၈၅။ ညီအစ်ကို ၈၁

၈၆။ ဘာနားထောင်မလဲ ၈၁

၈၇။ အလုပ်ပြုတ်တော့မယ် ၈၂

၈၈။ အင်အားလျှော့မယ် ၈၂

၈၉။ လုပ်နေကျ ၈၂

၉၀။ ဝေဖန်ရေး ၈၃

၉၁။ စကားကို သတိထားပြော ၈၄

၉၂။ အရာရှိဆိုး ၈၅

၉၃။ မသိဘူး ၈၆

၉၄။ မိန်းမစကား ၈၆

၉၅။ အရည်အချင်း ၈၆

၉၆။ စောစောထရမှာပေါ့ ၈၇

၉၇။ မိန်းမကို အားကိုးတယ် ၈၈

၉၈။ လက်ပါမှာ စိုးလို့ ၈၉

၉၉။ လျှော့ကားတော့ လျှော့ကားပဲ ၈၉

၁၀၀။ အကောင်းမြင် အဆိုးမြင် ၉၀

၁၀၁။ ကိုယ်နဲ့မဆိုင်ရင် ခေါင်းရှုပ်မခံဘူး ၉၁

၁၀၂။ ကျွန်တော်တို့ အပြစ်မဟုတ်ဘူး ၉၂




www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| ၁၀၃။ | ကိုအောင်နက် | ၉၃ |
| ၁၀၄။ | မမှန်မကန် စွပ်စွဲခြင်း | ၉၄ |
| ၁၀၅။ | ဓာတ်သိမ်းခန်း | ၉၄ |
| ၁၀၆။ | သူများဝန်ကို ဆက်ထမ်းနေရတယ် | ၉၅ |
| ၁၀၇။ | မှားကုန်ပြီ | ၉၆ |
| ၁၀၈။ | ခြေထောက်မည်းမည်း | ၉၆ |
| ၁၀၉။ | မိန်းမယုတ္တိ | ၉၇ |
| ၁၁၀။ | ကိုချူချာလည်း ကျီစားတတ်တယ် | ၉၇ |
| ၁၁၁။ | သီးသန့်လူနာဆောင် | ၉၉ |
| ၁၁၂။ | ခေတ်တွေ ပြောင်းနေပြီလေ | ၉၉ |
| ၁၁၃။ | ရေထဲမှာပဲပေါက် | ၁၀၀ |
| ၁၁၄။ | သတင်းသုံးခု | ၁၀၁ |
| ၁၁၅။ | အကောင်းမြင်သူ | ၁၀၁ |
| ၁၁၆။ | မိန်းမအားကိုး သွားမကျိုး | ၁၀၂ |
| ၁၁၇။ | သင်ခန်းစာ | ၁၀၂ |
| ၁၁၈။ | ဒီတစ်ယောက်နဲ့ကို စိတ်ညစ်လှပြီ | ၁၀၃ |
| ၁၁၉။ | ထိတော့ထိတယ် | ၁၀၄ |
| ၁၂၀။ | ဘောလုံးဝါသနာအိုး | ၁၀၄ |
| ၁၂၁။ | ကြေးစားနဲ့ အပျော်တမ်း | ၁၀၅ |
| ၁၂၂။ | လူသတ်သမား | ၁၀၆ |
| ၁၂၃။ | အန္တရာယ်ခေါင်မိုး | ၁၀၆ |







| | | |
|---|---|---|
| ၁၂၄။ | ရှာပေးမယ်… ဒါပေမယ့် | ၁၀၇ |
| ၁၂၅။ | ဒါကို ပိုနှမြောတယ် | ၁၀၈ |
| ၁၂၆။ | မကျီစားရဘူးလား | ၁၀၉ |
| ၁၂၇။ | မျှော်လင့်ချက်လေး ပေးထားပါဦး | ၁၁၀ |
| ၁၂၈။ | ပိုက်ဆံကုန်တဲ့အထိ လျှောက်လည်ကြမယ် | ၁၁၁ |
| ၁၂၉။ | အတူတူချည်းပဲဥစ္စာ | ၁၁၂ |
| ၁၃၀။ | ဓားပြလူဆိုးဆိုရင် ‘နိုး’ပဲ | ၁၁၂ |
| ၁၃၁။ | နိုးပဒေါသား | ၁၁၃ |
| ၁၃၂။ | နို့စို့အရွယ်လား | ၁၁၄ |
| ၁၃၃။ | အကြောင်းပြချက် | ၁၁၄ |
| ၁၃၄။ | စစ်မှန်သောဒီမိုကရေစီ | ၁၁၅ |
| ၁၃၅။ | နိုင်ငံခြားဘာသာ | ၁၁၆ |
| ၁၃၆။ | တောင်းပန်တယ် | ၁၁၇ |
| ၁၃၇။ | သစ်ခုတ်သမား | ၁၁၇ |
| ၁၃၈။ | ငါးဟင်း | ၁၁၈ |
| ၁၃၉။ | အရက်နံ့ | ၁၁၉ |
| ၁၄၀။ | မေ့သွားလို့ | ၁၁၉ |
| ၁၄၁။ | ရှုရှားနာရီ | ၁၂၀ |
| ၁၄၂။ | အတော်ဆုံးဈေးသည် | ၁၂၁ |
| ၁၄၃။ | သိအောင်ပြမယ် | ၁၂၁ |
| ၁၄၄။ | တူညီသောဆန္ဒ | ၁၂၂ |




www.burmeseclassic.com

www.burmeseclassic.com




၁၈၇။ ဆော်လမွန်ဘုရင် ၁၄၇
၁၈၈။ ကြားလဲကြား၊ မြင်လဲမြင် ၁၄၇
၁၈၉။ သတိရတယ် ၁၄၇
၁၉၀။ အချိန်မီရောက်ချင်ရင် ၁၄၈
၁၉၁။ တူညီချက် ၁၄၈
၁၉၂။ မီးရထားနဲ့လူ့ဘဝ ၁၄၈
၁၉၃။ နည်းကောင်း ၁၄၈
၁၉၄။ ပင်စင်ယူချိန် ၁၄၉
၁၉၅။ ခံစားမိပြီ ၁၄၉
၁၉၆။ ရောင်းပါ ၁၄၉
၁၉၇။ ကိုယ့်အတတ် ကိုယ်ရှုး ၁၅၀
၁၉၈။ လူနာကြည့်ချိန် ၁၅၁
၁၉၉။ နိမ့်လွန်းတယ် ၁၅၂
၂၀၀။ လျင်တဲ့သားအမိ ၁၅၂
၂၀၁။ များပေမယ့် နည်းတယ် ၁၅၂
၂၀၂။ ဘဝ ၁၅၃
၂၀၃။ ဆေးရုံနဲ့ဓေါင် ၁၅၃
၂၀၄။ လူသားဝါဒ ၁၅၄
၂၀၅။ ရှောင်လို့မရတော့ဘူး ၁၅၄
၂၀၆။ စိုးရိမ်တယ် ၁၅၅
၂၀၇။ လဲမယ် ၁၅၅




မာတိကာ


၂၀၈။ အိမ်ထောင်ရေးသာယာမှု ၁၅၆
၂၀၉။ အတင်းအဖျင်း ၁၅၆
၂၁၀။ ပြောသင့်တဲ့အရာ ၁၅၆
၂၁၁။ သစ္စာ ၁၅၇
၂၁၂။ ယောက်ျားနဲ့ကြောင် ၁၅၇
၂၁၃။ ပျော်ရအောင် ၁၅၈
၂၁၄။ တကယ့်ငရဲ ၁၅၈
၂၁၅။ ပေးသင့်တာပေါ့ ၁၅၈
၂၁၆။ ရစရာရှိသေးလို့ ၁၅၉
၂၁၇။ ဘာရမလဲ ၁၅၉
၂၁၈။ အမြန်ရထား ၁၆၀
၂၁၉။ တိုယိုတာ ၁၆၀
၂၂၀။ ဖြစ်ချင်တော့ ၁၆၁
၂၂၁။ ၃၂ ၁၆၂
၂၂၂။ ဇရာ အို ၁၆၃
၂၂၃။ တစ်ခါစီးခရီးသည် ၁၆၃
၂၂၄။ ရဲဆေးတင်ထားပြီ ၁၆၄
၂၂၅။ ယားမှာပေါ့ ၁၆၄
၂၂၆။ သမားတော်ကြီး ၁၆၅
၂၂၇။ ချောင်းဆိုးပျောက်ဆေး ၁၆၆
၂၂၈။ ပြင်ရမယ် ၁၆၆




www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| ၂၂၉။ | အရှူးကတစ်မှူးသား | ၁၆၇ |
| ၂၃၀။ | ဆရာဝန်ပေါက်စ | ၁၆၈ |
| ၂၃၁။ | အိမ်မပျော်သောရောဂါ | ၁၆၈ |
| ၂၃၂။ | ပဟေဠိ | ၁၆၉ |
| ၂၃၃။ | သွားချင်သူတွေ အများကြီး | ၁၇၀ |
| ၂၃၄။ | နိဗ္ဗာန်နဲ့ငရဲ | ၁၇၁ |
| ၂၃၅။ | ခြားနားချက် | ၁၇၁ |
| ၂၃၆။ | မေးဦးမှဲ့ | ၁၇၁ |
| ၂၃၇။ | အမေတာဝန်ယူတယ် | ၁၇၂ |
| ၂၃၈။ | သူ့တာဝန်နဲ့သူ | ၁၇၂ |
| ၂၃၉။ | စိုးရိမ်တယ် | ၁၇၂ |
| ၂၄၀။ | ပြန်ကူးရင် ရောက်မှာလား | ၁၇၃ |
| ၂၄၁။ | လူရှိရင် ငိုမယ် | ၁၇၃ |
| ၂၄၂။ | စက်ဘီးသူခိုး | ၁၇၄ |
| ၂၄၃။ | အက်စကော့မပါဘူး | ၁၇၄ |
| ၂၄၄။ | အသက်ထက်ဝက်ကွာတယ် | ၁၇၄ |
| ၂၄၅။ | နေရာမရှိဘူး | ၁၇၅ |
| ၂၄၆။ | ကိုယ်ပိုင်ပစ္စည်း | ၁၇၅ |
| ၂၄၇။ | ယောက္ခမအတွက်လက်ဆောင် | ၁၇၆ |
| ၂၄၈။ | ဝယ်ပေးလိုက်ပါ | ၁၇၆ |
| ၂၄၉။ | ချစ်ဒေါ်လေး | ၁၇၇ |




မာတိကာ


| | | |
|---|---|---|
| ၂၅၀။ | ပိုင်ရှင်ဘယ်သူလဲ | ၁၇၇ |
| ၂၅၁။ | ရဲတိုက်ပျောင်း | ၁၇၈ |
| ၂၅၂။ | သေတဲ့လူ | ၁၇၈ |
| ၂၅၃။ | မိုးလေဝသ | ၁၇၉ |
| ၂၅၄။ | မိုးမစိုသောထီး | ၁၇၉ |
| ၂၅၅။ | ခေါင်းအတု | ၁၈၀ |
| ၂၅၆။ | မကြားဖူးတဲ့ဟာသ | ၁၈၀ |
| ၂၅၇။ | ထူးခြားတဲ့အမှတ်အသား | ၁၈၀ |
| ၂၅၈။ | ငါးနံ့ပါတ် | ၁၈၁ |
| ၂၅၉။ | ညတိုင်လာတဲ့ စာပို့လုလင် | ၁၈၁ |
| ၂၆၀။ | ငရဲကြီးမယ် | ၁၈၂ |
| ၂၆၁။ | တားဆရာတွေချည်းပဲ | ၁၈၃ |
| ၂၆၂။ | အမိုဝင်ငွေ | ၁၈၃ |
| ၂၆၃။ | ဆေးညွှန်း | ၁၈၄ |
| ၂၆၄။ | ဒိဂ ကို မကြိုက်ဘူး | ၁၈၅ |
| ၂၆၅။ | ဒုတိယဆရာဝန် | ၁၈၅ |
| ၂၆၆။ | စဉ်းစားမိသည်မှာ | ၁၈၆ |
| ၂၆၇။ | နှုတ်မလုံဘူး | ၁၈၆ |
| ၂၆၈။ | ဂျပန်ကို သွားမကျိစားနဲ့ | ၁၈၆ |
| ၂၆၉။ | လွတ်ပြီ ကျွတ်ပြီ | ၁၈၇ |
| ၂၇၀။ | အတုမှန်းမသိ အစစ်မှန်းမသိ | ၁၈၈ |




www.burmeseclassic.com

www.burmeseclassic.com


၂၇၁။ ပိုဆိုးသွားပြီ ၁၈၈
၂၇၂။ မခုန်ဘူးထင်လို့ ၁၉၀
၂၇၃။ တွေ့ပြီးပြီ ၁၉၁
၂၇၄။ ခေါ်မလို့ဘဲ ၁၉၁
၂၇၅။ စုံထောက်ကား ၁၉၂
၂၇၆။ စမ်းကြည့်ရောပေါ့ ၁၉၃
၂၇၇။ အကောင်းဆုံးတစ်အုပ် ၁၉၃
၂၇၈။ ဘာကို ဩဘာပေးတာလဲ ၁၉၄
၂၇၉။ ဖတ်ထားမိပေလို့ ၁၉၄
၂၈၀။ ဆိုင်းမပါ ဗုံမဆင့် ၁၉၄
၂၈၁။ ခွေးပျောက်ရှာ ၁၉၅
၂၈၂။ သတင်းစာထဲပါအောင် ၁၉၅
၂၈၃။ မသိဘူး ၁၉၆
၂၈၄။ နောက်ယောင်ခံ ၁၉၆
၂၈၅။ လက်ခုပ်တီးတဲ့လူ အရူး ၁၉၇
၂၈၆။ ကြောင်လို ဖြစ်သွားမယ် ၁၉၇
၂၈၇။ မိန်းမယောကျ်ား ၁၉၈
၂၈၈။ ဆင်းခွင့်ပေးရင် မှားတော့မှာပဲ ၁၉၉
၂၈၉။ ဘဲစားဘဲချေ ၂၀၀
၂၉၀။ ထူးဆန်းတာမှတ်လို့ ၂၀၁
၂၉၁။ ခြားနားချက် ၂၀၁
၂၉၂။ မလိုက်ပါနဲ့သားရယ် ၂၀၂




# ပြုစုသူ၏အမှာ

'လက်ရွေးစင်ဟာသပဒေသာ' ပါ ဟာသအများစုသည် 'ဇာတ်လမ်းတို' ပုံသဏ္ဌာန်ကို ဆောင်ယူထားကြောင်း စာဖတ်သူတို့ သတိထားမိကြလိမ့်မည်ဟု ယုံကြည်ပါ၏၊ ဤဇာတ်လမ်းတိုများတွင် ဆရာဝန်၊ လူနာ၊ ရှေ့နေ၊ တရားခံ၊ တရားသူကြီး၊ တပ်မတော်သား၊ ရဲသားနှင့် နိုင်ငံရေးသမား စသည်တို့သာမက တိရစ္ဆာန်များပင် ဇာတ်ကောင်အဖြစ် ပါဝင်နေကြသည်ကို တွေ့ရမည် ဖြစ်ပါ၏၊ ဇာတ်ကောင်အတော်များများမှာ နိုင်ငံခြားသားများ ဖြစ်နေကြ၏၊ သို့ပင်ဖြစ်သော်လည်း အလားတူ အဖြစ်အပျက်မျိုးနှင့် ကျွန်တော်တို့ တစ်တွေ မတွေ့ဖူး၊ မကြုံဖူးဘူးဟူ၍ မဆိုနိုင်ပါ၊ ထို့ကြောင့် တစ်နေ့ရာရာတွင် တိုက်ဆိုင်မှုကို တွေ့ပြီး ဟားတိုက်ရယ်ချင်စိတ် ပေါ်လာနိုင်ပါသည်၊ ထိုအခါမျိုးတွင် ဘေးပတ်ဝန်းကျင်ကို အားနာနေစရာ မလိုပါ၊ အားရပါးရ ရယ်ချလိုက်ရန် အကြံပြုပါသည်၊ မိတ်ဆွေကို အားလုံးက နားလည်မှုဖြင့် ခွင့်လွှတ်ကြပါလိမ့်မည်။

ဇာတ်လမ်းအချို့မှာ ဖြစ်ရိုးဖြစ်စဉ် မဟုတ်၍ ယုတ္တိမတန်ဟု ပြောနိုင်ပါ၏၊ မှန်ပါသည်၊ သမားရိုးကျဘောင်ကို ကျော်လွန်ထားသည်များ ရှိနေပါ၏၊ သို့သော် ခါတိုင်းလို မဟုတ်၍သာ ထူးထူးခြားခြား ရယ်ရခြင်း မဟုတ်ပါလောဟု ပြန်စောဒက တက်ချင်ပါသည်၊ တစ်ဆက်တည်းတွင် ဖြစ်ရိုးဖြစ်စဉ် မဟုတ်၍ မဖြစ်နိုင်ပါဟု ယတိပြတ် မပြောစေချင်ပါ၊ 'လောကကြီးကိုက ပြောင်းတိပြောင်းဆန်' ဆိုသော စကားကို ပြန်အမှတ်ရစေလိုပါသည်။

F - 2 (A)



www.burmeseclassic.com

www.burmeseclassic.com



ဤဟာသများကို မည်သူက တီထွင် ဖန်တီးပါသနည်းဟု မေးခွန်းထုတ်နိုင်ပါ၏။ မောင်ကောင်းထိုက် မသိပါ၊ 'အမည်မသိ စာဆိုများ' ဟုသာ ဖြေရပါမည်၊ ဟာသတိုတို့၏ သဘောမှာ ပတ်ဝန်းကျင်တွင် တွေ့ရသော အံမဝင် ခွင်မကျမှု၊ တစ်ယောက်ယောက်၏ မိုက်မဲသော ပြုမူပြောဆိုမှု၊ 'ငိုအားထက် ရယ်အားသန်' ရသော အခြေအနေတို့နှင့် ဆက်စပ်ကာ ပေါ်ပေါက်လာလေ့ရှိပြီး တစ်ဆင့်စကား တစ်ဆင့်ကြားကာ ပြန့်ပွားလာကြခြင်း ဖြစ်ပါသည်၊ ဤဟာသများကို မည်သူကမှ ပေထက်အက္ခရာ ထင်ထားကြသည် မဟုတ်ပါ၊ အချို့ ဟာသများမှာ ခေတ်ကာလ ပြောင်းသည်နှင့်အမျှ တိမ်ကော ပပျောက်သွားကြပါသည်၊ အချို့မှာ ခေတ်သစ်၊ အခြေအနေသစ်တွင်လည်း ဆက်လက် ထိရောက်နေတတ်ပါသည်။ အထူးသဖြင့် ထင်ရှားသော လူပုဂ္ဂိုလ်တို့နှင့် ပတ်သက်သည့် ဟာသများသည် အချိန်အတော်ကြာကြာအထိ ပေါ်ပြူလာ ဖြစ်နေလေ့ရှိပါသည်။

အချို့ဟာသများမှာ သက်ဆိုင်ရာခေတ်ကို တစ်ဖုံတစ်နည်း ထင်ဟပ်ထားကြပါသည်၊ ထို့ကြောင့် ၎င်းတို့ကို အပြည့်အ၀ ခံစားနိုင်ရန်အတွက် သမိုင်းနောက်ခံကို ယေဘုယျသိထားရန် လိုအပ်ပါသည်၊ ပုံစံအဖြစ် ဟာသတစ်ပုဒ်ကို ထုတ်ပြပါမည်။

"အစ္စရေးနိုင်ငံရဲ့မြို့တော် တဲလ်အဗစ်မှာ ဂါဂါရင်ရဲ့ ရုပ်တုကို စိုက်ထူမယ်ဆိုပဲ"

"ဟုတ်လား၊ ဂျူးလူမျိုးတွေအတွက် သူ ဘာများ စွမ်းဆောင်ခဲ့လို့လဲ"

2 (B)





"ပါယဲဟာလီ (သွားကြစို့၊ Let's go)ဆိုပြီး သူ ပထမဦးဆုံး လူသိရှင်ကြား နှိုးဆော်ခဲ့လို့လေ"။

ဤဟာသကို ဖတ်လိုက်သည်နှင့် ဂါဂါရင်သည် ၁၉၆၁-ခုနှစ်က ဆိုဗီယက်ပြည်ထောင်စုမှ လွှတ်တင်သော ဗော့စတော့ (Vostok) အာကာသယာဉ်တွင် လိုက်ပါသွားခဲ့သည့် ပထမဦးဆုံးသော လူသားဖြစ်သည်ဆိုသောအချက်၊ မြေပြင်မှ လွှတ်တင်မည့်အချိန်နှင့် ကိုက်လျက် ဂါဂါရင်သည် အာကာသယာဉ်ထဲမှနေ၍ 'သွားကြစို့' ဆိုသော သမိုင်းဝင်စကားကို ပြောခဲ့သည့်အချက်၊ ဆိုဗီယက်ဂျူး အများအပြားကလည်း ထိုစဉ်က အစ္စရေးနိုင်ငံသို့ အပြီးအပိုင် ပြောင်းရွှေ့နေထိုင်ရန် တာစူနေကြပြီဟူသည့် အချက်တို့ တစ်ဆက်တည်း ခေါင်းထဲပေါ်လာမှ ဟာသ၏ အဓိပ္ပာယ်ကို အလွယ်တကူ ဖမ်းယူနိုင်မည် ဖြစ်ပါသည်။

မည်သည့် အကြောင်းအရာကိုပဲဖွဲ့ဖွဲ့ ဟာသတို့မည်သည် ဖတ်ရသူ၊ ကြားရသူ၏ စိတ်နှလုံးကို ရွှင်လန်းချမ်းမြေ့စေကြောင်း အားလုံးက သဘောညီကြပါ၏၊ ဘယ်ကိုပဲကြည့်ကြည့် ပတ်ဝန်းကျင်တစ်ခုလုံး အလှတရားချည်း ဖုံးနေသည်ဟု ထင်မြင်လာအောင် စေ့ဆော်နိုင်စွမ်း ရှိသည်ဟုလည်း ဆိုကြပါ၏၊ အချို့ကမူ ဟာသ၏ စွမ်းအင်ကို သည့်ထက်ပို၍ အမွှန်းတင်ကြပါသည်၊ ရယ်မောရွှင်ပျနေချိန်တွင် လောဘ၊ ဒေါသနှင့် မောဟစိတ်များ ကင်းစင်သွားသောကြောင့် ဟာသသည် အကျင့်စာရိတ္တ ကောင်းမွန်ရေးကိုပါ သွယ်ဝိုက် အထောက်အကူပြုသည်ဟု ၎င်းတို့က ဆိုပါသည်၊ ဤ



www.burmeseclassic.com

www.burmeseclassic.com

## ပြုစုသူ၏အမှာ

အမှန်းတင်ချက်နှင့် ပတ်သက်၍ မည်သို့မျှ ထင်မြင်ချက် မပေးလိုပါ၊ မောင်ကောင်းထိုက် ခံယူထားသည်မှာ အသက်ရှင်နေသူ တစ်ဦး၏ ညှိုးနွမ်းသော မျက်နှာသည် သေသူ၏ မျက်နှာပေါ်က အပြုံးပန်းကဲ့သို့ပင် သဘာဝနှင့် ဆန့်ကျင်သည်ဟူသည့် အချက်ပင် ဖြစ်ပါသည်၊ ထို့ကြောင့် ဤစာအုပ်ကို ပြုစုရာ၌ လူတွေ၏ ဘဝအမော်ကို အသောအထွေများ အကူအညီဖြင့် ခဏပဲဖြစ်ဖြစ် မေ့လိုက်စေချင်သည့် ရည်ရွယ်ချက်မဲ့ ရှိသည်၊ သည့်ထက် မပိုပါ၊ ဤကြားထဲက သင်ခန်းစာယူစရာတွေ့သည်၊ ကိုယ်ကျင့်တည်ကြည်မှုကို ဖြစ်စေသည်ဟု ဆိုလာပါလျှင် မကန့်ကွက်ပါ၊ 'မှန်းချက်ထက် နှမ်းထွက်ပို'သည့်အတွက် ဝမ်းတောင်သာရဦးမည် ဖြစ်ပါကြောင်း…။

လေးစားစွာဖြင့်–

(မောင်ကောင်းထိုက်)



BURMESE CLASSIC .com



## ၁။ ဟာသပြောရင် သတိထားပြောပါ

လူပျိုကြီး ကိုဘမောင်သည် မိမိနှင့် သိပ်မရင်းနှီးသေးသော ကာလသားများ စုဝေး စားသောက်နေကြသည့် နေရာသို့ ရောက်လာသည်၊ ကာလသားများ အချင်းချင်း ပြောဆိုနေကြသည်။

"နံပါတ်– ၁၅"

"ဝါးဟားဟား" ကျန်သူများက ဝိုင်းရယ်ကြသည်။

"နံပါတ်– ၂၀"

"ဝါးဟားဟား" အားလုံး ယခင်ကထက် တိုးပြီး ရယ်ကြသည်။

"နံပါတ်– ၄၀ ဟေ့"

"ဝါးဟားဟား"

"နံပါတ်– ၃၇၁"

"ဝါးဟားဟား"

ကိုဘမောင် နားမလည်နိုင်သဖြင့် မေးသည်။

"မောင်ရင်တို့ ဘာကို ရယ်နေကြတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ဟာသ ပြောနေကြတာလေ၊ အခု ပြောတဲ့ ဟာသတွေအားလုံးကို ကျွန်တော်တို့ သိပြီးသား၊ အလွတ်ရပြီးသားဆိုတော့ အချိန် အလဟဿ မဖြစ်ရအောင် ကျွန်တော်တို့ နံပါတ်ပဲ ပြောတော့တယ်"

"ဟေ ဟုတ်လား၊ စိတ်ဝင်စားစရာပဲ"

ဤသို့ပြောပြီး ကိုဘမောင်သည် '၁၇၉' ဟု အော်လိုက်သည်။ ကာလသားများ ရုတ်တရက် အသံတိတ်သွားသည်၊ ဤတွင် ကာလသားများ အသိုင်းအဝိုင်းထဲ ရောက်နေသော အမျိုးသမီးများ အနက် တစ်ယောက်က ကိုဘမောင်အနား ကပ်လာပြီး ပါးချလိုက်သည်။ ကိုဘမောင် ပါးကိုပွတ်ရင်း ကာလသားများကို ကြည့်သည်၊ ကာလသားများက ၎င်းကို ရှင်းပြကြသည်။

"အမျိုးသမီးတွေရှေ့မှာ ညစ်ပတ်တဲ့ ဟာသတွေကို ကျွန်တော်တို့ မပြောဘူးခင်ဗျ"

## ၂။ ဆိုရှယ်လစ်သရုပ်မှန်ဝါဒ

ရှေးသရောအခါက တိုင်းပြည်တစ်ပြည်တွင် ဘုရင်တစ်ပါး အုပ်ချုပ်ခဲ့သည်၊ ၎င်းဘုရင်တွင် ညာမျက်စိ၊ ညာလက်၊ ညာခြေထောက် မရှိချေ၊ တစ်နေ့သော် ပန်းချီဆရာတစ်ဦးကို ခေါ်ကာ မိမိ၏ ရုပ်ပုံကို ရေးဆွဲရန် အမိန့်ပေးသည်၊ ပန်းချီဆရာက မျက်လုံးနှစ်ဖက်၊ လက်နှစ်ဖက်၊ ခြေထောက်နှစ်ဖက်ပါအောင် ဆွဲလိုက်သည်၊







ဘုရင်က ပန်းချီဆရာကို ကွပ်မျက်ရန် အမိန့်ပေးလိုက်သည်။ သို့ဖြင့် စိတ်ကူးယဉ်ဝါဒ (Romanticism) ကုန်ဆုံးသွားသည်။

နောက် ပန်းချီဆရာတစ်ယောက်ကို ဝန်ကြီးများ ခေါ်လာကြသည်၊ ထိုပန်းချီဆရာက မျက်လုံးတစ်လုံး၊ လက်တစ်ဖက်၊ ခြေထောက်တစ်ဖက်ပဲပါသည့် ဘုရင့်ပုံကို ဆွဲသည်၊ ၎င်းကိုလည်း ကွပ်မျက်လိုက်သည်၊ သို့ဖြင့် ဝေဖန်သော သရုပ်မှန်ဝါဒ (Critical Realism) တိမ်ကော ပျောက်သွားသည်။

တတိယပန်းချီဆရာတစ်ယောက်ကို ခေါ်လာပြန်သည်၊ ထို ပန်းချီဆရာက ဘုရင်ကို လက်ဝဲဘက်မှနေ၍ ဘေးတစောင်းတိုက်ပုံ ရေးဆွဲသည်။ ထိုအခါမှစ၍ ဆိုရှယ်လစ် သရုပ်မှန်ဝါဒ (Socialist Realism) ပေါ်ပေါက်လာသည်။

## ၃။ ဖတ်ထားမှပေါ့

မိန်းမက ယောက်ျားကို အပြစ်တင်သံဖြင့် ပြောသည်။

"ရှင့်ဥစ္စာက ဘယ်လိုလဲ၊ ရုံးက ပြန်လာတယ်၊ ညစာ စားတယ်၊ ပြီးရင် အိပ်ရာဝင်ဖို့ပဲ ရှင် ကျွန်မကို အမိန့်ပေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အနုပညာအကြောင်း၊ စာပေအကြောင်းလေး ဆွေးနွေးပါဦး တော့လား"

နောက်တစ်နေ့ ယောက်ျားဖြစ်သူ ရုံးက ပြန်လာသည်၊ ညစာ စားသည်၊ ထို့နောက် မိန်းမကို မေးသည်။

"မိန်းမရေ၊ မင်း မောင်ကောင်းထိုက်ကို ဖတ်ဖူးလား"

"ဟင့်အင်း"

"အဲဒါဆို လာကွာ၊ အိပ်ရာထဲ သွားကြရအောင်"

## ၄။ ဘယ်သူလာလို့ ထွေးပါ့မယ်

မနက်စောစောတွင် နှိုးစက်နာရီ မြည်လာသည်၊ ယောက်ျားဖြစ်သူသည် အိပ်ရာမှ မထချင် ထချင်နှင့် ထကာ အမဲလိုက်ထွက်ရန် ပြင်သည်၊ မိန်းမက ၎င်းအား မသွားရန် ပြောသည်။

"ဒီလောက်အစောကြီး ရှင် ဘာဖြစ်လို့ သွားမှာလဲ၊ လမ်းမှာ ပိန်းပိတ်အောင် မှောင်နေတုန်း၊ ချမ်းကလည်း ချမ်းပါဘိသနဲ့၊ လေကလည်း တိုက်နေသေးတယ်၊ မသွားပါနဲ့ရှင်"

မိန်းမက မည်သို့ပင်တားသော်လည်း ယောက်ျားဖြစ်သူ နားမထောင်ဘဲ လမ်းပြင်ထွက်သည်၊ မိမိအား ဝင်ခေါ်မည့် မိတ်ဆွေများကို စောင့်သည်၊ တစ်နာရီကြာသွားသည်၊ မည်သူမှ ပေါ်မလာချေ၊ ခိုက်ခိုက်တုန် ချမ်းလာသည်နှင့် အိမ်ပြန်ရန် ဆုံးဖြတ်လိုက်







သည်၊ အိမ်ထဲဝင်ပြီး အဝတ်အစားများကို ချွတ်လိုက်သည်၊ ထို့နောက် မိန်းမ၏အနားကပ်ပြီး စောင်အောက်ကို လျှိုဝင်လိုက်သည်၊ ပါးစပ်မှလည်း ပြောသည်။

"အောင်မယ်လေးလေး၊ ချမ်းလိုက်တာ"

မိန်းမက သဲ့သဲ့တုသံဖြင့် ပြောသည်။

"ဟုတ်ပါ့၊ ဒီကြားထဲ အိမ်က ဘဲနာကြီး အမဲလိုက်ဆိုပြီး ထွက်သွားလေရဲ့"

## ၅။ မုဆိုးလည်း ကြောက်တတ်တာပဲ

စကားဝိုင်းတွင် မုဆိုးကြီး ဦးဖြိုးက မိမိ၏ အတွေ့အကြုံတစ်ခုအကြောင်းကို ပြောပြနေသည်။

"တလောက ကျွန်တော် အကြောက်လွန်ပြီး ကံကောင်းလို့ မသေတယ်၊ ခင်ဗျားတို့ပဲ စဉ်းစားကြည့်၊ တောလမ်းအတိုင်း လျှောက်လာရာမှာ ဖြန်းခနဲဆို မြွေတစ်ကောင်ကို ခြေတစ်လှမ်းအကွာမှာ မြင်လိုက်ရတယ်၊ တက်သားနှင်းမိရင်တော့လား"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ထဲမှ အမျိုးသမီးကြီးတစ်ယောက်က စိတ်လှုပ်ရှားသံဖြင့် မေးသည်။

"ဘာလဲ တက်မနင်းမိဘူးလား"

"ဟင့်အင်း၊ မနင်းမိခင်ကလေး ထပ်ကြည့်ချိန်ရလိုက်တယ်၊ လားလား၊ မြွေဘယ်ဟုတ်လို့တုန်း၊ ရှိုးရှိုးတုတ်ချောင်းဖြစ်နေတာကိုး"

ဤတွင် ယောက်ျားတစ်ယောက်က နားမလည်နိုင်ဟန်ဖြင့် မေးသည်။

"အဲဒါဆို ခင်ဗျား ဘာဖြစ်လို့ ကြောက်ရတာလဲဗျ"

"မြွေကိုသတ်ဖို့ဆိုပြီး ကောက်ကိုင်လိုက်တဲ့ တုတ်ချောင်းက တကယ့်မြွေ ဖြစ်နေတာကိုးဗျ"

## ၆။ အခြေအနေပြောင်းသွားလို့

"ခင်ဗျား ဆင်တွေကို လိုက်ဖမ်းနေတာ ကြာပြီလား"

"မကြာသေးပါဘူး၊ ဒီကိုလာတုန်းက ငှက်တွေကို ဖမ်းဖို့ လာတာပဲ၊ ဒါပေမယ့် မျက်မှန် ကျပျောက်သွားတယ်"

## ၇။ ဒေါသရှေ့တားရင် မှားမှာပေါ့

သုံးထပ်တိုက်ပေါ်မှ ရေခဲသေတ္တာကို ပစ်ချလိုက်သောကြောင့် လမ်းသွားလမ်းလာတစ်ဦး ခြေထောက်ကို ထိခိုက်သွားရာ ပစ်ချသူ







ကို ရုံးတင် စစ်ဆေးသည်။

တရားသူကြီးက ပြောသည်။

"တရားခံမောင်မြ၊ ဖြစ်ပျက်ပုံ အလုံးစုံကို ရုံးတော်ကို အစီရင်ခံပါ"

"ဟုတ်ကဲ့၊ နယ်ကို ခရီးထွက်နေရာက မနက်စောစော ရထားနဲ့ အိမ်ကို ပြန်ရောက်လာတယ်၊ အိမ်ခန်းထဲလည်း ဝင်ရော ကျွန်တော့်ကို မြင်တာနဲ့ မိန်းမရဲ့ မျက်နှာဟာ သွေးဆုတ်သလိုဖြစ်ပြီး ဖြူဖပ်ဖြူရော် ဖြစ်သွားတယ်၊ ချက်ချင်း ကျွန်တော် သိလိုက်တယ်၊ ဒီကောင်မ ကျွန်တော့်ကို သစ္စာဖောက်ပြီလို့၊ ဒါနဲ့ 'ဒီကောင်ဘယ်မှာလဲ' လို့ သူ့ကို ကျွန်တော် အော်ပြီး မေးတယ်၊ သူ ဘာမှ မဖြေဘူး၊ ကြည့်လိုက်တော့ နောက်ဖေး မလှမ်းပေါက်တံခါး ပွင့်နေတာကို တွေ့လိုက်ရတယ်၊ ပြတင်းပေါက်ဘက် ပြေးပြီး အောက်ကို ငုံ့ကြည့်လိုက်တယ်၊ လားလား၊ ငနဲသားက ဘောင်းဘီတိုလေးဝတ်ပြီး ပြတင်းပေါက်အောက် ပြေးလာတာကိုး၊ ဒါနဲ့ ရေခဲသေတ္တာကို မပြီး ဒီငနဲရဲ့ ခေါင်းပေါ်တည့်တည့်ချိန်ပြီး ပစ်ချလိုက်တယ်၊ ဒီကောင် ကံကောင်းချင်တော့ လွဲသွားတယ်၊ သူ့ခြေထောက်ကိုပဲ ထိသွားတယ်"

"ကောင်းပြီ၊ တရားလို ကိုဘမောင်၊ ခင်ဗျားပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျွန်တော်ဟာ နံနက်ခင်းတိုင်း ရုံးမသွားခင်မှာ ကျန်းမာရေးအတွက် တစ်မိုင်ခရီးကို အသွားအပြန် ပြေးလေ့ရှိပါတယ်၊ အဲဒီနေ့က ပြေးနေကျ လမ်းအတိုင်း ပြေးလာရာမှာ မမျှော်လင့်ဘဲ ကျွန်တော့်အပေါ် ရေခဲသေတ္တာ ကျလာတာကို တွေ့လိုက်ရတယ်၊ ကျွန်တော် အရှောင်ကောင်းလို့ အသက်ဘေးက သီသီလေး လွတ်သွားပါတယ်"

"ကောင်းပြီ၊ သက်သေရဲ့ ထွက်ချက်ကို နားထောင်ကြရအောင်"

သက်သေကို ရဲသားများ နှစ်ဘက်နှစ်ချက်မှ တွဲပြီး ရုံးတော်သို့ ခေါ်လာသည်၊ သက်သေ၏ လက်နှစ်ဖက်နှင့် ခြေထောက်နှစ်ဖက် စလုံးကို ကျောက်ပတ်တီးစီးထားသည်၊ သက်သေက စတင် ထွက်ဆိုသည်။

"ကျွန်တော် ရေခဲသေတ္တာထဲမှာ ကုတ်ကုတ်ကလေး ထိုင်နေတယ်"

## ၈။ အဖေကို အားမကိုးနဲ့

အဖေဖြစ်သူ နယ်သို့ ခရီးထွက်နေသည်၊ အမေဖြစ်သူ ညဉ့်နက်မှ ရုံးမှ ပြန်ရောက်လာသည်၊ တစ်ကိုယ်လုံး အဝတ်အစား သစ်သစ်လွင်လွင်နှင့် ဖြစ်သည်၊ ကလေးများက ဝမ်းသာအားရ ဆီးကြိုပြောကြသည်။

"မေမေ ဒီနေ့ တယ်လှပါလား၊ ဂါဝန်က အကောင်းစားပါလား၊ နားကပ်ကလည်း အပုံစား၊ ဘာလဲ၊ ဖေဖေ ဝယ်ပေးတာလားဟင်"



ကိုယ်လုံးပေါ်မှန်ရှေ့တွင် မိမိကိုယ်ကို အရသာခံ ကြည့်နေရင်းက အမေက ပြန်ပြောသည်။

"မင်းတို့အဖေ ဝယ်ပေးတယ် ဟုတ်လား၊ အဟင်းဟင်း၊ အဖေကို အားကိုးရင် မင်းတို့တောင် လူ့ပြည်ထဲ ရောက်မလာဘူး"

## ၉။ ကြောက်တယ်ဆို

"ကိုမှိုင်းဒင်း၊ ရှင့်ကို ကျွန်မ ကြောက်တယ်ရှင့်"

"ဘာဖြစ်လို့လဲ"

"ရှင် ကျွန်မကို အမွှေကျင့်မှာမို့လို့ပေါ့"

"မဟုတ်တာ၊ ခင်ဗျားက ငါးထမ်းတိုက်ပေါ်မှာ ကျွန်တော်က လမ်းပေါ်မှာ ရှိနေတဲ့ဥစ္စာ"

"ကျွန်မ ဆင်းလာမယ်လေ"





www.burmeseclassic.com

www.burmeseclassic.com


## ၁၀။ ယောက်ျား

ညအချိန်တွင် မိန်းမက ယောက်ျားကို နှိုးသည်။

"ကျွန်မ ချမ်းတယ်ရှင့်"

ယောက်ျား အိပ်ရာမှထပြီး နောက်ထပ် စောင်တစ်ထည် ယူလာသည်။ အချိန်အနည်းငယ် ကြာသွားသည်။

"ကျွန်မ အိုက်တယ်ရှင့်"

ယောက်ျား အိပ်ရာမှထပြီး ပြတင်းပေါက်ကို သွားဖွင့်သည်။ အချိန်အနည်းငယ် ထပ်ကြာသွားသည်။

"ကျွန်မ ယောက်ျားလိုချင်တယ်ရှင့်"

"ကတ်သီးကတ်သတ်ကွာ၊ ညနှစ်နာရီအချိန်မှာ မင်းကို ငါ ဘယ်လိုလုပ်ပြီး ယောက်ျား ရှာပေးနိုင်မှာလဲကွ၊ ဟော"

## ၁၁။ ဘဝတူ

ပီတာလေးသည် လမ်းဘေးတွင် ထိုင်ကာ ရှိုက်ကြီးတငင် ငိုနေသည်၊ ဖြတ်သွားသော အဘိုးကြီးတစ်ဦးက အကြောင်းရင်းကို မေးသည်။

"ကျွန်တော့်ထက် အသက်ကြီးတဲ့လူငယ်တွေ၊ လူကြီးတွေ လုပ်နိုင်တဲ့ အရာကို ကျွန်တော် မလုပ်နိုင်လို့"

အဘိုးကြီး ပီတာလေးဘေးတွင် ကပ်ထိုင်လိုက်သည်၊ ထို့နောက် ကလေးနှင့်အတူ လိုက်ငိုလေသည်။



## ၁၂။ မှားကုန်ပြီ



မီလျံနာသူဌေးကြီး၏ အိမ်တွင် တယ်လီဖုန်း မြည်လာသည်၊ စားဖိုမှူးက တယ်လီဖုန်းကို ကောက်ကိုင်သည်။

"သူဌေးမင်းလား ခင်ဗျာ"

"ဟေ့၊ အခု ငါ ကလပ်ကနေ ဖုန်းဆက် နေတာ၊ ငါ အိမ်ပြန်နောက်ကျမယ်လို့ ငါ့မိန်းမကို ပြောလိုက် စမ်းပါ"

"သူ အိပ်ခန်းထဲ ဝင်သွားတာ ကြာပါပြီ၊ အိပ်ပျော်နေပြီလို့ ထင်ပါတယ် ခင်ဗျာ"

"ကိစ္စမရှိပါဘူး၊ သွားသာ သွားပြောစမ်းပါ"

တယ်လီဖုန်းခွက်ထဲတွင် စားဖိုမှူး ထွက်သွားသံ၊ ပြန်ရောက်လာသံများ ကြားနေရသည်။

"သူဌေးမင်းခင်ဗျာ၊ သူဌေးမင်း အမိန့်ရှိတဲ့အတိုင်း ကျွန်တော် သွားပြီး အစီရင်ခံပါတယ်၊ အခန်းထဲကနေ သူဌေးမင်းရဲ့ အသံမျိုးနဲ့ 'ထွက်သွား' လို့ ကျွန်တော့်ကို အော်ပါတယ် ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟော၊ ဟုတ်လား၊ အဲဒါဆိုရင် သေနတ်ယူပြီး ငါ မိန်းမနဲ့အတူ အိပ်နေတဲ့ ငနဲကို ပစ်သတ်လိုက်"

တယ်လီဖုန်းခွက်ထဲတွင် သေနတ်ပစ်သံ၊ ပြေးလွှားသံများ ကြားရသည်။

"သူဌေးမင်း ခင်ဗျာ၊ သူဌေးမင်း ပြောတဲ့အတိုင်း ကျွန်တော် လုပ်ပါတယ်၊ ဒါပေမယ့် အဲဒီအမျိုးသားဟာ အိပ်ခန်း ပြတင်းပေါက်ကို ခုန်ကျော်ပြီး အိမ်နားပန်းခြံက တစ်ဆင့် ထွက်ပြေးသွားပါတယ် ခင်ဗျာ"

"ဟော့၊ ငါ့အိမ်နားမှာ ပန်းခြံမရှိဘူး"

"အဲဒါဆို လူကြီးမင်း ဖုန်းမှားဆက်တာ ဖြစ်ပါလိမ့်မယ် ခင်ဗျာ"

## ၁၃။ ယောက်ျားနဲ့တူတဲ့သား

ဆရာဝန်က ဝမ်းသာအားရ ပြောသည်။

"ကြည့်စမ်း၊ ခင်ဗျားကလေးဟာ မွေးကတည်းက ဘာမှ ဒုက္ခမပေးဘူး၊ ညတိုင်များ အိပ်လိုက်တာ တစ်ချက်မှ မလှုပ်ဘူး"

ကလေးအမေက ကလေးကို ကြည်နူးစွာကြည့်ရင်း ပြောသည်။

"အအိပ်ကြီးတာချင်း အင်မတန် တူတာပဲ"

"ဘယ်သူနဲ့လဲ၊ သူ့အဖေနဲ့လား"

"ဟင့်အင်း၊ ကျွန်မရဲ့ ယောက်ျားနဲ့"





## ၁၄။ အမေ့အတွက် စိတ်ပူရပြီ



လေးတန်း ကျောင်းသားလေး မောင်ပီတာသည် တယောသင်ဆရာထံ ရောက်လာကာ မိမိ၏ တယောကို ထည့်ထားသော သေတ္တာလေးကို ဖွင့်လိုက်သည်။ ကျူရှင်ဆရာက ကြည့်ပြီး ပြောသည်။

"မောင်ပီတာ၊ မင်းဥစ္စာက တယောမှ မဟုတ်ဘဲ၊ စက်သေနတ်အသေးစားလေး ဖြစ်နေပါလား"

မောင်ပီတာ ခေါင်းကိုကုတ်လိုက်သည်။

"ဒုက္ခပဲ၊ တကယ့်စက်သေနတ်ကြီးပဲ၊ မေမေ ဒီတယောနဲ့ ဘဏ်မှာ ဘာလုပ်မလဲ မသိဘူး"

## ၁၅။ နိုင်တဲ့လူ ယူကြေး

နယူးယောက်မြို့၏ လမ်းထောင့်တစ်နေရာတွင် ညဥ့်နက်အချိန်၌ လုယက်သူနှစ်ဦးက လမ်းလျှောက်လာသူတစ်ဦးအား ရပ်နိုင်းပြီး ပြောသည်။

"ကျေးဇူးပြုပြီး ကျွန်တော်တို့ကို ဆယ်ပြားစေ့(ဆင့်) တစ်ခုပေးပါ၊ ဒါမှမဟုတ်ရင် ကျွန်တော်တို့ မလွှဲမရှောင်သာ"

www.burmeseclassic.com



"ရပါတယ်၊ ရပါတယ်၊ ရော့ ယူပါ၊ ဒါနဲ့ မောင်ရင်တို့ ဘာဖြစ်လို့ ဆယ်ပြားစေ့ တောင်းတာလဲဟင်၊ စိတ်ဝင်စား စရာမို့ မေးမိတာပါ"

"ဒီလိုပါ၊ ဒီဆယ်ပြားစေ့နဲ့ ကျွန်တော်တို့ မြောက်ပန်း လှန်မယ်၊ နိုင်တဲ့လူက ခင်ဗျားကြီးရဲ့ ပိုက်ဆံအိတ်ကို ရမယ်၊ ကျန်တဲ့လူက ကျန်တာတွေကို ယူမယ်လေ"

## ၁၆။ ပိုယူသင့်တာပေါ့

ယိုင်နဲ့နေသော သွားကို နှုတ်ပစ်ရန်အတွက် အဖေဖြစ်သူက သားငယ်ကို သွားဆရာဝန်ထံ ခေါ်လာသည်၊ သွားကို နှုတ်ပြီးသော အခါ ဆရာဝန်က ဒေါ်လာ–၅၀ တောင်းသည်၊ ကလေး၏ အဖေ က အံ့သြစွာ မေးသည်။

"ကျွန်တော် နားကြားလွဲတာလား၊ ဆရာ စောစောက ပြောတော့ သွားတစ်ချောင်းနှုတ်ခ ဆယ်ဒေါ်လာထဲဆို"

"ဟုတ်ပါတယ်၊ ဒါပေမယ့် သွားနှုတ်နေတဲ့ အချိန် မှာ ခင်ဗျားရဲ့သား ငယ်သံပါအောင် အော်တာကြောင့် စောင့်နေတဲ့ နောက်လူနှာ လေးယောက် ထွက်ပြေးသွား တယ်လေ။





## ၁၇။ သတ်မှတ်နှုန်းပဲယူတယ်



အစ်မဖြစ်သူကို ဖိုးပန်း နေသော လူငယ်ကို ချာတိတ် လေးက ပြောသည်။

"ခင်ဗျား ကျွန်တော့် အစ်မ ချောကလက်စတွတ် ကို တလောက မွေးမွေး ပေးတာ ကျွန်တော် မြင်ခဲ့ ရတယ်"

"ဂျူး တိုးတိုး၊ ရော့ မင်းအတွက် မုန့်ဖိုးငွေကိုးဆယ်"

"လေးဆယ့်ငါးကျပ်ကို ပြန်အမ်းငွေအဖြစ် ပြန်ယူပါ"

"မယူပါဘူးကွာ၊ မင်းပဲ အကုန်သုံးလိုက်ပါ"

"ကျွန်တော် အားလုံးဆီက တစ်နှုန်းတည်းပဲ ယူပါတယ်၊ လေးဆယ့်ငါးကျပ်ထက် ပိုလည်းမပိုဘူး၊ လျော့လည်း မလျော့ဘူး"

## ၈။ ကြွားရောရှူးလို့လား

ခင်မွန်းသည် အလုပ်လုပ်သော ကုမ္ပဏီက နှစ်စဉ် ကျင်းပ သာ ညစာစားပွဲသို့ ခင်မွန်းသည်နှင့်အတူ ဇနီးဖြစ်သူ လိုက်လာသည်၊ ယောက်ျားက မိတ်ဆက်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဆာဘေကာ့၊ ဒါက သူ့ဇနီး၊ ဒါက သူ့တိတ်တိတ်ပုန်းမယား၊ အဲ အခုပုဂ္ဂိုလ်ကတော့ ဆာဂျိမ်းစ်၊ ဒါက သူ့ဇနီး၊ ဒါက သူ့တိတ်တိတ်ပုန်းမယား၊ ဒါကတော့ ဆာဝီလျံ၊ ဒါက သူ့ဇနီး၊ ဒါကတော့ သူ့တိတ်တိတ်ပုန်းမယား၊ အဲဟိုအနားက ဆံပင်အညိုရောင်နဲ့ အမျိုးသမီးက ငါ့တိတ်တိတ်ပုန်း မယား"

"ရှင့်မယားငယ်က ဒီအထဲမှာ အချောဆုံးပဲနော်"

## ၁၉။ အလကားအပြစ်မခံနိုင်ဘူး

စကောတလန်သားနှစ်ယောက် စကားပြောနေကြသည်။

"ဟော့၊ မင်း အခုထိ နောက်မိန်းမ မယူသေးဘူးလား၊ မင်းရဲ့ ပထမဇနီး ကွယ်လွန်သွားတာ ၂–နှစ် ရှိနေပြီပဲ၊ နောက်မိန်းမယူရင် ဘယ်သူမှ ကဲ့ရဲ့မှာ မဟုတ်တော့ပါဘူးကွ"

"ငါသိပါတယ်၊ အောင်သွယ်တွေက ငါ့ကို အမျိုးသမီး တချို့နဲ့ မိတ်ဆက်ပေးပြီးပါပြီ၊ သူတို့အားလုံး အပြစ်ပြောစရာ မရှိပါဘူး၊ ဒါပေမယ့်ကွာ…"

"ဘာလဲ၊ မင်းကြိုက်တာ မတွေ့လို့လား"

"ဒီလိုလဲ မဟုတ်ပါဘူး၊ တစ်ယောက်မှ အဆုတ်နာရောဂါ စွဲကပ်တဲ့သူ မပါဘူး"

"အဆုတ်နာရောဂါ ဟုတ်လား၊ ဘာဆိုင်လို့လဲကွ"

"မဟုတ်ဘူးလေ၊ ငါ့ပထမဇနီးဟာ အဆုတ်နာရောဂါကြောင့် သေသွားတယ် မဟုတ်လား၊ အေး သူသောက်ခဲ့တဲ့ ဆေးတွေ အများကြီး ကျန်နေသေးတယ်ကွ"



## ၂၀။ ဘယ်သူမေးမလဲ

စကော့တလန်သားအချို့ စကားပြောနေကြသည်။

"ငါတို့ စကော့တလန်သားတွေအကြောင်း ဟာသတွေကို ဘယ်သူများ ဖန်တီး ထုတ်လုပ်နေသလဲ မသိဘူး၊ ဒီဟာသတွေကြောင့် ငါတို့ စကော့တလန်သားတွေ ကပ်စေးနဲလှတယ်ဆိုပြီး လူတကာက အထင်သေးကြတယ်၊ လက်သည်တရားခံကို သိရရင် ကောင်းမယ်"

ဤစကားကို အားလုံးက ဝိုင်းဝန်း ထောက်ခံကြသည်၊ သို့သော် လက်သည်ကို မည်သို့ ဖော်ထုတ်ရမည်နည်းနှင့် ပတ်သက်၍ တော်တော်နှင့် မစဉ်းစားနိုင်ဘဲ ရှိသည်၊ နောက်ဆုံးတွင် တစ်ယောက်က ဤသို့ ပြောသည်။

"လန်ဒန်ထုတ် 'တိုင်း' သတင်းစာကို ကြော်ငြာထည့်ပြီး စုံစမ်းကြည့်ရင် မကောင်းဘူးလား"





www.burmeseclassic.com

www.burmeseclassic.com

'ကောင်းသားပဲ' ဟု အားလုံးလိုလို ထောက်ခံကြသည်၊ ဤအချိန်အတွင်းမှာပင် တစ်ယောက်က မေးခွန်းထုတ်လိုက်သည်။

"ကြေးနန်းရိုက်ခ ဘယ်သူပေးမလဲဗျ"

## ၂၁။ မိန်းမကို အလိုမလိုက်နိုင်ဘူး

စကော့တလန်သား ဂျွန်ကို မိတ်ဆွေက မေးသည်။

"ဟေ့လူ၊ ခင်ဗျား မျက်နှာမကောင်းပါလား၊ ဘာများ စိတ်ညစ်စရာရှိနေလို့လဲ"

"မိန်းမက ပိုက်ဆံပေးပါ၊ ပိုက်ဆံပေးပါဆိုပြီး ခဏခဏ ပူဆာနေလို့ဗျာ၊ ခင်ဗျားပဲ စဉ်းစားကြည့်၊ ငွေလေးရာ ပေးပါဆိုပြီး ကျွန်တော့်ဆီက သူတောင်းတာ တစ်ပတ်တောင် မကြာသေးဘူး၊ တမြန်နေ့က လေးရာ ထပ်တောင်းတယ်၊ မနေ့က သုံးရာ၊ ကနေ့မနက်ကျတော့ နှစ်ရာ တောင်းတယ်"

"ဒီပိုက်ဆံတွေကို သူ ဘယ်မှာ သုံးပစ်သလဲဗျ"

"မသိဘူး၊ ကျွန်တော် သူ့ကို တစ်ခါမှမပေးသေးဘူး"

## ၂၂။ ကြာဦးမှာလား

ဆိုဗီယက်ခေါင်းဆောင် ကရုးရှက်က စုပေါင်းလယ်ယာ လုပ်သားတို့ရှေ့တွင် မိန့်ခွန်းခြွေနေသည်။





"ရဲဘော်တို့၊ ကျွန်တော်တို့ရဲ့ ခြေထောက်တစ်ဖက်ဟာ ဆိုရှယ်လစ်စနစ်ပေါ်မှာ အခိုင်အမာ ရပ်နေပြီ၊ နောက် ခြေတစ်ဖက်ကတော့ ကွန်မြူနစ်စနစ်ဆီကို လှမ်းထားပြီ။



ပရိသတ်ထဲမှ အသံတစ်သံ ပေါ်ထွက်လာသည်။

"ဒီလို ခြေခွင်နေတဲ့ အနေအထားနဲ့ ကျွန်တော်တို့ ဘယ်လောက်ကြာကြာ နေရဦးမှာလဲဟင်"

## ၂၃။ ဟာသပြောသမား

ဆိုဗီယက် ကွန်မြူနစ်စနစ်ကို သရော်သော ဟာသများ လျှောက်ပြောနေသူကို ကရုးရှက်၏ အမိန့်ဖြင့် ၎င်း၏ ရုံးခန်းသို့ ခေါ်လာသည်၊ ခေါင်းဆောင်ကြီး၏ ရုံ့ခန်းသို့ ဝင်ဝင်ချင်း ထိုလူက အလွန်အမင်း အံ့သြသံဖြင့် ပြောသည်။

"ဟာ၊ ကြမ်းပေါ်မှာ ခင်းထားတဲ့ ကော်ဇောကြီး တယ်ကောင်းပါလား၊ နံရံပေါ် ချိတ်ထားတဲ့ ပန်းချီကားတွေက

www.burmeseclassic.com

www.burmeseclassic.com



လက်ရာ မြောက်လှချည်လား၊ အို ဒီရွှေငါးကလေးတွေက လည်း ချစ်စရာပါလား၊ အောင်မယ်၊ ဆိုဖာကြီးတွေကလည်း ထိုင်ရတာ တယ်စိမ့်ရှိပါလား"

မစ္စတာကရှုးရှက်က ပြောသည်။

"လာမယ့်ဆယ်နှစ်၊ ဆယ့်ငါးနှစ်အတွင်း ကွန်မြူနစ် စနစ် အောင်မြင်တဲ့အခါမှာ ဆိုဗီယက်နိုင်ငံသားအားလုံး ဒီအတိုင်း နေကြရမယ်ဗျ"

ဤစကားကို ကြားသောအခါ ဟာသသမားက သဘောမတူသံ ဖြင့် ပြန်ပြောသည်။

"စိတ်မရှိပါနဲ့ခင်ဗျာ၊ ဟာသပြောမယ့်သူက အထွေ ထွေ အတွင်းရေးမှူးကြီးလား၊ ကျွန်တော်လားဟင်"

## ၂၄။ အညံ့မခံဘူး

အမေရိကန်တို့ လကမ္ဘာပေါ် ဆင်းသက်လိုက်နိုင်ကြောင်း သတင်းကို ကြားရသောအခါ ဆိုဗီယက်ခေါင်းဆောင် ဘရက်ဇနေ့ဗ် က ဆိုဗီယက်အာကာသယာဉ်မှူးများကို ခေါ်ပြောသည်။

"အမေရိကန်တွေ လကမ္ဘာပေါ် ရောက်သွားပြီ၊ သူတို့ကို ကျော်နိုင်ရအောင် အခု ရဲဘော်တို့ကို နေကမ္ဘာဆီ လွှတ်တင်ဖို့ ပါတီက ဆုံးဖြတ်လိုက်ပြီ"

"ကျွန်တော်တို့ ပေးတဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ဖို့ အဆင်သင့်ပါ၊ ဒါပေမယ့် နေပေါ်ရောက်ရင် ကျွန်တော်တို့အားလုံး အပူလောင်ပြီး သေ ကုန်မှာပေါ့"

"ဘာလဲ ကျုပ်တို့ ခေါင်းဆောင်တွေကို လူ ညံ့တွေ ထင်လို့လား၊ ည အချိန်မှာ လွှတ်မှာပေါ့။



## ၂၅။ ဖွင့်ဆိုချက်

"အရင်းရှင်စနစ်ဆိုတာ ဘာလဲ"

"ချမ်းသာမှုကို မမျှမတ ခွဲဝေပေးခြင်း"

"ဆိုရှယ်လစ်စနစ်ဆိုတာ ဘာလဲ"

"ဆင်းရဲမှုကို မမျှမတ ခွဲဝေပေးခြင်း"

## ၂၆။ သဘာပတိအဖွဲ့ (Presidium)

ဆိုဗီယက်ပြည်ထောင်စု၊ ပြည်သူ့ကိုယ်စားလှယ်များ၏ ကွန်ဂရက် (Congrees of Peoples Deputies)သို့ တက်ရောက်လာ ကြသော ကိုယ်စားလှယ်များ မိမိတို့၏ ယုံကြည်မှုအလိုက် နေရာ ခွဲထိုင်ကြရန် ဆုံးဖြတ်ကြသည်၊ ကွန်မြူနစ်စနစ်ကို ယုံသူများက ခန်းမ၏ လက်ဝဲဘက်နေရာ၊ အရင်းရှင်စနစ်ကို ယုံကြည်သူက





www.burmeseclassic.com

www.burmeseclassic.com

လက်ယာဘက်နေရာတွင် ထိုင်ကြရန် ဖြစ်သည်၊ သို့ဖြင့် ကိုယ်စားလှယ်များ နေရာအသီးသီး ယူကြသည်၊ အမတ်တစ်ဦးသာ ဘယ်ဘက်မှ မထိုင်ဘဲ ဟိုလျှောက် သည်လျှောက် လုပ်နေသည်၊ အစည်းအဝေး သဘာပတိအဖွဲ့ ဥက္ကဋ္ဌက ၎င်းကို မေးသည်။

"ဘယ်လိုလဲ၊ ဘယ်နေရာမှာ ထိုင်ရမယ်ဆိုတာ အခုထိ မဆုံးဖြတ်နိုင်သေးဘူးလားဗျ"

အမတ်အချို့က ဥက္ကဋ္ဌကို ပြောသည်။

"သူက ကွန်မြူနစ်စနစ်ကိုတော့ သဘောကျတယ်၊ ဒါပေမယ့် အရင်းရှင်စနစ်မှာလိုပဲ ကွန်မြူနစ်စနစ်အောက်မှာလည်း ဇိမ်ကျကျ နေလိုတယ်ခင်ဗျ"

"ဟုတ်လား၊ အဲဒါဆို ကျွန်တော်တို့ သဘာပတိအဖွဲ့ဘက်ကို ကြွပါ"

## ၂၇။ ပေါ်တော့မယ်၊ ပြန်ခေါ်ပါ

နိုင်ငံတကာ တင်းမာမှု လျော့ပါးရေး၊ ပြည်သူအချင်းချင်း ချစ်ကြည်ရေး၊ အပြန်အလှန် နားလည်မှုရရေးတို့ကို ရှေ့ရှုသောအားဖြင့် မိမိတို့၏ အတွင်းရေးမှူးမများကို အလဲအလှယ်လုပ်ရန် ဆိုဗီယက် ကွန်မြူနစ်ပါတီခေါင်းဆောင် အင်ဒရိုပေါ့နှင့် အမေရိကန် သမ္မတ ရေဂင်တို့ သဘောတူလိုက်ကြသည်။

တစ်ပတ်ကြာသော် အမေရိကန်မသည် သမ္မတရေဂင်ထံ ဖုန်းဆက်ကာ တိုင်ပြော ပြောသည်။







"သမ္မတကြီးရှင့်၊ ကျွန်မ ဒီမှာ အလုပ် မလုပ်နိုင်တော့ဘူး၊ မိနီစကတ်အစား Midi စကတ်(ခြေသစ်နားအထိ ရောက်သောစကတ်)ကိုပဲ ဝတ်ရမယ်၊ လည်ဟိုက် အင်္ကျီအစား လုံလုံခြုံခြုံ အင်္ကျီကို ဝတ်ရမယ်လို့ ကျွန်မကို တစ်ချိန်လုံး အမိန့်ပေးသလို၊ မေတ္တာရပ်ခံသလို ပြောနေကြတယ်ရှင့်၊ ဒီအတိုင်းသာဆိုရင် မကြာခင် ကျွန်မရဲ့ အလှတွေကို ဘယ်သူမှ ဘာမှ မြင်ရတော့မှာ မဟုတ်ဘူးရှင့်"

ရုရှားအတွင်းရေးမှူးမလည်း အင်ဒရိုပေါ့ထံ ဖုန်းဆက်ကာ စိုးရိမ်စကား ပြောသည်။

"ရဲဘော် အင်ဒရိုပေါ့၊ ဒီမှာ ဆက်ပြီး အလုပ်လုပ်ဖို့ မလွယ်တော့ဘူး၊ စကတ်ကို တိုသထက်တိုအောင် ဝတ်ပါ၊ လည်ဟိုက်အင်္ကျီကိုလည်း သည့်ထက်ပိုပြီး ကျယ်ကျယ်လေး ချုပ်ဝတ်ပါလို့ သူတို့ တစ်ချိန်လုံး ပြောနေတယ်၊ ဒီအတိုင်းသာဆို မကြာခင် ခြောက်လုံးပြူးကိုရော၊ ကျွန်မ အင်း... ကျွန်တော် ယောက်ျားဖြစ်တယ်ဆိုတာပါ သူတို့ မြင်သွားတော့မယ် ခင်ဗျ"

www.burmeseclassic.com



## ၂၈။ အလုပ်ပေးပါ

"ကျွန်တော် အလုပ်တစ်ခု အမြန်ဆုံးရမှ ဖြစ်မယ်၊ ကျွန်တော့်ဆီမှာ မိန်းမနဲ့ကလေးငါးယောက် ရှိနေတယ်ခင်ဗျာ"

"ခင်ဗျား ဒါအပြင် ဘာလုပ်တတ်သေးသလဲ"

## ၂၉။ ထွက်တော့မယ်

အလုပ်သမားနှစ်ယောက် စကားပြောနေကြသည်။

"ငါတို့စက်ရုံမှူး အလုပ်ပြောင်းတော့မယ် ထင်တယ်"

"မင်း ဘာဖြစ်လို့ ဒီလို ပြောနိုင်သလဲ"

"တစ်နေ့က သူ ငါ့ကို ခေါ်ပြီးပြောတယ်၊ 'ခင်ဗျားနဲ့ ကျွန်တော် အလုပ်တွဲလုပ်လို့ မဖြစ်တော့ဘူး' တဲ့။"

## ၃၀။ ကျော်မလုပ်နဲ့

အီတလီလုပ်ငန်းရှင်သည် မိမိ၏ လက်အောက်ဝန်ထမ်းကို ခေါ်ကာ မေးသည်။

"ခင်ဗျား အလုပ်ခွင်ကိုအလာ မနက်တိုင်း ဘုရားရှိခိုးကျောင်းထဲဝင်ပြီး ခင်ဗျားရဲ့ လစာကို ကျုပ် တိုးပေးဖို့အတွက် ဘုရားရှေ့မှာ ဆုတောင်းတယ်ဆိုတာ အမှန်ပဲလား"

"မှန်ပါတယ် ခင်ဗျာ"

"အဲဒါဆို ခင်ဗျား မှတ်ထားပါ၊ ကျုပ်ကိုကျော်ပြီး အထက်အဖွဲ့အစည်းဆီ ချဉ်းကပ်တာမျိုးကို ကျုပ် အင်မတန်မုန်းတယ်"



## ၃၁။ စောစောကပြောရောပေါ့

"စာရေးကြီး၊ စာရွက်စာတမ်းတွေကို ကောက်သိမ်းပြီး လက်ခံရရှိတဲ့ နေ့စွဲအလိုက် စနစ်တကျ စီပေးပါ"

ခဏကြာသော် စာရေးကြီးက အစီရင်ခံသည်။

"ကျွန်တော် စီပေးပြီးပါပြီ ခင်ဗျာ၊ ဘာဆက်လုပ်ရမလဲ"

"မီးရှို့လိုက်"

## ၃၂။ ဈေးသေးတာပေါ့

အသက် – ၁၀၀ ရှိပြီဖြစ်သော အဘိုးကြီးကို သတင်းထောက်က အင်တာဗျူးလုပ်သည်၊ အင်တာဗျူးအပြီးတွင် သတင်းထောက်က ပြောသည်။





www.burmeseclassic.com

www.burmeseclassic.com

“အဘိုးရဲ့ ၁၀၁–နှစ်ပြည့် မွေးနေ့မှာလည်း ကျွန်တော်တို့ ပြန်တွေ့ရဦးမယ်လို့ မျှော်လင့်ပါတယ် ခင်ဗျာ”

“တွေ့ကြတာပေါ့၊ မောင်ရင်လေးကို ကြည့်ရတာ အတော် ကျန်းမာနေသေးတဲ့ပုံ ပေါက်နေတာပဲ”

## ၃၃။ ရိုးရိုးသားသား

“လူကြီးမင်းခင်ဗျာ၊ လူကြီးမင်းရဲ့ ကုမ္ပဏီက ငွေကိုင်စာရေးဟာ လူကြီးမင်းရဲ့ သမီးကိုရော၊ ငွေတွေကိုပါ ယူပြီး ထွက်ပြေးသွားတယ်ဆိုတာ အမှန်ပဲလား”

“စိတ်မချမ်းသာစရာ သတင်းပေမယ့် ဒီသတင်း မှန်တယ်လို့ပဲ ပြောရမယ်ဗျာ၊ ဒါပေမယ့် ဒီကောင် စာတိုလေး တစ်စောင်တော့ ရေးထားခဲ့တယ်၊ အားလုံးကို သူ ရိုးရိုးသားသား ပြန်ပေးဖို့ပါမယ်တဲ့၊ သမီးကိုတော့ သူ ပြန်ပို့လိုက်ပြီ”

## ၃၄။ ရိုးသားမှုကြိုက်တယ်

ကုမ္ပဏီပိုင်ရှင်က အလုပ် လာလျှောက်သော လူငယ်ကို ပြောနေသည်။

“ဝန်ထမ်းတစ်ယောက်မှာ ရှိအပ်တဲ့ အရည်အချင်းတွေ အနက် သပ်ရပ်သေချာမှုကို အန်ကယ်တို့ အလေးအနက် အထားဆုံးပဲ၊ ဒါနဲ့ အခု မောင်ရင် အန်ကယ့်အခန်းထဲကို ဝင်





အလာမှာ ခြေသုတ်ဖုံမှာ ခြေသုတ်ခဲ့ရဲ့လား”

“သေသေချာချာ သုတ်ခဲ့ပါတယ် ခင်ဗျာ”

“အေး၊ သည့်ထက် အန်ကယ်တို့ ပိုပြီး တန်ဖိုးထားတဲ့ အရည်အချင်းကတော့ ရိုးသားမှုပဲ၊ အဲ၊ အန်ကယ့်အခန်းရှေ့မှာ ခြေသုတ်ဖုံ မရှိဘူးကွယ့်”



## ၃၅။ တိုးလျှိုပေါက်

နိုင်ငံတော် အိမ်ယာစီမံကိန်းအရ ဆောက်လုပ်ပြီးစီးသွားသော အခန်းပေါင်း ၂၃၁–ခန်းပါရှိသည့် လူနေတိုက်ကြီးကို ကော်မရှင်အဖွဲ့က စစ်ဆေးနေသည်၊ အခန်းနံရံတို့၏ အထူအပါးကို အသံဖြင့် စစ်ဆေးရန် ဆုံးဖြတ်လိုက်ကြသည်၊ သို့ဖြင့် အိမ်ခန်းတစ်ခုစီသို့ အဖွဲ့ဝင်နှစ်ဦး ဝင်သွားကြသည်၊ မိမိဝင်သွားသော အခန်းမှနေ၍ တစ်ယောက်က အော်ပြောသည်။

“ဦးသံချောင်း၊ ခင်ဗျား ကျွန်တော့်အသံကို ကြားရရဲ့လား”



www.burmeseclassic.com

www.burmeseclassic.com

"ဦးဘမောင်၊ ခင်ဗျား အော်မနေနဲ့၊ ခင်ဗျားကို ကျွန်တော် မြင်နေရတယ်"

## ၃၆။ နံပါတ်ပြောင်းပြန်

အပျော်စီးလှေများ ငှားရမ်းသော စခန်းတွင် ဖြစ်သည်၊ ကယ်ဆယ်ရေး လုပ်သားက မိုက်ကရိုဖုန်းမှတစ်ဆင့် အော်နေသည်။

"လှေနံပါတ် 99၊ ကမ်းဘက်ကို ပြန်လှော်ခဲ့ပါ၊ ခင်ဗျားရဲ့အချိန် ကုန်သွားပါပြီ"

အချိန်အနည်းငယ် ကြာသွားသည်၊ လှေ ကမ်းဘက် ပြန်မကပ်လာချေ။

"လှေနံပါတ် 99၊ အမြန်ဆုံး ကမ်းပြန်ကပ်ပါ၊ ဒါမှမဟုတ်ရင် ခင်ဗျားဆီက အချိန်ပို‌ခ ထပ်တောင်းရပါလိမ့်မယ်"

ကယ်ဆယ်ရေးသမား၏ အကူချာတိတ်က သူ့ဆရာကို ပြောသည်။

"ကျွန်တော်တို့စခန်းမှာ လှေ ၇၅–စီးပဲ ရှိတယ်၊ ဘယ်က နံပါတ် ကိုးဆယ့်ကိုး ရောက်လာတာလဲ"

ကယ်ဆယ်ရေးသမား ခေတ္တမျှ မင်သက်မိသလို ဖြစ်သွားသည်။ ထို့နောက် ရေထဲ ပြေးဆင်းသည်၊ ပါးစပ်မှလည်း အော်သည်။

"လှေနံပါတ် 66၊ ခင်ဗျား တစ်ခုခု ပြဿနာပေါ် နေသလား"





## ၃၇။ ချမ်းသာလာပုံအကြောင်း



အမေရိကန် သန်းကြွယ်သူဋ္ဌေးက ပြောပြနေသည်။

"ကျွန်တော်နဲ့ ကျွန်တော့်ဇနီးတို့ အမေရိကားကို ရောက်လာခါစက ကျွန်တော်တို့ဆီမှာ ပိုက်ဆံ ၂–ပြား(ဆင့်)ပဲ ရှိခဲ့တယ်၊ ဒါနဲ့ ညစ်ပတ်ပေရေနေတဲ့ ပန်းသီးနှစ်လုံးကို ဝယ်လိုက်တယ်၊ ရေနဲ့ သေသေချာချာ ဆေးပြီး ၄–ပြား(ဆင့်)နဲ့ ပြန်ရောင်းတယ်၊ ရတဲ့ပိုက်ဆံနဲ့ နောက်ထပ် ပန်းသီး ၄–လုံး ဝယ်ပြီး ၈–ပြား(ဆင့်)နဲ့ ပြန်ရောင်းတယ်"

"အဲဒီနောက်ကော"

"အဲဒီနောက် ကျွန်တော့်အဘွား သေတယ်၊ ကျွန်တော် အမွေ ဒေါ်လာ ၂–သန်း ရလိုက်တယ်"

## ၃၈။ သင့်သလိုပေးပါ

ဘဏ်သူဋ္ဌေးတစ်ဦး၏ မီးခံသေတ္တာကို ဖွင့်မရသဖြင့် သူဋ္ဌေးက မိတ်ဆွေဖြစ်သူ သောင်းပိုင်ကြီးကို အကူအညီတောင်းရာ ၎င်းက

www.burmeseclassic.com



မီးခံသေတ္တာများကို ဖွင့်ရာတွင် ပြိုင်စံရှားသူဟု နာမည်ကြီးသည့် ထောင်ကျတစ်ယောက်ကို အစောင့်ရဲသားနှင့်အတူ လွှတ်ပေးလိုက်သည်။ ထောင်ကျက သူဌေးကြီး၏ မီးခံသေတ္တာကို မိနစ်အနည်းငယ်အတွင်း ဖွင့်ပေးလိုက်သည်၊ သူဌေးက ထောင်ကျကို ပြောသည်။

"ခင်ဗျားကို ကျွန်တော် ကျေးဇူးဘယ်လောက်ဆပ်ရမလဲဗျာ"

"အင်း၊ ပြောရမှာတောင် ခပ်ခက်ခက်ပဲ၊ ထောင်မကျခင်တုန်းကတော့ ဒီလိုပဲ ဖွင့်လိုက်တဲ့အတွက် ကျွန်တော် ဒေါ်လာ ၂-သိန်း ရခဲ့တယ်"

## ၃၉။ ပြောကြတာပဲ

"ဟဲလို၊ ----ဌာနကပါလား၊ ညွှန်ချုပ်နဲ့ စကားပြောပါရစေရှင်"

"ညွှန်ချုပ် မအားပါဘူးခင်ဗျာ"

"အခုဆက်တာ သူ့ဇနီးလို့ ပြောပါရှင့်"

"အင်း၊ အားလုံး ဒီလိုပဲ ပြောကြတာပါပဲခင်ဗျ"

## ၄၀။ ပြောင်းတော့မှာလား

"ကိုင်း၊ ဒီတစ်ခါ နောက်ဆုံးအကြိမ် မေးမယ်၊ ခင်ဗျား ဘာဖြစ်လို့ ရုံးတက်နောက်ကျရတာလဲ"



"ဘာလဲ၊ ဆရာ အလုပ်ပြောင်းတော့မလို့လားဟင်"



## ၄၁။ နှမြောလို့

အလုပ်ကြပ်က မီးထိုးသမားကို ပြောသည်။

"ဘာဖြစ်လို့ အရက်သောက်ရတာလဲ"

"ကျွန်တော် မသောက်ပါဘူး၊ အရက်ကို ငုံထားရင် သွားကိုက် သက်သာတယ်၊ ဒါကြောင့် သွားကိုက်တိုင်း ကျွန်တော် ဗော်ဒ်ကာကို ငုံတယ်၊ ခဏလောက် ပါးစပ်ထဲ ငုံထားပြီး နောက် မျိုချလိုက်တာပါပဲ"

"ထွေးပစ်လိုက်ပါလား"

"ဟာ၊ ဗော်ဒ်ကာဈေးက ကြီးပါဘိသနဲ့၊ နှမြောစရာကြီး"

## ၄၂။ မေ့ထားပြန်ပြီ

ဆင်တစ်ကောင်ကို တိရစ္ဆာန်ကုဆရာဝန်နှစ်ယောက် ခွဲစိတ်ကြသည်၊ ခွဲစိတ်ပြီးစီးသောအခါ တစ်ယောက်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါတော့ ဘာခွဲစိတ်ပစ္စည်းမှ အထဲမှာ မေ့မကျန်ခဲ့ဘူး ထင်တယ်၊ ဒါနဲ့ ကျွန်တော်တို့ရဲ့ သူနာပြုဆရာမလေး ရောဗျာဟင်"

## ၄၃။ မစိုက်လို့ပေါ့

ဆိုဗီယက် စုပေါင်းလယ်ယာစနစ်ကို လာရောက် လေ့လာသော နိုင်ငံခြားသားက မေးသည်။

"မိတ်ဆွေတို့ဆီမှာ ခရမ်းချဉ်သီး သီးသလား"

"ဟင့်အင်း"

"သခွားသီးကော"

"သခွားလည်း မရှိဘူး"

"စိုက်တဲ့နည်း မမှန်လို့ထင်တယ်"

"စိုက်တဲ့နည်း ဟုတ်လား၊ စိုက်ရင် ပေါက်တာပေါ့ဗျ"

## ၄၄။ ဒီလိုမကျိုးစားနဲ့

အောက်တန်းစားရေး ၀ွန်သည် မိမိ၏ အထက်အရာရှိ ရုံးခန်းထဲ၀င်ကာ စားပွဲပေါ်က မင်အိုးကို အရာရှိ၏ ခေါင်းပေါ် လောင်းချသည်၊ ထို့နောက် စားပွဲပေါ်တက်ကာ ဖိုင်စာအုပ်များ၊ စာရွက်စာတမ်းကို ခြေထောက်ဖြင့် တက်နင်းသည်၊ တိုင်ကပ်နာရီကိုလည်း ဆေးလိပ်ပြာခွက်ဖြင့် ပစ်ပေါက်သည်၊ ဤအချိန်တွင်







၀ွန်၏ လုပ်ဖော်ကိုင်ဖက် ဖြစ်သူ အခန်း၀ဒ္ဓ ပေါ်လာပြီး ပြောသည်။

"၀ွန်ရေ၊ ငါ့ကို ခွင့်လွှတ်ပါကွာ၊ မင်း ဒေါ်လာ တစ်သန်း အမွေရလိုက်တယ်ဆိုတာ တကယ် မဟုတ်ဘူး၊ မင်းကို ငါ နောက်လိုက်တာပါ၊ ငါ့ကို စိတ်မဆိုးနဲ့နော်"

## ၄၅။ နေးကွေးသူ

ဆပ်ကပ်ရုံမန်နေဂျာက အလုပ်လာလျှောက်သူကို မေးသည်။

"ခင်ဗျား အရင်အလုပ်က ဘာကြောင့် ထွက်လိုက်တာလဲ"

"ကျွန်တော် အလုပ်လုပ်တာ နေးကွေးလွန်းတယ်ဆိုပြီး အလုပ်ရှင်က ကျွန်တော့်ကို မကြာခဏ အပြစ်ပြောလို့ပါ"

"ကိစ္စမရှိဘူး၊ ကျွန်တော်တို့ဆီမှာ ခင်ဗျားနဲ့ ကိုယ်မယ့် အလုပ် ရှိတယ်၊ အလုပ်ကတော့ လိပ်တွေကို အစာကျွေးဖို့ပဲ"

နောက်တစ်နေ့ မန်နေဂျာ ရောက်လာသောအခါ လိပ်များထားသည့် လှောင်အိမ်တံခါး ပွင့်နေသည်ကို တွေ့ရသည်၊ လိပ်

www.burmeseclassic.com



တစ်ကောင်မှလည်း မရှိတော့ချေ၊ သို့ဖြင့် မနေ့က ခန့်လိုက်သော အလုပ်သမားအား အကြောင်းရင်းကိုမေးရာ ၎င်းက အောက်ပါအတိုင်းဖြေသည်။

"ကျွန်တော် ဒီမနက် ရောက်လာပြီး အစာကျွေးဖို့အတွက် သံတံခါးကို ဖွင့်လိုက်တယ်။ ဒါပေမယ့် အစာမကျွေးရသေးခင်မှာ သူတို့အားလုံး ထွက်ပြေးကုန်ကြတယ်"

## ၄၆။ ဆရာ့ဆီလာတဲ့ဖုန်း

အုပ်ချုပ်ရေးမှူး၏ အခန်းထဲသို့ ရုံးအကူဝင်လာပြီး ပြောသည်။

"ဆရာ၊ ဆရာ့ဆီ တယ်လီဖုန်းလာတယ်ထင်တယ်"

"ဘာဖြစ်လို့ 'ထင်တယ်'လို့ ပြောရတာလဲကွ"

"ဩော်၊ ကျွန်တော် တယ်လီဖုန်းကို ကောက်ကိုင်လိုက်တော့ တစ်ဖက် 'ဟော့ကောင်စုတ်၊ မင်းလား' ဆိုတဲ့အသံကို ကြားလိုက်ရလို့ပါ။

## ၄၇။ ခံရခက်လိုက်တာ

အခန်းထဲ၌ တယ်လီဖုန်းသံ မြည်လာသည်။ အိမ်ရှင်မက အိပ်ချင်မူးတူးဖြင့် တယ်လီဖုန်းကို ကောက်ကိုင်သည်။

"ဟဲလို"







"ဘယ်နှစ်နာရီ ရှိပြီလဲဆိုတာများ ကျေးဇူးပြုပြီး ပြောပြပါလားခင်ဗျာ"

အိမ်ရှင်မက မကျေမနပ် ပြန်ဖြေသည်။

"မနက်လေးနာရီ ထိုးဖို့ ၁၅-မိနစ်၊ ဒါနဲ့ ရှင်ဘယ်သူလဲ"

"နာရီပြင်ဆရာ"

## ၄၈။ အားကိုးအားထား

"အုပ်ချုပ်ရေးမှူးခင်ဗျာ၊ အိမ်ကို သန့်ရှင်းရေးလုပ်မှာမို့လို့ သူ့ကို ကူပါလို့ မိန်းမက တောင်းပန်တာကြောင့် မနက်ဖြန် ကျွန်တော် ခွင့်တစ်ရက်လောက် ယူပါရစေ"

"ဒီလို အကြောင်းပြချက်မျိုးနဲ့ ခင်ဗျားကို ကျွန်တော် ခွင့်မပေးနိုင်ဘူးဗျာ"

"ကျေးဇူးတင်လိုက်တာခင်ဗျာ၊ ဆရာ့ကို အားကိုးနိုင်တယ်ဆိုတာ ကျွန်တော် အစကတည်းက သိပြီးသား"



www.burmeseclassic.com

www.burmeseclassic.com

## ၄၉။ မဖြစ်နိုင်လွန်းလို့ပါ

ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးရန် ကြံစည်နေသော ဆိုဗီယက်ဝန်ကြီးချုပ် နီကိုလိုင်ရီးဇ်ကော့သည် ပြည်သူ၏ အမြင်ကို လေ့လာမည်ဟူသော ရည်ရွယ်ချက်ဖြင့် စက်ရုံတစ်ခုသို့ ရောက်ရှိလာသည်၊ အလုပ်သမားများကို ၎င်းက မေးသည်။

"ရဲဘော်တို့၊ ဗော့ဒ်ကာတစ်ပုလင်းကို ရူဘယ် နှစ်ဆယ်ဆိုရင် ဝယ်ကြမလား"

"ဝယ်မယ်၊ ဝယ်မယ်"

"ရူဘယ်တစ်ရာဆိုရင်ကော"

"ဝယ်မှာပဲ၊ ဝယ်မှာပဲ"

"ဆိုကြပါစို့၊ တစ်ပုလင်းကို ရူဘယ်တစ်သိန်းငါးသောင်း ဖြစ်သွားမယ်ဆိုရင်ကော"

"ဟာ၊ ဒါတော့ မဖြစ်ဘူး၊ ကျွန်တော်တို့ရတဲ့လခက တစ်သိန်းလေးသောင်းထဲရယ်"

## ၅၀။ အထွတ်အမြင့်

၁၉၉၁-ခုနှစ်နှောက်ပိုင်းတွင် ရုရှားနိုင်ငံ၌ နိုင်ငံရေးပါတီ အမြောက်အမြား ပေါ်ပေါက်လာခဲ့ရာ ပါတီတစ်ခု၏ ဌာနချုပ်သို့ လူတစ်ဦး ရောက်လာပြီး မေးမြန်း စုံစမ်းသည်။







"ကျွန် တော် ဆိုဗီယက်ကွန်မြူနစ်ပါတီဝင်ပါ၊ ခင်ဗျားတို့ပါတီကို ဝင်လို့ရမလား"

"ဝင်လို့ရပါတယ်၊ ဒါပေမယ့် ကွန်မြူနစ်ပါတီကနေ ခင်ဗျား အရင် ထွက်ပေးရမယ်၊ ပါတီကို ပုတ်ခတ်ပြီး ကွန်မြူနစ်အတွေးအခေါ်ဟာ အနာဂတ် အလားအလာ လုံးဝမရှိဘူးလို့ ကြေညာရမယ်။

ပြောသည့်အတိုင်း ထိုလူ ပါတီက ထွက်လိုက်သည်၊ ပါတီကို ရင့်ရင့်သီးသီး ပုတ်ခတ်ကာ ကွန်မြူနစ်အတွေးအခေါ် မကြာမီ ချုတ်ခြုံကျတော့မည်ဟု ကြေညာလိုက်သည်။

"ကောင်းပြီ၊ အခုတစ်ခါ ခင်ဗျားဟာ လူထုအစည်းအဝေးပွဲတစ်ခုမှာ လီနင်ကို ဘိုလ်ရှီဗစ် အကြမ်းဖက်သမားအဖြစ်နဲ့ ရှုတ်ချပေးရမယ်"

ပြောသည့်အတိုင်း ထိုလူ လုပ်လိုက်ပြန်သည်။

"ကိုင်း၊ အခုနောက်ဆုံး ဆိုဗီယက် ကွန်မြူနစ်ပါတီဝင်ဘဝတုန်းက ခင်ဗျားရခဲ့တဲ့ ဘွဲ့ထူး ဂုဏ်ထူးတွေ၊ ဆုတံဆိပ်တွေ၊ အထူးအခွင့်အရေးတွေအားလုံးကို စွန့်လွှတ်ရမယ်"


www.burmeseclassic.com

www.burmeseclassic.com

ဤစကားကို ကြားသောအခါ ပါတီဝင်ရန် လျှောက်ထားသူ၏ နှုတ်မှ မမျှော်လင့်ဘဲ ပေါက်ကွဲသံ ပေါ်ထွက်လာသည်။

"ခင်ဗျားတို့ မိုက်ရိုင်းလှချည်လားဗျဟင်၊ မဝင်ရရင် နေပါစေ၊ ကျုပ် အထွတ်အမြတ်ထားတာကို လာမထိနဲ့၊ သွားမယ်"

## ၅၁။ ဆုံးတာတော့ဆုံးမှာပဲ

ရာဘင်နိုဗစ်ချ်သည် ရဟူဒီတရားဟောဆရာထံ ရောက်လာကာ မေးသည်။

"ဆရာကြီးခင်ဗျာ၊ မကြာခင် ငွေစက္ကူတန်ဖိုးကို လျှော့ချမယ်ဆိုလား၊ လက်ရှိငွေစက္ကူတွေကို တရားမဝင် ကြေညာမယ်ဆိုလား သတင်းစကားတွေ ကြားနေရတယ်၊ စုဆောင်းထားတဲ့ ငွေတွေကို အိမ်မှာထားရမလား၊ ငွေစုဘဏ် မှာ သိမ်းထားရမလား၊ ဒါမှမဟုတ် အိမ်ခြံ ဝယ်လိုက်ရမလား၊ အကြံပေးစေချင်ပါတယ် ခင်ဗျာ"

"မေးခွန်းက သိပ်မခက်ဘူး၊ ဒါပေမယ့် စဉ်းစားဖို့ အချိန်နည်းနည်းပေး"

ဤအချိန်တွင် သတို့သမီးဝတ်စုံကို ဝတ်ထားသော အမျိုး သမီးတစ်ယောက် ကသောကမျော ရောက်လာသည်။

"ဆရာကြီး ကျွန်မကို ခွင့်လွှတ်ပါရှင်၊ ဦးရာဘင်နိုဗစ်ချ် လည်း ခွင့်လွှတ်ပါရှင်၊ ကျွန်မကိစ္စက အရေးတကြီး ဖြစ်နေလို့







ပါ၊ ပြီးတော့ ဘယ်သူမှ လည်း အဖြေမပေးနိုင် ကြဘူး၊ ကိစ္စက ဒီလိုပါ၊ အခုညဟာ ကျွန်မရဲ့ မင်္ဂလာဦးည ဖြစ်ပါတယ်၊ အဲဒါ အိပ်ရာထဲမှာ ကျွန်မ အကျႌဝတ်ပြီး အိပ်ရမ လား၊ အကျႌမပါဘဲ အိပ်ရ မလားဟင်"

"သမီး၊ ဒါဟာ အမှန်တော့ အရေးမကြီးလှဘူးကွယ်၊ သမီး အကျႌဝတ်ပြီးပဲ အိပ်အိပ်၊ အကျႌမပါဘဲ အိပ်အိပ် သမီးဟာ ဒီညမှာ အပျိုစင်ဘဝကို ဆုံးရှုံးရမှာပဲ၊ ဒါနဲ့ ရာဘင်နိုဗစ်ချ်၊ အခု ကျုပ်ပြောတာဟာ ခင်ဗျားမေးတဲ့ မေးခွန်းရဲ့ အဖြေလည်း ဖြစ်တယ်"

## ၅၂။ ကြောက်လို့

အကြိမ် ၂၀-မြောက် ဆိုဗီယက်ကွန်မြူနစ်ပါတီ၏ ညီလာခံ (၁၉၅၆-ခုနှစ်)တွင် အထွေထွေအတွင်းရေးမှူး အင်၊ အက်စ်၊ ကရုရှက်ဖ်က စတာလင်၏ ပုဂ္ဂိုလ်ဆည်းကပ်ကိုးကွယ်မှုဝါဒ (Personality Cult)ကို ပြတ်ပြတ်သားသား ဖွင့်ချဝေဖန်သည်၊ မိန့်ခွန်း ပြီးဆုံးသွား



www.burmeseclassic.com

www.burmeseclassic.com



သော့အခါ တက်ရောက်လာသော ပါတီကိုယ်စားလှယ်များထဲမှ အသံတစ်သံ ပေါ်ထွက်လာသည်။

"ပေါ်လစ်ဗျူရိုအဖွဲ့ဝင်များ ဖြစ်ကြတဲ့ ရဲဘော်တို့ ဘာဖြစ်လို့ ဒီတုန်းက ငြိမ်နေကြသလဲ"

ကရုရှက်က ပြန်မေးသည်။

"အခုပြောတာ ဘယ်သူလဲ"

ခန်းမတစ်ခုလုံး ငြိမ်နေကြသည်။ ကရုရှက်က အသံကို မြှင့်ပြီး ထပ်မေးသည်။

"ခုနကမေးတာ ဘယ်သူလဲ"

အားလုံး တိတ်ဆိတ်နေကြသည်။

"ဆိတ်ဆိတ်နေနေကြတယ်ပေါ့လေ ဟုတ်လား၊ ဒါပဲပေါ့၊ ကျုပ်တို့လည်း အဲဒီတုန်းက အခု ခင်ဗျားတို့လို ပဲပေါ့"

## ၅၃။ တစ်မိထဲရယ်

နေမကောင်းဖြစ်၍ ဆေးရုံသို့ တက်ရောက်ကုသနေရသော ဟော်လန်ပါလီမန်အမတ်ထံ ကြေးနန်းတစ်စောင် ရောက်ရှိလာသည်။ ကြေးနန်းစာမှာ ဤသို့ ဖြစ်သည်။

"လူကြီးမင်း အမြန်ဆုံး ကျန်းမာလာစေရန် ပါလီမန်မှ ဆုတောင်းလိုက်ပါသည်၊ ထောက်ခံမဲ-၁၇၀၊ ကန့်ကွက်မဲ-၁၆၉"



## ၅၄။ လွန်းပျံဒီပလိုမေစီ

(Shuttle Diplomacy)



သတင်းထောက်နှင့် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ဟင်နရီကစ်ဆင်းဂျား တို့ စကားပြောနေကြသည်။

"မစ္စတာကစ်ဆင်းဂျား ခင်ဗျား...၊ လွန်းပျံ ဒီပလိုမေစီကို အစပျိုးသူ အဖြစ်နဲ့ လူကြီးမင်းကို အများက သိထားကြပါတယ်၊ ဒီလွန်းပျံ သံတမန်နည်းရဲ့ သဘောကို ဥပမာပေးပြီး ရှင်းပြစေချင်ပါတယ် ခင်ဗျ"

"လွယ်လွယ်လေးပါ၊ ဆိုကြပါစို့ သန်းကြွယ်သူဌေးကြီး ရော့ခ်ဖဲလားဆီ ကျွန်တော် သွားပြီး 'မစ္စတာရော့ခ်ဖဲလား၊ ခင်ဗျားရဲ့သမီးကို ရုရှားနိုင်ငံ ဆိုက်ဘီးရီးယားဒေသက ရုရှားယောကျ်ားကြီးနဲ့ မပေးစားချင်ဘူးလား' လို့ မေးလိုက်တယ်၊ သူက ပြန်ပြောတယ်"

"တောက်တီးတောက်တဲ့၊ ခင်ဗျားကလည်း ပြောရော့မယ်"

"အဲဒီ ဆိုက်ဘီးရီးယားသားဟာ ဆွစ်ဇာလန်ဘဏ်ရဲ့ ဖောက်သည်ဆိုရင်ကော"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ တစ်မျိုး စဉ်းစားရမှာပေါ့"

"ဒီစကားကို ရထားပြီးရင် နောက်လုပ်ရတာ လွယ်သွားပြီ၊ ကျွန်တော် ဆွစ်ဇာလန်ဘဏ်ကို သွားတယ်၊ 'ဆိုက်ဘီးရီးယားသားကို ခင်ဗျားတို့ဘဏ်ရဲ့ ဖောက်သည်အဖြစ်နဲ့ လက်ခံမလား' လို့ မေးလိုက်တယ်"

"ဒါလာ တစ်သန်း အနည်းဆုံး အပ်တဲ့လူကိုသာ ဖောက်သည်အဖြစ်နဲ့ ကျွန်တော်တို့ လက်ခံတာပဲ၊ မဖြစ်နိုင်ပါဘူး"

"သူဟာ ရော့ခ်ဖဲလားရဲ့ သမက်ဆိုရင်ကော"

"ဟာ၊ ဒါဆို တစ်မျိုး စဉ်းစားရမှာပေါ့"

"အဲဒီနောက်မှာ ကျန်တာတွေအားလုံး အသေးအမွှားဖြစ်သွားပြီ။ ကျွန်တော် ဆိုက်ဘီးရီးယားသား ကိုဗလဆီသွားတယ်၊ 'သာမန်အမေရိကန်အမျိုးသမီးတစ်ယောက်ကို ဇနီးမယားအဖြစ်နဲ့ မယူချင်ဘူးလား' လို့ မေးလိုက်တယ်"

"ဖူး၊ ဘာလုပ်ဖို့လဲ"

"အဲဒီအမျိုးသမီးရဲ့အဖေဟာ ရော့ခ်ဖဲလားသူဌေးကြီးဆိုရင်ကော"

"ဟာ၊ ဒါဆို တစ်မျိုး စဉ်းစားရမှာပေါ့"

"အဲဒီနောက်မှာတော့ အလွယ်တကာ့အလွယ်ဆုံးပဲ ကျန်တော့တယ်၊ ကျွန်တော် ရော့ခ်ဖဲလားရဲ့ သမီးဆီလာပြီး 'ဆွစ်ဇာလန်ဘဏ်ရဲ့ ဖောက်သည်တစ်ယောက်ကို လက်မထပ်ချင်ဘူးလား' လို့ မေးလိုက်တယ်"



"ဖူး၊ ဘာလုပ်ဖို့လဲ"

"အဲဒီလူဟာ တုတ်ခိုင် ထွားကျိုင်းတဲ့ ဆိုက်ဘီးရီးယားသား ရုရှားယောကျ်ားဖြစ်နေရင်ကော"

"ရပ်စ်ပူတင်* တို့အမျိုးပေါ့၊ အဲဒါဆို ကြိုက်ပြီ"



*Rasputin G(၁၈၇၂–၁၉၁၆) ဗေဒင်ဆရာ၊ ဆေးဆရာအဖြစ်နှင့် ရုရှားဇာဘုရင် ဒုတိယမြောက် နီကိုလိုင်အပေါ် အထူးသြဇာညောင်းခဲ့သူ၊ သာမန် ယောကျ်ားထက် 'ထူး' သောကြောင့် 'ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်' အဖြစ် သမိုင်းတွင် အမည်တွင်ရစ်သူ။

## ၅၅။ ကျောခိုင်းစွန့်ခွာ (ခေတ်ပေါ်ရုရှားဟာသ)

"ကွယ်လွန်သူ့အလောင်းကို အခေါင်းထဲ ဘာဖြစ်လို့ ခင်ဗျားတို့ မှောက်လျက်ချရတာလဲ"

"ကွယ်လွန်သူက ဒီမိုကရက[illegible] သူ့ရဲ့ ဆောင်ပုဒ်က အတိုတ်နဲ့ ဆက်စပ်တာမှန်သမျှကို ကျောခိုင်းရမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



## ၅၆။ ပြည်တွင်းဖြစ်ကြက်

မော်စကိုမြို့၏ သား၊ ငါး၊ ကြက်၊ ဝက်များ ရောင်းသော ဆိုင်တွင် ပြည်တွင်းဖြစ်ကြက်နှင့် နိုင်ငံခြားမှ တင်သွင်းသောကြက်တို့ကို ယှဉ်လျက် ချထားသည်၊ နိုင်ငံခြားကြက်က ပြောသည်။

"ငါ့ကိုကြည့်စမ်း၊ ဘယ်လောက်လှသလဲ၊ ပြည့်ပြည့်ဖြိုးဖြိုးနဲ့၊ အမွေးတစ်ပင်မှ မရှိဘူး၊ အဆီတဝင်းဝင်းနဲ့၊ ပလပ်စတစ်နဲ့လည်း စနစ်တကျ ထုပ်ထားသေးတယ်၊ နင့်ကျတော့ အရိုးပေါ် အရေတင်၊ အမွေးအမြှင်တွေကလည်း မစင်၊ ဒီကြားထဲ ဘာနဲ့မှလည်း ထုပ်မထားဘူး"

ဤစကားကို ကြားသောအခါ ပြည်တွင်းဖြစ်ကြက်က အားကျမခံ ပြန်ပြောသည်။

"နင်က သူများသတ်လို့သေတာ၊ ငါက သက်တမ်းစေ့လို့ ရောဂါနဲ့သေတာဟေ့"

## ၅၇။ မမှုပါဘူး

"ပေါ်ဒ်ကာဈေးကို မြှင့်လိုက်တာကြောင့် လုပ်သားပြည်သူတွေအပေါ်မှာ ဘယ်လို လာရောက် ရိုက်ခတ်မှုရှိသလဲ"

အလုပ်သမား – "ဘာမှ မထူးပါဘူး၊ အရင်တုန်းက စက်ရုံက အရက်ပျံကို မသိအောင် ယူပြီး သောက်တယ်၊ အခုလည်း ယူနေတုန်းပဲ"

လယ်သမား – "အရင်က အရက်ကို ကိုယ်တိုင် ချက်တယ်၊ အခုလည်း ဆက်ချက်နေတယ်၊ ဒါကြောင့် ကျွန်တော့်အတွက် ဘာမှ မထူးပါဘူး"



အရာရှိ – "မထူးပါဘူး၊ အရင်က လက်ဆောင်ရတာကို သောက်တယ်၊ အခုလည်း လက်ဆောင်ရနေတာပဲ"

## ၅၈။ ချိုမထွက်လို့

ယောကျ်ားကြီးတစ်ယောက် ဆရာဝန်ထံ လာသည်။

"ဒေါက်တာ၊ ဆိုကြပါစို့၊ ကျွန်တော့်မိန်းမဟာ တခြားလူတစ်ယောက်နဲ့ ဖောက်ပြားနေတယ်၊ ဒါပေမယ့် ကျွန်တော့်ဆီမှာ ချိုပေါက်မလာဘူး၊ ဘာအဓိပ္ပာယ်လဲ ခင်ဗျာ"

"မေးပဲ မေးတတ်ပလေတယ်၊ ဒါက ဟာသသဘောနဲ့ပြောတဲ့ အသုံးအနှုန်းပါဗျ"

"ဟုတ်လား၊ မသိဘူးလေ၊ ကျွန်တော့်ဆီမှာ ဗီတာမင်ဓာတ်တွေ နည်းနေလို့ ချိုမပေါက်တာများလားလို့"

www.burmeseclassic.com



**၅၉။ အာမခံ**

ဝယ်သူက အရောင်းသမကို မေးသည်။

"ဒီပစ္စည်းပေါ်မှာ ၃-လတိတိ အာမခံပေးတယ်လို့ ရေးထားတယ်၊ အဓိပ္ပာယ်က ဘာလဲ"

"အကယ်၍ ပစ္စည်းတစ်ခုခု ချို့ယွင်းသွားရင် ပြင်ပေးမယ့်သူဟာ နောက် ၃-လအကြာမှာ ရောက်လာမယ်ဆိုတဲ့ သဘောပါ"

**၆၀။ မတတ်နိုင်ဘူး**

"ခင်ဗျား လာဘ်ငွေ ၅၀၀-ယူတာ မရှက်ဘူးလား"

"ရှက်တာပေါ့၊ ဒါပေမယ့် ဘယ်တတ်နိုင်မလဲ၊ ပေးသူက ဒီထက်မှ ပိုပြီး မပေးချင်ဘဲ"

**၆၁။ လေလံပွဲ**

"အိမ်မှာ ခင်ဗျားမိန်းမကို မမြင်ပါလား"

"သူ လေလံပွဲ ရောက်နေတယ်"

"ဟုတ်လား၊ ဘယ်လောက် ရမယ်လို့ ခင်ဗျား မျှော်လင့်ထားသလဲ"



**၆၂။ စိတ်ကွဲရောဂါ**

**(Split Personality)**



စိတ်ရောဂါအထူးကု ဆရာဝန်ထံ လူနာ ရောက်လာသည်။

"ဒေါက်တာ၊ ကျွန်တော့်ဆီမှာ စိတ်ကွဲရောဂါ စွဲကပ်နေတယ်ထင်တယ်၊ ကျွန်တော်ဟာ ကျွန်တော် မဟုတ်ဘူး၊ ပြီးတော့ ကျွန်တော်တို့နှစ်ယောက် ရှိနေတယ်လို့ ခံစားရတယ် ခင်ဗျ"

"နေဦး၊ နေဦး၊ ခင်ဗျားပြောတာ ကျွန်တော် ကောင်းကောင်း နားမလည်ဘူး၊ ဖြေးဖြေးလေး ပြန်ပြောပြပါ၊ ဒါပေမယ့် နှစ်ယောက်စလုံး တစ်ပြိုင်တည်း မပြောနဲ့"

**၆၃။ ဘိုးသက်ရှည်**

၁၇၀၀-ခုနှစ်ဖွား အဘိုးကြီးတစ်ဦး ရုရှားတောမြို့တစ်မြို့တွင် အသက်ရှင် နေထိုင်လျက်ရှိကြောင်း ကြားသိရသဖြင့် ပညာရှင်များ ရောက်ရှိလာကာ ၎င်းအား မေတ္တာရပ်ခံသည်။

"အဘိုး၊ ကဗျာဆရာကြီး ပုရှကင် (Pushkin) အကြောင်း ပြောပြစမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com

"မဟာအောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေးကြီး စဖြစ်တော့ ----"

"အဘိုး၊ ဒီအကြောင်း ကျွန်တော်တို့ မသိလိုပါဘူး၊ ပုရှကင်မဟုတ်ရင် လယ်ရ်မွန်းတော့ (Lermontov)အကြောင်း ပြောပြပါ"

"မဟာအောက်တိုဘာ ဆိုရှစ်လစ်တောင်လှန်ရေးကြီး စဖြစ်တော့ -----"

"တော်လှန်ရေးအကြောင်း မပြောပါနဲ့၊ အဘိုးတို့ ခေတ်က အဖိုးသိခဲ့တဲ့ နာမည်ကြီး ပုဂ္ဂိုလ်တစ်ယောက်ယောက် အကြောင်းကို ပြောပြပါ"

"မဟာအောက်တိုဘာ ဆိုရှစ်လစ်တော်လှန်ရေးကြီး စဖြစ်တော့ တိုင်းပြည်ရဲ့ အခြေအနေဟာ ဘာရှတ်ဘရက်နဲ့ အတော်လေး ရှုပ်ထွေးခဲ့တယ်၊ အဲဒီအချိန်မှာ မှတ်ပုံတင် ကတ်ပြားတွေကို အသစ်ထုတ်ပေးတော့ ကျုပ်ရဲ့ မွေးသက္ကရာဇ်ကို ၁၉၀၀ – အစား ၁၇၀၀ – လို့ ဒီကောင်တွေ မှားရေးလိုက်ကြတယ်။ တောက်"

(လယ်ရ်မွန်းတော့ – ၁၈၁၄–ခုနှစ်ဖွား၊ ရုရှားကဗျာဆရာ)

(ပုရှကင် – ၁၇၉၉–ခုနှစ်ဖွား၊ ရုရှားစာရေးဆရာ)





## ၆၄။ အဖေတူကလေး



နာတာရှာသည် ကလေးတွန်းလှည်းကို တွန်းလာသော သူငယ်ချင်းမကို တွေ့သည်နှင့် တွန်းလှည်းသို့ ခေါင်းငုံ့ကြည့်သည်။

"အဖေနဲ့ အတော်တူတဲ့ ကလေးပါလား"

"မှန်လိုက်လေ၊ ယောက်ျားကတော့ သူနဲ့ တူတယ်ချည်းပဲ အတင်းပြောနေတယ် ကွယ်"

## ၆၅။ ဒစ်စကိုတက်

"သား ဒစ်စကိုတက်ဆိုကိုပဲ သွားမနေနဲ့လေ၊ နားပင်း သွားနိုင်တယ်ကွယ့်"

"ဟုတ်ကဲ့မေမေ၊ ကျွန်တော် ထမင်းစားပြီးပြီ"

## ၆၆။ ပေါတိုင်းမကောင်းဘူး

ယောက်ျားများကို မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗော့ဒ်ကာတစ်ပုလင်း ရှဘာယ် ၃၀၀–ဆိုရင် အရက် သောက်ဦးမလား"

"သောက်မယ်"

"၁၀၀၀– ဖြစ်လာရင်ကော"

"သောက်မှာပဲ"

"၂–ရှဘာယ်နဲ့ ၁၂–ကိုပက် ပြန်ဖြစ်သွားရင်ကော"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"အရက်သမားတွေ ဖြစ်ကုန်မှာပေါ့"

## ၆၇။ သောတ္တာပဲစိ

ကိုယ်လုံးကိုယ်ထည် ကြီးမားတုတ်ခိုင်သော အမျိုးသမီးကြီး တစ်ဦးသည် ဖိနပ်ဆိုင်ရှိ ဖိနပ်အားလုံးကို လှန်လှောရှာဖွေသည်၊ မိမိနှင့်တော်မည့် ဖိနပ်တစ်ရံကိုမှ မတွေ့ချေ၊ သို့ဖြင့် အရောင်းသမကို မေးသည်။

"ဒီထက် နံပါတ်ကြီးတာ မရှိတော့ဘူးလား"

"မရှိတော့ပါဘူး၊ နံပါတ် ၄၉–ပြီးရင် ကျွန်မတို့ဆီမှာ သေတ္တာပဲ ရှိပါတော့တယ်"





## ၆၈။ အမြီးတန်း ကံမကောင်းဘူး



လေယာဉ်စီး ခရီးသည်က ဘေးနားက ထိုင်နေသူကို ပြောသည်။

"ကျွန်တော် အမြီတန်း ကံမကောင်းဘူး၊ တစ်ခုခု ဖြစ်တာချည်းပဲ"

ဤအချိန်တွင် လေယာဉ်မယ် ဝင်လာကာ လေယာဉ်သည် ပင်လယ်ထဲသို့ ထိုးကျ လိမ့်မည်ဖြစ်ကြောင်း ကြေညာသည်။

"သွေးရူးသွေးတန်း မဖြစ်ကြပါနဲ့၊ ခရီးသည်အားလုံးကို ငါးမန်းတွေကို ချောက်လှန့်ဖို့အတွက် ဝီစီ (Whistle) တစ်ခုစီ ပေးပါမယ်"

"ကျွန်တော်က ကံကောင်းတဲ့လူ မဟုတ်ဘူး၊ ကြည့်နေပါ၊ အပေါက်မပါတဲ့ဝီစီ ရချင်ရ၊ ဒါမှမဟုတ်ရင် ငါးမန်းဟာ နားပင်းတဲ့အကောင် ဖြစ်ချင်ဖြစ်နေမယ်"

## ၆၉။ ခုမှမြင်ဖူးတယ်

အမွေးအတောင်များကို ခါလျက် ဇနီးဖြစ်သူ ကြက်မထံမှ ထွက်လာသော မြေခွေးကို ဝက်ဝံက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ မြေခွေး၊ ဘာလုပ်တာလဲ"

"တို့ပေါင်းနေတာကြာပြီ၊ အခုတစ်ခါပဲ သူ့ကို မိမွေးတိုင်း ဖမွေးတိုင်း မြင်ရတယ်"

### ၇၀။ စားရဖူးလို့

ဆံပင်ညှပ်နေရင်း မိမိကို ခွေးက ဂရုတစိုက် ကြည့်နေသည်ကို တွေ့သည်နှင့် ဆံပင်ညှပ်နေသူက ဆံပင်ညှပ်သမားကို မေးသည်။

"ဟော့လူ၊ ခင်ဗျားခွေး ဘာကြောင့် ကျွန်တော့်ကို ကြည့်နေရတာလဲဗျ"

"တစ်ခါတလေ ဆံပင်နဲ့အတူ နားရွက်ပါ ကျလာတတ်တယ်ဆိုတာ သူသိလို့ပါ"

### ၇၁။ လေးနက်တဲ့စကား

မိန်းမက ယောကျ်ားကို ပြောသည်။

"ရှင့်ကို ကျွန်မ လေးလေးနက်နက် စကားပြောစရာရှိတယ်"

" 'စ'ထားနှင့်ကွာ၊ ဒါ မကြာခင် ပြန်လာခဲ့မယ်"





### ၇၂။ မပြောတော့မသိဘူးပေါ့



အဖေဖြစ်သူက သမီးကို အော်သည်။

"သမီး ကိုယ်ဝန်ရှိနေတယ်ဆိုတာ အမှန်ပဲလား"

"ဆရာဝန်က ပြောတာပဲ အဖေ"

"ဘယ်သူနဲ့ ရတဲ့ ဗိုက်လဲ"

"ဒါကိုတော့ သူမပြောဘူး အဖေ"

### ၇၃။ အိမ်မှာလိုနေ

ဧည့်သည်ကို အိမ်ရှင်က မေးသည်။

"ကော်ဖီခွက်ထဲမှာ သကြား ဘယ်နှစ်ဇွန်း ထည့်ရမလဲ"

"အိမ်မှာဆိုရင်တော့ တစ်ဇွန်းပါပဲ၊ အဲ သူများအိမ်အလည်သွားရင်တော့ ငါးဇွန်းထည့်တယ်"

"အဲဒါဆို ကိုယ့်အိမ်လို့ပဲ သဘောပိုက်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



## ၇၄။ ကပ်လာစမ်းပါ

"ခင်ဗျားခွေးဟာ သူ့အနားအကပ်ခံသလားဗျ"

"အကပ်ခံတာပေါ့၊ နို့မဟုတ်ရင် ခင်ဗျားကို သူ ဘယ်လိုလုပ်ပြီး ကိုက်နိုင်မှာလဲဗျ"

## ၇၅။ အပြစ်တင်သင့်တာပေါ့

ဘောလုံးပွဲကြည့်စဉ် မိန်းမက ယောက်ျားကို မေးသည်။

"မောင်ရေ၊ ဟိုရှေ့က ပွဲကြည့်သူကို ဘာဖြစ်လို့ သူ့အနားကလူတွေ အပြစ်တင်ရသလဲ"

"ဒိုင်လူကြီးကို သူ ပုလင်းနဲ့ ပစ်လိုက်လို့လေ"

"ဒါပေမယ့် ဒိုင်လူကြီးတိုမှ မထိတာပဲ"

"အဲဒါကြောင့် သူ့ကို ဝိုင်းဆဲကြတာပေါ့ကွ"

## ၇၆။ သတိထားပါ

"မီးသတ်ဌာနကလား"

"ဟုတ်ပါတယ်"

"ကျွန်တော် ဒီနေ့မနက်ပဲ ကျွန်တော့်ခြံထဲမှာ ရှားပါတဲ့ ပန်းမျိုးအသစ်တွေကို ပျိုးလိုက်ပါတယ်"

"ဘယ်မှာ မီးလောင်တာလဲ"







"တချို့ပန်းမျိုးတွေဆိုရင် အင်မတန် ဈေးကြီးပါတယ်"

"ခင်ဗျား ရူးနေသလား၊ ဒါ မီးသတ်ဌာနဗျ၊ ပန်းဆိုင် မဟုတ်ဘူး၊ ကျုပ်တို့ဆီကို မီးလောင်မှ ဆက်ပါ"

"နေပါဦး၊ နေပါဦး၊ ကျွန်တော် ပြောပါရစေဦး၊ ကျွန်တော်က ရက္ခဗေဒပါမောက္ခ ဒေါက်တာမျိုးဆက် ဖြစ်ပါတယ်၊ ကျွန်တော့်အိမ်နီးချင်းရဲ့အိမ် မီးလောင်နေတာပါ၊ အဲဒါ ခင်ဗျားတို့ မီးသတ်ဖို့လာတဲ့အခါ ခင်ဗျားတို့ရဲ့ ရေပိုက်ကြီးတွေနဲ့ ကျွန်တော့်ရဲ့ ပျိုးပင်တွေကို မဖျက်ဆီးပါနဲ့လို့ ကြိုတင် သတိပေးချင်ပါတယ်"

## ၇၇။ ဘာလုပ်ရမလဲ

ခြေအိတ်စက်ရုံပိုင်ရှင်သည် နယ်လှည့်အရောင်းစာရေးအား အောက်ပါအတိုင်း မှာကြားသည်။

"မနက်ဖြန်ကျရင် မနက်စောစောရထားနဲ့ 'မ[illegible]ဆေး' မြို့ကို သွားပါ၊ အဲဒီကို ရောက်ရင် ဟိုတယ်မှာ တည်းပြီး

www.burmeseclassic.com

www.burmeseclassic.com



၁-ရက် အနားယူပါ၊ နံနက်စာစားပြီး ကျန်းမာရေးအတွက် 'မာတဲလ်' ကော့ညက်အရက်တစ်ခွက် သောက်ပါ၊ အဲဒီနောက် တို့ရဲ့ ဖောက်သည်ကြီး မစ္စတာဂိုးလ်မန်းဆီကို သွားပြီး တို့စက်ရုံရဲ့ နောက်ဆုံးပေါ် ခြေအိတ်ပုံစံအမျိုးမျိုးကို ပြပါ၊ သူ့ဆီက အော်ဒါယူပါ၊ အရောင်းအဝယ်စာချုပ် ချုပ်ပြီးတာနဲ့ ငါ့ဆီကို ချက်ချင်း ကြေးနန်းနဲ့ အကြောင်းကြားပါ"

နောက်တစ်နေ့ ညနေပိုင်းတွင် မာဆေးမှ ကြေးနန်းတစ်စောင် ရောက်လာသည်၊ ကြေးနန်းစာမှာ ဤသို့ ဖြစ်သည်။

"မာဆေးတစ်မြို့လုံးမှာ 'မာတဲလ်' ကော့ညက် မရှိဘူး၊ ဘာလုပ်ရမလဲ"

## ၇၈။ ဟာသတန်ခိုး

ဒေါ်ခင်အေးပွင့်က မိမိ၏ သူငယ်ချင်း ဒေါ်မေရီကို ပြောပြနေသည်။

"မနေ့က ရာထူးတိုးတဲ့ အထိမ်းအမှတ်နဲ့ ယောက်ျားက သူ့ရဲ့ မိတ်ဆွေတွေကို ညစာလာစားဖို့ ဖိတ်တယ်၊ ဧည့်သည်တွေအတွက် ကျွန်မ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထားတယ်၊ အားလုံးကပဲ စားလို့ကောင်းတယ်လို့ ချီးကျူးကြတယ်၊ အဲဒီမှာတင် မောင်ကောင်းထိုက်ဆိုတဲ့လူက အင်မတန်ညစ်ပတ်တဲ့ ဟာသတစ်ပုဒ်ကို စ,ပြောတယ်၊ ကျွန်မ စိတ်ဆိုးပြီး သူ့ကို အိမ်ထဲက မောင်းထုတ်လိုက်တယ်"







"ရှင် မောင်းထုတ်တာ မှန်တာပေါ့"

"ကျွန်မလည်း အဲဒီလိုပဲ ထင်ခဲ့တာပဲ၊ ဒါပေမယ့် ဧည့်သည်တွေအားလုံး သူ့နောက်ကို လိုက်ထွက်သွားတယ်"

"ဘယ်ကိုလဲ"

"လမ်းဘက်ကိုပေါ့၊ ဟာသကို ဆုံးအောင် နားထောင်ချင်လို့တဲ့လေ"

## ၇၉။ ကြေးနန်း

မြို့နယ်ကြေးနန်းရုံးသို့ လူငယ်တစ်ယောက် ရောက်လာသည်၊ မေးခွန်း မေးမည်ပြုသည်၊ ကြေးနန်းရုံးစာရေးမက ခဏစောင့်ရန် အမူအရာပြပြီး တစ်စုံတစ်ခုကို ဆက်ရေးသည်၊ ရေးပြီးသောအခါ ခေါင်းကို မော့လိုက်ပြီး လူငယ်ကို မေးသည်။

"ကျွန်မ ဘာလုပ်ပေးရမလဲရှင်"

"ကျွန်တော် ဒီနေ့ ရောက်လာမယ့်အကြောင်းကို ကြေးနန်းစာ ပို့လိုက်တယ်၊ ဒါပေမယ့် ဘူတာမှာ ကျွန်တော့်ကို ဘယ်ဆွေမျိုးမှ လာမကြိုဘူး၊ ကြေးနန်းစာကို သူတို့



www.burmeseclassic.com

www.burmeseclassic.com

မရလို့တဲ့၊ ဘယ်လိုဖြစ်တာလဲ၊ ခင်ဗျားတို့ ကြေးနန်းရုံး အလုပ်လုပ်တာ ညံ့ဖျင်းလှချည့်လား”

“ရှင့်နာမည် ဘယ်လိုခေါ်သလဲ”

“မောင်ကောင်းထိုက်ပါ”

“အတော်ပဲ၊ ရှင့်ကြေးနန်းစာကို ပို့ဖို့ အခုပဲ ကျွန်မ ရေးပြီးတယ်၊ တစ်ခါတည်း ယူသွားနော်”

၈၀။ မလိုဘူး

“ချာတိတ်၊ ဘာဖြစ်လို့ ညဉ့်နက်တဲ့အထိ လမ်းလျှောက် နေတာလဲ၊ အိမ်ပြန်တော့”

“ဘာဖြစ်လို့ ပြန်ရမလဲ၊ ကျွန်တော့်မှာ မိန်းမမှမရှိဘဲ”

၈၁။ စောင့်ပစ်ပါ

“ကျွန်တော့်မိန်းမဟာ ကျွန်တော် တောလိုက်ထွက်မယ်ဆိုတိုင်း အကြောက်တရားက သူ့ကို ဖိစီးလေ့ရှိတယ်၊ ကျွန်တော် ပြင်ဆင်ရုံရှိသေး ‘မလွှတ်ဘူး၊ မသွားရဘူး’ လို့ အရပ်လေးမျက်နှာကြားအောင် အော်တယ်၊ သူ့အသံကြောင့် တောဝက်တွေတောင် အိမ်အနားလာပြီး ငေးကြည့်ကြတယ်၊ ကျွန်တော့်အိမ်ကလည်း တောစပ်မှာ ဆောက်ထားတာကိုး”







“အဲဒါဆို ဘယ်ကို သွားစရာ လိုလဲဗျ၊ ပြတင်းပေါက် ကနေ စောင့်ပြီး ပစ်ပေါ့”

၈၂။ အသံကြားတာနဲ့ သိတယ်

“ခုခေတ် စက်မှု သိပ္ပံပညာဟာ အင်မတန် တိုးတက်တာကလား၊ မနေ့က သတင်းတစ်ခု ဖတ်လိုက်ရတယ်၊ ကြိုးလိုင်းကနေ တစ်ဆင့် အနံ့ကိုပါ ယူဆောင်ပေးသွားတဲ့ တယ်လီဖုန်းကို ဂျပန်တွေ တီထွင်လိုက်ပြီဆိုပဲ”

“ဂျပန်တွေရဲ့ နောက်ဆုံးပေါ် တယ်လီဖုန်း ဘယ်လိုရှိတယ်ဆိုတာတော့ မသိဘူး၊ မနေ့က ရုံးကနေ မိန်းမဆီကို ကျွန်တော် ဖုန်းဆက်တယ်၊ ကျွန်တော့်အသံကြားတယ်ဆိုရင်ပဲ ‘သေချင်းဆိုး၊ ဟိုအရည်တွေ သောက်ထားပြန်ပြီလား’ တဲ့”

၈၃။ မယုံဘူး

(ယခင် ဆိုဗီယက်ခေါင်းဆောင် ဂေါ်ဘာချော့ဖ်သည် မိမိ သွားလေရာသို့ ဇနီးသည် ရာအိစာကို ခေါ်သွားလေ့ရှိသည်၊ ဤ



www.burmeseclassic.com

www.burmeseclassic.com

အချက်နှင့် ပတ်သက်၍ ရုရှားများ ဤသို့ ဟာသလုပ်သည်။)

သစ်ကိုင်းပေါ်တွင် ကျီးကန်းတစ်ကောင် နားနေသည်၊ နှုတ်သီးတွင် ဒိန်ခဲကို ခဲထားသည်၊ ဖြတ်သွားသော ဝံပုလွေက မြင်သဖြင့် ရပ်လိုက်သည်၊ ကျီးကန်းထံမှ ဒိန်ခဲကို မည်သို့ရအောင် ယူရမည်နည်း ဆိုသည်ကို စဉ်းစားသည်။

"ဟေ့ ကျီးကန်း၊ သီချင်းတစ်ပုဒ်လောက် ဆိုပြကွာ"

ကျီးကန်း တုတ်တုတ်မျှ မလှုပ်ချေ။

"ဂေါ်ဘာချော့ဗ် နိုင်ငံခြားကို ခရီးထွက်သွားပြန်တဲ့၊ ဒီသတင်းကို မင်း ကြားပြီးပလား"

ကျီးကန်း မည်သို့မှ မတုန့်ပြန်။

"ဒီအခေါက်မှာ ရာအီစာကို ခေါ်မသွားဘူးဆိုပဲ"

"မယုံဘူး"

ဒိန်ခဲ အောက်သို့ ကျလာသည်။

## ၈၄။ နှစ်ကြီးသမား

"ဘာကြောင့် ထောင်ကျတာလဲ"

"အလုပ်ထဲမှာ ပြတင်းပေါက်မှန်ကို ခွဲမိလို့"

"ဘယ်လောက်ကျသလဲ"

"၁၅-နှစ်"

"ဘယ်မှာ အလုပ်လုပ်ခဲ့တာလဲ"

"ရေငုပ်သင်္ဘောမှာ"





## ၈၅။ ညီအစ်ကို



"ခင်ဗျားမရှိတုန်း ခင်ဗျားနဲ့ တွေ့ချင်လို့ဆိုပြီး လူတစ်ယောက် လာတယ်၊ ဒါပေမယ့် သူ့နာမည်ကို ပြောမသွားဘူး"

"ကျွန်တော့်ညီ ထင်တယ်၊ ဒီကောင် လုံးဝ အသုံးမကျတဲ့အကောင်ဗျ"

"ခင်ဗျားရဲ့ညီ ဖြစ်နိုင်တယ်၊ ခင်ဗျားနဲ့ သိပ်တူတာပဲ"

## ၈၆။ ဘာနားထောင်မလဲ

ဖျားပြီး အိပ်ရာထဲလဲနေသော သူဌေးက မိမိ၏ ရှေ့နေကို သေတမ်းစာ ရေးခိုင်းသည်။

"သေတမ်းစာရဲ့အဆုံးမှာ ကျုပ်ရဲ့အသုဘကို လိုက်ပို့တဲ့အခါ 'သံစုံတီးဝိုင်းပါရမည်' လို့ ထည့်ရေးပေးပါ"

"ဟုတ်ကဲ့၊ ရေးလိုက်ပါပြီ၊ ဒါနဲ့ လူကြီးမင်း ဘာသီချင်း နားထောင်မလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



## ၈၇။ အလုပ်ပြုတ်တော့မယ်

"ကျွန်တော်တို့ ကုမ္ပဏီပိုင်ရှင်ဟာ ကမ္ဘာပေါ်မှာ ယဉ်ကျေးသိမ်မွေ့ဆုံး ပုဂ္ဂိုလ်လို့ ပြောရမယ်ဗျ"

"ဘာဖြစ်လို့ ဒီလို ပြောနိုင်တာလဲ"

"ခင်ဗျားပဲ စဉ်းစားကြည့်၊ တစ်နေ့က သူ ကျွန်တော့်ကို ခေါ်ပြီး ပြောတယ်"

"ခင်ဗျားမရှိရင် အလုပ်ကို ဘယ်လိုလုပ်ရမယ်မှန်းတောင် ကျွန်တော် မသိဘူးဗျာ၊ ဒါပေမယ့် လာမယ့်နှစ်ဆန်းကစပြီး ကျွန်တော် ကြိုးစားကြည့်မယ်တဲ့"

## ၈၈။ အင်အားလျှော့မယ်

"ကျုပ်တို့ရဲ့ ညွှန်ချုပ်က ရုံးရဲ့ ဝန်ထမ်းအင်အားကို လျှော့ချဖို့ လုပ်နေတယ် ဆိုပါလား"

"စိတ်ပူမနေစမ်းပါနဲ့၊ ဒါ ကျုပ်တို့နဲ့ ဘာမှ မဆိုင်ဘူး၊ သူ သူ့မိန်းမနဲ့ ရန်ဖြစ်ပြီး မိန်းမရဲ့ ဆွေမျိုးတွေအားလုံးကို အလုပ်က တုတ်ပစ်ဖို့ စီစဉ်နေတာပါ"

## ၈၉။ လုပ်နေကျ

နယ်လှည့်ဆပ်ကပ်အဖွဲ့မှ ဗလကြီးက မိမိ၏ ခွန်အားကို ပြသနေသည်၊ မိမိညှစ်ပြီးသား သံပုရာသီးတစ်လုံးကို ထောင်ပြရင်း







အောက်ပါအတိုင်း ကြေညာသည်။

"ဟောဒီ သံပုရာသီးကနေပြီး နောက်ထပ် သံပုရာရည် တစ်စက်ပဲဖြစ်ဖြစ် ထုတ်ကျအောင် လုပ်နိုင်တဲ့လူ ရှိရင် ဒေါ်လာ ၁၀၀ ပေးမယ်"

လူအုပ်ထဲမှ ပိန်ပိန်သေးသေး လူတစ်ယောက် ထွက်လာသည်၊ ထို့နောက် အထွေအထူးအားစိုက်ရသည့် အမူအရာမပါဘဲ ဗလကြီး ညှစ်ပြီးသား သံပုရာသီးမှ ဖန်ခွက်တစ်ဝက်စာ အရည်များကို ညှစ်ထုတ်ပြလိုက်သည်၊ ကိုပိန်သေးက လူအုပ်ကို ဦးညွှတ်လိုက်ရင်း ပြောသည်။

"ဒါ ဘာမှ မထူးဆန်းပါဘူး ခင်ဗျာ၊ ကျွန်တော် အခွန်ဌာနမှာ အလုပ်လုပ်နေတာ နှစ်သုံးဆယ် ရှိနေပါပြီ"

## ၉၀။ ဝေဖန်ရေး

အလုပ်သမားက စက်ရုံမှူးကို မေးသည်။

"ဆရာ၊ အောက်ကို ဝေဖန်ခြင်းနဲ့ အထက်ကို ဝေဖန်ခြင်း တစ်ခုနဲ့တစ်ခု ဘာကွာသလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com

“မင်းနားလည်အောင် ငါ လက်တွေ့ပြမယ်”

ဤသို့ ပြောပြီး စက်ရုံမှူးသည် ပြတင်းပေါက်ပေါင်ပေါ် တက်ရပ်လိုက်သည်၊ အလုပ်သမားကိုမူ အောက်ထပ်သို့ ဆင်းပြီး ပြတင်းပေါက်အောက်တည့်တည့်တွင် ရပ်ရန် ပြောသည်။ ထို့နောက် စက်ရုံမှူးသည် အပေါ်မှနေ၍ အောက်သို့ တံတွေး ထွေးချလိုက်သည်၊ အလုပ်သမား၏ ခေါင်းပေါ် တည့်တည့်ကြီး ကျသွားသည်။

“အဲဒါ အောက်ကို ဝေဖန်ခြင်းပဲ၊ ကိုင်း အခု မင်း ငါ့ကို တံတွေးနဲ့ ပြန်ထွေးစမ်း”

အလုပ်သမား ထွေးလိုက်သည်၊ တံတွေးသည် မိမိ၏ ခေါင်းပေါ် ပင် ပြန်ကျသည်။

“အေး၊ အဲဒါ အထက်ကို ဝေဖန်ခြင်းပဲ”

## ၉၁။ စကားကို သတိထားပြော

လေယာဉ်ကုမ္ပဏီပိုင်ရှင်က လေယာဉ်မောင်းသူကို သတိပေးသည်။

“နောင်ကို လေယာဉ်စီး ခရီးသည်တွေနဲ့ ဆက်ဆံတဲ့ အခါမှာ စကားကို သတိထား ပြောပါ”

“ဘာဖြစ်လို့ပါလိမ့် ခင်ဗျာ”

“တစ်နေ့က ခင်ဗျားမောင်းတဲ့လေယာဉ် မြေပြင်ကို မဆင်းသက်ခင်မှာ မိုက်ကရိုဖုန်းကတစ်ဆင့် ခင်ဗျားပြော







တယ်လေ၊ ‘လေးစားအပ်တဲ့ ခရီးသည်များခင်ဗျာ၊ ကျွန်တော်တို့ လေယာဉ်ဟာ မကြာခင်အတွင်းမှာ မြေပြင်ကို ဆင်းသက်ပါတော့မယ်၊ အဲဒါကြောင့် အားလုံးကို နောက်ဆုံး နှုတ်ဆက်လိုက်ပါတယ်’ တဲ့၊ ဘာအဓိပ္ပာယ်ရောက်သွားသလဲ၊ ခင်ဗျားပဲ စဉ်းစားကြည့်”

## ၉၂။ အရာရှိဆိုး

“ဟော့၊ မောင်မြ၊ စီးကရက်ကို ပါးစပ်ထဲက လွှင့်ပစ်လိုက်စမ်း”

“ဒါ စီးကရက်မဟုတ်ပါဘူး ခင်ဗျာ၊ ခဲတံပါ”

“ဘာပဲဖြစ်ဖြစ်ကွာ၊ အလုပ်ချိန်မှာ ခဲတံကိုတောင် မသောက်ရဘူး၊ နားလည်လား”

www.burmeseclassic.com

## ၉၃။ မသိဘူး

မကြာမီကမှ အလုပ်ဝင်လုပ်သော စာရေးလေးကို အရာရှိက ဟိန်းဟောက်နေသည်။

"ဘာလဲ၊ မင်း ငါ့ကို အရူးလို့ ထင်သလားကွဟေ"

"ကျွန်တော် ဘယ်လိုမှ မထင်တတ်ပါဘူး ခင်ဗျာ၊ ကျွန်တော် ဒီမှာ ဝင်လုပ်တာ မကြာသေးပါဘူး"

## ၉၄။ မိန်းမစကား

ယခုအချိန်ထိ အမျိုးသားက လေးစားရမည့် အဆင့်မြင့်ရာထူးကို ရအောင် မလုပ်နိုင်သေးသည့် ယောက်ျားကို မိန်းမက အပြစ်တင်နေသည်။ နောက်ဆုံးတွင် မိန်းမက ဤသို့ ပြောချလိုက်သည်။

"မှတ်ထား၊ ကိုယ့်ခြေထောက်ပေါ် အခိုင်အမာ ရပ်နိုင်ဖို့အတွက် တချို့ယောက်ျားတွေဟာ အစပိုင်းမှာ တွားသွားကြတယ်"

## ၉၅။ အရည်အချင်း

ညစောင့်အဖြစ် အလုပ်ဝင်လုပ်ရန် လာရောက် လျှောက်ထားသူကို မေးသည်။

"ဒီအလုပ်အတွက် လိုအပ်တဲ့ အရည်အချင်းတွေ ခင်ဗျားမှာ ရှိရဲ့လား"





"ရှိပါတယ် ခင်ဗျာ၊ ဥပမာ အသံနည်းနည်း ကြားတာနဲ့ကို ကျွန်တော် အိပ်ရာက နိုးတတ်ပါတယ်"



## ၉၆။ စောစောထမှရမှာပေါ့

ဦးကပ်စေးကို ဝိုင်း မေးကြသည်။

"ဦးကပ်စေး၊ ဦးကပ်စေးရဲ့သားတွေ အလုပ်ကို ချစ်မြတ်နိုး စိတ်ဝင်စားအောင် ဘယ်လို ဆုံးမပဲ့ပြင်သလဲဗျာ၊ သူတို့တစ်တွေ သူများထက် စောပြီး အိပ်ရာက ထတယ်၊ သူများထက် စောပြီး အလုပ်ခွင်ကို ဝင်ကြတယ်၊ အားရစရာပဲ"

ဦးကပ်စေး ပြုံးပြီး ပြန်ဖြေသည်။

"အင်း၊ ဘယ်လိုပြောရမှန်းတောင် မသိပါဘူး၊ ဒီလိုဗျာ သူတို့တစ်တွေမှာ ဖိနပ်အသစ် တစ်ရံပဲရှိတယ်၊ အဲဒါ အရင်ဆုံးထတဲ့ကောင်ဟာ အဲဒီဖိနပ်ကို စီးရတယ်၊ ဒါနဲ့ပဲ အကျင့်ရကုန်ကြတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com

## ၉၇။ မိန်းမကို အားကိုးတယ် (ဆီးရီးယားဟာသ)

အလွန်အပျင်းထူသော လူငယ်တစ်ယောက် ရှိခဲ့ဖူးတယ်၊ ၎င်းသည် ဘာအလုပ်ကိုမှ မလုပ်လိုချေ၊ ကြာသော် အဖေဖြစ်သူ စိတ်တိုလာပြီး သားကို ပြောသည်။

"ဟေ့ကောင်၊ အဓိပ္ပာယ်မရှိဘဲ အချိန်ဖြုန်းနေတာကို ရပ်ဖို့ကောင်းပြီထင်တယ်"

"ကျွန်တော့်ကို မိန်းမ ရှာပေးပါ၊ အဲဒါဆို ပြောင်းလဲသွားမှာပါ"

၎င်းကို မိန်းမ ပေးစားလိုက်သည်၊ သို့သော်လည်း အလုပ်လုပ်ရန် စိတ်မကူးဘဲ နေသည်။ ဤမျှသာမက နောက်မိန်းမတစ်ယောက်ကို ရှာပေးပါရန် တောင်းဆိုလေသည်၊ သို့ဖြင့် ဒုတိယဇနီးကို ရှာပေးလိုက်ရသည်၊ ဤသည့်နောက်တွင်လည်း ဘာအလုပ်မှ မလုပ်ချေ၊ တတိယဇနီးကို ရှာပေးလိုက်သည်၊ ဘာအပြောင်းအလဲမှ မမြင်ရချေ။

အဖေဖြစ်သူ နားမလည်နိုင်စွာ မေးသည်။

"ဟေ့ကောင်၊ မိန်းမသုံးယောက်တောင် ယူထားပြီးပြီ၊ ခုထိ ဘာဖြစ်လို့ ဘာအလုပ်မှ မလုပ်တာလဲကွယေ"

"မိန်းမသုံးယောက်ဟာ ယောကျာ်းတစ်ယောက် လောက်ကို ရှာမကျွေးနိုင်ဘူးလား အဖေ"





## ၉၈။ လက်ပါမှာစိုးလို့ (အာဂျင်တီးနားဟာသ)



ရုပ်မြင်သံကြား အစီအစဉ် ကြေညာသူက ပြောသည်။

"ချစ်စွာသော ရုပ် မြင် သံ ကြား ပ ရိ သတ် များ ရှင်၊ ပထမဦးဆုံး သက်တောင့်သက်သာ နေရာယူကြဖို့ မေတ္တာရပ်ခံပါတယ်၊ ပြီးတော့ ရုပ်မြင်သံကြားစက်ကို တစ်ခုခုနဲ့ မပစ်ပေါက်မိလေအောင် ကိုယ့်အနားမှာ ရှိတဲ့ လေးလံတဲ့ ပစ္စည်းများအားလုံးကို ခပ်ဝေးဝေးမှာ ရွှေ့ထားလိုက်စေချင်ပါတယ်၊ အခုအချိန်ကစပြီး အခွန်တိုးကောက်မယ့်ကိစ္စနဲ့ ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးက ရှင်းလင်း တင်ပြပါတော့မယ်ရှင်"

## ၉၉။ လှေကားတော့ လှေကားပဲ

မိတ်ဆွေဖြစ်သူ လက်သမားဆရာထံ ကိုချူချာ ရောက်လာပြီး ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်ကို လေးကိုက်ရှည်တဲ့ လှေကားတစ်ခု လုပ်ပေးစမ်းပါ၊ ကျွန်တော် အိမ်က ရေတွင်းထဲဆင်းပြီး သန့်ရှင်းရေးလုပ်ချင်လို့"

"ရမယ်လေ၊ လာမယ့်အပတ် လာခဲ့"

နောက်တစ်ပတ် ကိုချူချာ လက်သမားဆရာအိမ်သို့ ရောက်လာသောအခါ လှေကားကို အိမ်နံရံတွင် ထောင်ထားသည်ကို တွေ့ရသည်။ ကိုချူချာ၏ မျက်နှာပေါ်တွင် နားမလည်နိုင်သည့် အမူအရာ ပေါ်လာသည်။

"ဒီလှေကား ကျွန်တော့်အတွက်လားဗျ"

"ဟုတ်တယ်လေ၊ ကြည့်စမ်း ဘယ်လောက်လှသလဲလို့"

"ခင်ဗျား ကျွန်တော့်ကို သရော်တာလားဗျာ"

"ဘာဖြစ်လို့လဲ၊ လှေကား လုပ်ပေးပါဆို ခင်ဗျားပဲ ကျွန်တော့်ကို ပြောတယ်မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော်မှာတာက ရေတွင်းထဲဆင်းမယ့် လှေကား၊ အခု ခင်ဗျားလုပ်ပေးတာက အပေါ်တက်မယ့်လှေကား ဖြစ်နေတယ်"

## ၁၀၀။ အကောင်းမြင်၊ အဆိုးမြင်

အကောင်းမြင်သမားနှင့် အဆိုးမြင်သမားတို့ အနာဂတ်နှင့် ပတ်သက်၍ ဆွေးနွေးကြသည်၊ ရှေ့အလားအလာ လုံးဝမကောင်းဟု နှစ်ယောက်စလုံး သဘောညီကြသည်။ အကောင်းမြင်သမားက ပြောသည်။





"ဒီလို ငွေဖောင်းပွမှုနှုန်းနဲ့ဆိုရင် မကြာခင် တောင်းစားကြရလိမ့်မယ်"

အဆိုးမြင်သမားက အံ့သြစွာ ပြန်မေးသည်။

"တောင်းစားရမယ် ဟုတ်လား၊ ဘယ်သူ့ဆီက တုံး"



## ၁၀၁။ ကိုယ်နဲ့မဆိုင်ရင် ခေါင်းရှုပ်မခံဘူး

ဆိုဗီယက်သမ္မတ ဂေါ်ဘာချော့ဗ်၊ အမေရိကန်သမ္မတ ဘုရှ်နှင့် ပြင်သစ်သမ္မတ မီးတရောင်းတို့သုံးဦး မိမိတို့ သက်ဆိုင်ရာ နိုင်ငံရှိ အလုပ်သမားလစာနှင့် ပတ်သက်၍ အမြင်ချင်း ဖလှယ်နေကြသည်၊ မီးတရောင်းက ပြောသည်။

"ကျွန်တော်တို့ဆီက အလုပ်သမားဟာ တစ်လကို ဖရန့်ငွေနှစ်ထောင် ရတယ်၊ တစ်ထောင်ကို အိမ်ခန်းခ၊ စားစရိတ်နဲ့ တခြား အသေးသုံးစရိတ်တွေအတွက် သုံးတယ်၊ ကျန်တစ်ထောင်ကို သူတို့ ဘယ်မှာသုံးသလဲ ကျွန်တော် မသိဘူး၊ ကျွန်တော်နဲ့လည်း မဆိုင်ဘူး"

ဘုရှ်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တို့ အမေရိကန်အလုပ်သမားဟာ တစ်လကို ဒေါ်လာနှစ်ထောင် ရတယ်၊ အိမ်ခန်းခ၊ စားစရိတ်နဲ့ မော်တော်ကား ဝယ်စီးတဲ့အတွက် ဒေါ်လာတစ်ထောင် ကုန်တယ်၊ ကျန်တဲ့တစ်ထောင် ဘယ်ရောက်သွားသလဲဆိုတာ ကျွန်တော် မသိဘူး၊ ဒါ သူတို့ပြဿနာပဲ"

ဂေါ်ဘာချော့ဖ်က ပြောသည်။

"ကျွန်တော်တို့ ဆိုဗီယက်အလုပ်သမားဟာ တစ်လကို ရူဘယ် ငါးရာရတယ်၊ နောက်ထပ် တစ်ထောင့်ငါးရာကို သူတို့ ဘယ်က ယူသလဲဆိုတာ ကျွန်တော် မသိဘူး၊ ဂရုလည်း မစိုက်ဘူး၊ ဒါ သူတို့ပြဿနာပဲ"

## ၁၀၂။ ကျွန်တော်တို့အပြစ်မဟုတ်ဘူး

**(မော်စကိုနိုင်ငံတော် တက္ကသိုလ်မှ မိတ်ဆွေများ ပြောပြခဲ့သောဟာသ)**

ပုပ်ရဟာန်းမင်းကြီးအား လုပ်ကြံမှု ဖြစ်ပွားသောအခါ ဤကိစ္စတွင် ဆိုဗီယက်ပြည်ထောင်စု ပါဝင်ပတ်သက်နေသည်ဟု အနောက်တိုင်းက စွပ်စွဲလာကြသည်၊ ဤလို သားပုပ်လေလွင့် ပြောဆိုမှုများကို တုံ့ပြန်နိုင်ရန်အတွက် အထူးစုံစမ်းရေး ကော်မရှင်တစ်ရပ်ကို ဆိုဗီယက်အစိုးရက ဖွဲ့စည်းလိုက်သည်၊ ကော်မရှင်အဖွဲ့ဝင်များသည် လျှို့ဝှက် စာရွက်စာတမ်းများ၊ မှတ်တမ်းတင် သတင်းကားများ၊ ဓာတ်ပုံများကို ကြည့်ရှုလေ့လာသည်၊ ထို့နောက် အစိုးရအား အောက်ပါအတိုင်း အစီရင်ခံသည်။







"ပုပ်ရဟာန်းမင်းကြီးကို လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားတဲ့ကိစ္စမှာ ကျွန်တော်တို့နိုင်ငံရဲ့အပြစ် လုံးဝ မပါပါဘူးခင်ဗျ၊ ဒါကို ကျွန်တော်တို့ အခိုင်အမာ ပြောနိုင်ပါတယ်"

"ဘာဖြစ်လို့ ပြောနိုင်တာလဲ"

"သူက အရင် စ,ပစ်တာကိုး"

## ၁၀၃။ ကိုအောင်နက်

နယ်သို့ ခရီးထွက်ရာမှ ယောက်ျားဖြစ်သူ တစ်ရက်စောပြီး ည ၁၈-နာရီခန့်တွင် အိမ်သို့ ပြန်ရောက်လာသည်၊ ရေမိုးချိုး အဝတ်အစားလဲပြီး မိန်းမသားနား ဝင်အိပ်သည်၊ အိပ်ပျော်လုဆဲဆဲတွင် ကုတင်အောက်မှ သံသယဖြစ်ဖွယ်ရာ ခွတ်ချွတ်မည်သံ ကြားသဖြင့် လက်ဖြင့် အောက်ကို စမ်းရင်း မေးသည်။

"ဟဲ့ ငနက်၊ မင်းလားကွမော"

ကုတင်အောက် ရောက်နေတသော 'ကိုအောင်နက်' က ယောက်ျား၏ လက်ကို လျှာဖြင့် လျက်ပြီး ပြန်ဖြေသည်။

"ဟုတ်ကဲ့၊ ကျွန်တော်ပါ"



www.burmeseclassic.com

www.burmeseclassic.com

## ၁၀၄။ မမှန်မကန်စွပ်စွဲခြင်း

သမ္မတဂေါ်ဘာချော့ပ်ခေတ်တွင် ပထမဦးဆုံးအကြိမ်အဖြစ် ယှဉ်ပြိုင်ရွေးကောက်သည့်စနစ်ဖြင့် ဆိုဗီယက်ပါလီမန်ကို ဖွဲ့စည်းရာ ဒီမိုကရက်အမတ်အချို့ အရွေးခံကြရသည်။

ပါလီမန်အစည်းအဝေးတစ်ခုတွင် ဒီမိုကရက်အမတ်တစ်ဦးက အစိုးရ၏ ပေါ်လစီကို ဝေဖန်သည်။

"ကျွန်တော့်ဆီမှာ အစိုးရရဲ့ ဆောင်ရွက်ချက်တွေကို ဝေဖန်စရာ အများကြီးရှိနေပါတယ်၊ ဒါပေမယ့် ကျွန်တော် အားလုံးကို ပြောလို့ မဖြစ်ပါဘူး၊ အကြောင်းရင်းကတော့ ကျွန်တော်တို့အထဲမှာ ကေဂျီဘီရဲ့ လျှို့ဝှက်ဝန်ထမ်း တစ်ယောက်ဟာ ကျွန်တော်ပြောသမျှကို လိုက်ပြီး ရေးမှတ်နေလို့ ဖြစ်ပါတယ်"

အမတ်တစ်ယောက် နေရာမှထပြီး ပြောသည်။

"ဒါ မတရားစွပ်စွဲတာပါ၊ ကျွန်တော့်ဆီမှာ ခဲတံတောင် မပါပါဘူး"

## ၁၀၅။ စာတိသိမ်းခန်း

ရုပ်ရှင်ရိုက်နေသည်၊ မင်းသားသည် တံတားပေါ်မှ မြစ်ထဲသို့ ခိုင်ဗင်ထိုးဆင်းသည့်အခန်း ဖြစ်သည်၊ ပိတ်ကားတွင် မင်းသား၏ မျက်နှာကို ပေါ်အောင် ပြရမည် ဖြစ်သဖြင့် လူစားထိုးရိုက်လို့ မဖြစ်ချေ၊ မင်းသားက ကန့်ကွက်သည်။





"ကျွန်တော် ရေမကူးတတ်ဘူး၊ ပြီးတော့ ရေက အနက်ကြီး၊ ကျွန်တော် မြုပ်သွားမှာပေါ့"

ဒါရိုက်တာက ပြန်ပြောသည်။

"ကိစ္စမရှိပါဘူး၊ ဒါ နောက်ဆုံးအခန်းပဲ"



## ၁၀၆။ သူများဝန်ကို ဆက်ထမ်းနေရတာယ်

သချိုင်းရှိ အုတ်ဂူတစ်ခုရှေ့တွင် ယောက်ျားတစ်ယောက် ငိုယိုနေသည်၊ နှုတ်မှလည်း ပြောသည်။

"သူ မသေသင့်ဘူး၊ တကယ်တမ်း သူ မသေသင့်သေးဘူး၊ ငါ အင်မတန် ကံဆိုးပါလား"

ဖြတ်သွားသူက ကြင်နာသံတစ်ဝက်၊ စိတ်ဝင်စားသံတစ်ဝက် ဖြင့် မေးသည်။

"ဒီဂူမှာ ခင်ဗျားရဲ့အဖေ၊ ဒါမှမဟုတ် သားကို မြှုပ်ထားသလားဗျာ"

"ဟင့်အင်း၊ ကျွန်တော့်မိန်းမရဲ့ ပထမယောက်ျား"



www.burmeseclassic.com

www.burmeseclassic.com

**၁၀၇။ မှားကုန်ပြီ**

"ဟော့ ဂျက်၊ မင်းကိုကြည့်ရတာ စိတ်ဆင်းရဲနေတဲ့ ပုံပါလား၊ ဘာဖြစ်လို့လဲ"

"ဒီလိုကွာ၊ မနေ့က သူငယ်ချင်းတွေနဲ့ အရက်အတူ သောက်ဖြစ်ကြတယ်၊ တို့အထဲက မာတင် တော်တော်လေး မူးသွားတယ်၊ ငါကတော့ သိပ်မမူးဘူး၊ ဒါကြောင့် မာတင်ကို အိမ်အရောက် လိုက်ပို့လိုက်တယ်၊ အိမ်ရောက်တော့ သူ့ကို အဝတ်အစားချွတ်ပေးပြီး သူ့မိန်းမဘေးမှာ သိပ်လိုက်နိုင်ခဲ့တယ်၊ အေး ဒီနေ့ကျတော့မှ မာတင် နယ်ကို ခရီးထွက်သွားတာ တစ်ပတ်ရှိပြီလို့ သိလိုက်ရတယ်"

**၁၀၈။ ခြေထောက်မည်းမည်း**

"အမည်းရောင် ခြေထောက်တစ်ချောင်းဆိုတာ ဘာလဲ"

"မသိဘူး"

"ခြေတစ်ဖက်ကျိုးနေတဲ့ နီးဂရိုး၊ ခြေထောက်မည်းမည်း နှစ်ချောင်းဆိုရင်ကော"

"ခြေနှစ်ဖက်စလုံးရှိတဲ့ နီးဂရိုးဖြစ်မှာပေါ့"

"မဟုတ်ဘူး၊ ခြေတစ်ဖက်စီကျိုးနေတဲ့ နီးဂရိုးနှစ်ယောက်၊ ကိုင်း ခြေထောက်မည်းမည်းသုံးချောင်းဆိုရင်ကော"

အမေးခံရသူ သဘောပေါက်စ ပြုလာသည်။





"ခြေကျိုး နေတဲ့ နီးဂရိုးသုံးယောက်"

"မဟုတ်ဘူး၊ အဲဒါ စန္ဒရား"



**၁၀၉။ မိန်းမယူတွင်**

"မိန်းမတွေဟာ ဘာဖြစ်လို့ မီမီရဲ့အပြင်ပန်း အမြင် လှပရေးကို ကိုယ့်ရဲ့ အသိဉာဏ်တိုးပွားရေးထက် အချိန်ရော၊ ပိုက်ဆံပါ ပိုပြီး အကုန်ခံသလဲ သိသလား"

"ဟင့်အင်း၊ မသိဘူး"

"ထုံအတဲ့ ယောက်ျားထက် မျက်စိကန်းတဲ့ယောက်ျားက ပိုနည်းလို့ပေါ့"

**၁၁၀။ ကိုရှူးရှားလည်း ကျိုးတာတက်တယ်**

ရထားအိပ်ခန်းတွဲ၏ အခန်းတစ်ခုတွင် ရုရှား၊ ယူကရိန်းနှင့် ချူချာတို့ အတူတူ စီးလာကြသည်။ အားလုံးကပင် ကျန်လူများ အထင်ကြီးအောင် တစ်ခုခုနှင့် ပတ်သက်၍ ကြွားချင်ကြသည်၊ ရုရှားက အိတ်ထဲမှ ဗော့ဒ်ကာအရက်ပုလင်းကို ထုတ်ကာ ဖန်ခွက်ထဲသို့ တစ်ပက်သားသား ထည့်လိုက်သည်၊ ထို့နောက် ဂလောက်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



သောက်ချလိုက်သည်၊ ဤသည့်နောက်တွင် ကျန်သောအရက်ကို ပုလင်းနှင့်အတူ ပြတင်းပေါက်မှ လွှင့်ပစ်လိုက်သည်။ ကျန်နှစ်ယောက် နှမြောစွာ ပြောသည်။

"ဟေ့လူ၊ ပုလင်းထဲမှာ အရက်အပြည့်နီးပါး ကျန်နေသေးတဲ့ဥစ္စာ ဘာဖြစ်လို့ လွှင့်ပစ်ရတာလဲဗျ"

"ကျုပ်တို့ ရုရှားမှာ ဒီလိုအရက်မျိုး ဖုံးပေါလအောရှိတယ်ဗျ"

ယူကရိန်းသားက မိမိ၏အိတ်ထဲမှ ဝက်ဆီခဲတုံးကို ထုတ်ကာ ဓားဖြင့် ခတ်ပါးပါး တစ်စိတ်လှီးပြီး စားသည်၊ ထို့နောက် ကျန်ရှိသော ဝက်ဆီခဲတုံးကို ရထားပြတင်းပေါက်မှ လွှင့်ပစ်လိုက်သည်။

"ဟေ့လူ၊ အများကြီး ကျန်သေးတာပဲ၊ ဘာဖြစ်လို့ ပစ်လိုက်ရတာလဲ"

"ကျုပ်တို့ ယူကရိန်းမှာ ဒီလို ဝက်ဆီခဲမျိုး နေရာတကာမှာ ရှိတယ်၊ မစားချင်အဆုံးပဲ"

ချူချာလည်း အလားတူ ကြွားချင်စိတ် ပေါ်လာသည်၊ သို့ဖြင့် ဘာမပြော ညာမပြောနှင့် ယူကရိန်းသားကို ဆွဲမကာ ပြတင်းပေါက်မှ လွှင့်ပစ်လိုက်သည်။

"ကျွန်တော်တို့ ချူကော့ကာပြည်နယ်မှာ ဒီလို ယူကရိန်းသားတွေ အများကြီး"

(မှတ်ချက်– ချူကော့ကာပြည်နယ်တွင် ယူကရိန်းအနွယ်ဖွားများ ဆက်ဝက်ခန့် နေထိုင်သည်။)

## ၁၁၁။ သီးသန့်လူနာဆောင်



လူနာက ဆရာဝန်ကို ပြောသည်။

"ဒေါက်တာ၊ ဒေါက်တာ့ကို စကားပြောချင်လို့ အချိန် ငါးမိနစ်လောက် ပေးပါ၊ ကိစ္စက ဒီလိုပါ၊ တမြန်နေ့က ပြတင်းပေါက်နား ကုတင်က လူနာ သေသွားတယ်၊ မနေ့က အစင်တံခါးနားကပ်နေတဲ့ လူနာ သေသွားတယ်၊ ဒီနေ့မနက် ကျွန်တော့်ဘေးကုတင်က လူနာ သေသွားပြန်ပါတယ်၊ ဒီလို သေမှာ သေချာနေတဲ့ လူနာတွေကို ဒီအခန်းမှာ မထားသင့်ပါဘူး၊ မျှော်လင့်ချက်ကင်းတဲ့ လူနာတွေအတွက် သက်သက် အခန်းတစ်ခု သီးသန့် သတ်မှတ်ပြီး အဲဒီမှာပဲ ထားစေချင်ပါတယ်"

"ဒီအခန်းဟာ သေမယ့်လူနာတွေချည်း ထားတဲ့အခန်းပဲလေ"

## ၁၁၂။ ခေတ်တွေပြောင်းနေပြီလေ

အဘွားအိုက အဘိုးအိုကို ပြောသည်။

"ကိုရင်မောင်၊ ရှင် ကျွန်မကို ဘုရားတို့၊ ပြတင်းပေါက်





www.burmeseclassic.com

www.burmeseclassic.com


တို့ကို လိုက်မပို့တာ ကြာပြီ၊ ရုပ်ရှင်မကြည့်ရတာလည်း တော်တော်ကြာနေပြီရှင့်"

"မင်းကလည်း မဟုတ်တာ ပြောတော့မယ်၊ မင်းနဲ့ ငါ့နဲ့ ချာလီချာပလင်ပါတဲ့ကား အတူသွားကြည့်တာ မမှတ်မိတော့ဘူးလား"

"မှတ်မိပါတယ်၊ ဒါပေမယ့် အခုနောက်ပိုင်းမှာ အသံထွက်တဲ့ကား၊ ဆေးရောင်စုံကားတွေ ပေါ်နေပြီဆိုပဲရှင့်"

## ၁၁၃။ ရေထဲမှာပဲပေါက်

ပီတာလေး မျက်ရည်စမ်းစမ်းနှင့် ပြန်လာရာ ဦးလေးလုပ်သူက မေးသည်။

"ပီတာ၊ မင်း ဘာဖြစ်လာတာလဲကွ ဟော"

"ကျွန်တော့်ကို ရေကူးကန်ထဲက မောင်းထုတ်လိုက်လို့"

"ဘာအတွက်လဲ"

"ကျွန်တော် ရှူးရှူးပေါက်မိလို့"

"ဒါကိုများ သူတို့ ရေးကြီးခွင်ကျယ် လုပ်သတဲ့လား၊ ရေထဲမှာ ဒီလိုပဲ ပေါက်နေကြတာပဲ၊ ရေကူးကန်ဆိုတာ ဒါအတွက် ထားတာပဲ"

"ဒါပေမယ့် ကျွန်တော်က ခိုင်ဗင်ထိုးတဲ့စင်ပေါ်က ရှူးရှူးပေါက်လိုက်မိတာခင်ဗျ"



BURMESE CLASSIC .com

## ၁၁၄။ သတင်းသုံးခု



ခွဲစိတ်ကုသခံထားသော လူနာထံ ဆရာဝန် လာကြည့်သည်။

"ခင်ဗျားကို သတင်းသုံးခု ပြောစရာရှိတယ်၊ တစ်ခုက မကောင်းတဲ့သတင်း၊ နောက်တစ်ခုက ကောင်းတဲ့သတင်း၊ အဲ နောက်ဆုံးသတင်းကတော့ အကောင်းဆုံးပဲ၊ မကောင်းတဲ့သတင်းက စပြောမယ်၊ မဖြစ်ရမယ့် ခင်ဗျားခြေထောက်ကို ကျွန်တော်တို့ မှားဖြတ်မိတယ်၊ ကောင်းတဲ့သတင်းကတော့ ဖြတ်ရမယ့် ခြေထောက်ကို ကျွန်တော်တို့ ဆက်ဖြတ်ပေးမယ်၊ အဲ အကောင်းဆုံးသတင်းကတော့ ဘေးအခန်းကလူနာက ခင်ဗျားရဲ့ ရှူးဖိနပ်ကို သူဝယ်မယ်တဲ့"

## ၁၁၅။ အကောင်းမြင်သူ

"အကောင်းမြင်တဲ့လူဟာ ဘယ်လိုလူလဲ"

"သတင်းအပြည့်အစုံမရတဲ့လူပေါ့"



www.burmeseclassic.com

www.burmeseclassic.com

## ၁၁၆။ မိန်းမအားကိုး သွားမကျိုး

ရေချိန်ကိုက်လာသော သူငယ်ချင်းနှစ်ယောက် ယိုင်တီးယိုင်တိုင်ဖြင့် လျှောက်လာကြသည်၊ တစ်ယောက်၏အိမ်ရှေ့သို့ ရောက်သော် အခြားတစ်ယောက်က ပြောသည်။

"ဟော့ကောင်၊ ဟိုမှာ လူတစ်ယောက် မင်းအိမ်ပြတင်းပေါက်ကို ကျော်ပြီးဝင်ဖို့ ကြိုးစားနေတယ် တွေ့လား၊ လာ ဝိုင်းဖမ်းကြရအောင်"

"ရှူး တိုးတိုး ပြောပါကွ၊ ကြည့်နေ၊ ငါ ပြန်လာတယ်ထင်ပြီး ဒီကောင့်ကို မိန်းမက ဆော်ပလော်တီးလိမ့်မယ်၊ မပူနဲ့"

## ၁၁၇။ သင်ခန်းစာ

စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်သည် အရောင်းအဝယ်ကိစ္စဖြင့် နယ်သို့ ခရီးထွက်သည်၊ မြို့တစ်မြို့တွင် ၂-ရက်ကြာနားရန် ဖြစ်လာသည်၊ သို့ဖြင့် ဟိုတယ်လေးတစ်ခုတွင် ဝင်တည်းရန် ဟိုတယ်ရှေ့သို့ ရောက်လာသည်၊ အဝင်ဝတွင် ချောမောလှပသော အမျိုးသမီးတစ်ယောက်ကို တွေ့သည်၊ သူမက သဘောပေါက်လွယ်သော အရိပ်လက္ခဏာများ ပြသည်၊ နှစ်ယောက်သား စကားလက်ဆုံကျသွားကြသည်၊ သို့ဖြင့် အမျိုးသမီးကို မိမိ၏ဇနီးဟု ပြောကာ နှစ်ယောက်ခန်းတစ်ခန်းကို ယူလိုက်သည်၊ နှစ်ရက်ကြာသော် ထိုမြို့မှ ထွက်ခွာရမည် ဖြစ်သဖြင့် ဟိုတယ်ခ ငွေချေသည်၊ ဟိုတယ်စာရေးက







ကျသင့်ငွေ ဘောက်ချာကို ပေးလိုက်သောအခါ ဒေါ်လာ ၇၅၀-တိတိ ကျသည်ကို တွေ့ရသဖြင့် အံ့သြတကြီး မေးသည်။

"ကျုပ် နှစ်ရက်တည်း နေတာပဲ၊ ဈေးများလှချည်လားဗျ"

"လူကြီးမင်း နှစ်ရက်တည်းနေတာ မှန်ပါတယ်၊ ဒါပေမယ့် လူကြီးမင်းရဲ့ဇနီး ဒီမှာနေတာ နှစ်လရှိပြီခင်ဗျ"

## ၁၁၈။ ဒီတစ်ယောက်နဲ့ကို စိတ်ညစ်လှပြီ

ကျောင်းမှ ပြန်လာသော ပီတာလေးက အမေကို ပြောသည်။

"မေမေ၊ ဒီနေ့ သားကို ကျောင်းအုပ်ဆရာမကြီးက ခေါ်ပြီးမေးတယ်၊ မင်းမှာ ညီအစ်ကိုမောင်နှမတွေ ရှိသလားတဲ့၊ ကျွန်တော် တစ်ဦးတည်းသောသားလို့ ဖြေလိုက်တယ်"

"ဒါ မှန်တာပေါ့၊ ဒီစကားကိုကြားတော့ ဆရာမကြီး စိတ်ပျက်သွားလို့လား"

"ဟင့်အင်း၊ 'တော်ပါသေးရဲ့' လို့ သူ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



## ၁၁၉။ ထိတော့ထိတယ်

ဖြတ်ပြေးသွားသော သားကောင်ကို မုဆိုးကြီး ဦးဖြိုး နှစ်လုံးပြူးဖြင့် ပစ်ချလိုက်သည်၊ ထို့နောက် မိမိ၏ တပည့်ကို ပြောသည်။

"ဟော့ကောင် သွားကြည့်စမ်း၊ ငါ ပစ်ချလိုက်တဲ့ အကောင် ဘာကောင်လဲဆိုတာ"

မကြာမီ တပည့်ဖြစ်သူ ပြန်ရောက်လာပြီး ပြောသည်။

"သူ့ရဲ့ မှတ်ပုံတင်အရ သူ့နာမည် မောင်မြလို့ ခေါ်တယ်"

## ၁၂၀။ ဘောလုံးဝါသနာအိုး

လေယာဉ်ပျက်ကျသဖြင့် လိုက်ပါလာသော ဘောလုံးအသင်း တစ်သင်းလုံး သေဆုံးသွားကြသည်၊ ဘောလုံးသမားများ နတ်ပြည်သို့ အဝင်တံခါးရှေ့ လာရပ်ရာ သိကြားမင်းက တားသည်။

"ကျုပ်တို့ရဲ့ ဥပဒေတွေအရ ဘောလုံးသမားတွေဟာ မကောင်းမှုပြုသူစာရင်းထဲ ပါတယ်၊ လူတွေ ဘုရားတရားထဲ အာရုံမစိုက်နိုင်အောင် ဘောလုံးပွဲနဲ့ ဆွဲဆောင်သူဖြစ်လို့ပဲ၊ ဒါကြောင့် ခင်ဗျားတို့အားလုံး ငရဲပြည်ကို သွားကြ"

ဤသို့ပြောပြီး ခဏအကြာတွင် ၎င်းက မေးသည်။

"ခင်ဗျားတို့အထဲမှာ ဘယ်သူဂိုးသမားလဲ"

"ကျွန်တော်ပါခင်ဗျ"

"အေး၊ မင်းကတော့ နတ်ပြည်ကိုသွား၊ မင်းတို့ရဲ့အသင်း ကစားတိုင်း ငါ အမြဲတန်း ကြည့်နေကျ၊ မင်းက ဘောလုံး သမား မဟုတ်ဘူး"



## ၁၂၁။ ကြေးစားနဲ့အပျော်တမ်း

ရထားပေါ် လိုက်ပါလာသော နိုင်ငံတကာ ဂရင်းမာစတာ အဲ့ရ မစ္စတာကားပေါ်သည် တစ်ခန်းထဲ အတူကျသော ခရီးသွားဖော်ကို မိတ်ဖွဲ့ကာ စစ်တုရင် ကစားရန် ပြောသည်။

"ကျွန်တော် စစ်တုရင် သိပ်ကျွမ်းကျွမ်းကျင်ကျင် မကစားတတ်ဖူးခင်ဗျ"

"ရပါတယ်၊ အချိန်ဖြုန်းတဲ့အနေနဲ့ ကစားတာပေါ့ဗျာ"

အကွက် ၃၀-ရွှေ့အပြီးတွင် မမျှော်လင့်ဘဲ ဂရင်းမာစတာ ရှုံးသွားသည်၊ ကစားကွက်များကို ပြန်လေ့လာရင်း ၎င်းက ပြောသည်။

"အံ့သြစရာပဲ၊ မြင်းရုပ်ကိုသာ ခင်ဗျား ရွှေ့ခဲ့ရင် ပြီးခဲ့တဲ့ သုံးကွက်လောက်ကတည်းက ကျွန်တော် အရှုံးပေးရမှာဗျ"

"ဘာလဲ၊ မြင်းရုပ်ကို ရွှေ့လို့ရလားဟင်"





www.burmeseclassic.com

www.burmeseclassic.com



## ၁၂၂။ လူသတ်သမား

တရားသူကြီးက တရားခံကို မေးသည်။

"စားလိုက်တဲ့ မှိုဟင်းက အဆိပ်ဖြစ်ပြီး ခင်ဗျားရဲ့ ပထမဇနီး သေသွားတယ်၊ ဒုတိယဇနီးလည်း မှိုအဆိပ်တက်ပြီး သေသွားပြန်တယ်၊ ဒါပေမယ့် အခု တတိယဇနီးကျတော့ ခေါင်းက ဒဏ်ရာနဲ့ သေတယ်။ ဘာကြောင့်လဲ"

"မှိုဟင်းကို မစားချင်လို့"

## ၁၂၃။ အန္တရာယ်ခေါင်မိုး

အလုပ်ကိစ္စဖြင့် ခရီးထွက်နေသော ဇနီးသည်က အခြားတစ်မြို့မှနေ၍ ယောက်ျားဖြစ်သူကို ဖုန်းဆက်သည်။

"ကျွန်မရဲ့ကြောင်ကလေး နေကောင်းရဲ့လား"

"မင့်ကြောင် အနိစ္စသဘောနဲ့ ကိစ္စချောသွားပြီကွ"

"ဒီကြောင်ကို ကျွန်မ အင်မတန် ချစ်တယ်ဆိုတာ သိရက်သားနဲ့ ရှင်မို့ ဒီလိုပြောရက်တယ်၊ ကြောင်ကလေး အိမ်ခေါင်မိုးပေါ် တက်ထိုင်နေရာက ခြေချော်ကျပြီး သေသွားတယ်လို့ ပြောရင် တော်ပါသေးရဲ့၊ ဒါနဲ့ ကျွန်မအမေကော"

"အိမ်ခေါင်မိုးပေါ်မှာ ထိုင်နေတယ်"





## ၁၂၄။ ရှာပေးမယ်၊ ဒါပေမယ့်



လူတစ်ယောက် ရဲစခန်းသို့ လာပြီး လူပျောက်လာတိုင်သည်၊ မိမိ၏ဇနီးသည် မွေးထားသော ခွေးနှင့်အတူ လမ်းလျှောက်ထွက်ရင်း ယခုနောက်နေ့ကူးသည်အထိ ပြန်မလာကြောင်း ပြောသည်။

စခန်းမှူးက အမျိုးသမီး၏ ပုံပန်းသဏ္ဍာန်ကို မေးရာ ယောက်ျားဖြစ်သူ ထူးထူးခြားခြား မဖြေနိုင်ချေ၊ အခြားအမျိုးသမီးများနှင့်မတူ ထူးခြားသောလက္ခဏာ ဘာမှ မပါသောကြောင့် ဖြစ်သည်။

"ဒါဖြင့်ရင် ခင်ဗျားရဲ့ ခွေးကရော"

"အဲ၊ ဒီကောင်က အင်းခွေးဗျ၊ သူ့အလေးချိန် ကီလို ၂၀-တိတိ ရှိတယ်၊ ပြီးတော့ ညာဘက်နားရွက်မှာ အဖြူစက်လေးစက်၊ တစ်ကိုယ်လုံးကတော့ အမည်းရောင်ခင်ဗျ"

"ကောင်းပြီလေ၊ ဘာမှ စိတ်မပူပါနဲ့၊ ခွေးကို ကျွန်တော်တို့ တွေ့အောင် ရှာပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com


## ၁၂၅။ ဒါကို ဗိုနံပြောတယ်

ကမ်းပေါ်တက်ခွင့်ရသဖြင့် သင်္ဘောသားများ မြို့ထဲ လျှောက်လည်ကြသည်၊ သတ်မှတ်ချိန်ရောက်သောအခါ သင်္ဘောသားများ အစီအရီ သင်္ဘောဆီ ပြန်လာကြသည်၊ အရာရှိက တစ်ယောက်ချင်း စစ်သည်၊ သင်္ဘောသားတစ်ယောက်သည် လက်နှစ်ဖက်တွင် ဝီစကီ တစ်ပုလင်းစီ ကိုင်လျက် အရာရှိကို ဖြတ်ကျော်သည်၊ အိတ်ထောင်ထဲ ထည့်ရန်ပင် စိတ်မကူးဘဲ ယခုကဲ့သို့ ပြောင်ကျလွန်းသည်ကို အရာရှိ လုံးဝ သဘောမတွေ့ချေ။

"ဟေ့၊ ရပ်လိုက်စမ်း"

သင်္ဘောသား ရပ်လိုက်သည်၊ နောက်မှလိုက်လာသည့် သင်္ဘောသားများ ဝိုင်းကြည့်နေရာ ပုလင်းကိုင်သင်္ဘောသား ရှက်သွားမည်စိုးသဖြင့် အရာရှိက အောက်ပါအတိုင်း ပြောသည်။

"ငါ မျက်လုံးနှစ်ဖက်ကို မိတ်ပြီး တစ်ကနေ သုံးအထိ ရေတွက်မယ်၊ အဲဒီအချိန်အတွင်းမှာ ရေထဲကို ပစ္စည်းကျတဲ့ အသံနှစ်သံ ကြားချင်တယ်၊ ကိုင်း စရေပြီ၊ တစ်-နှစ်-သုံး"

"ဗလွမ်၊ ဗလွမ်"

အရာရှိ မျက်လုံးကို ဖွင့်လိုက်သည်။

"အေး၊ ဒီလိုမှပေါ့၊ ကိုင်း မင်းသွားနိုင်ပြီ"

သင်္ဘောသား ပြေးတက်သွားသည်၊ နောက်မှ လိုက်ကြည့်နေသော အရာရှိက အံ့သြတကြီး မေးသည်။

"ဟေ့ ဟေ့၊ ဘာဖြစ်လို့ မင်းခြေထောက်မှာ ဖိနပ် မပါရတာလဲ"



## ၁၂၆။ မကျိစားရဘူးလား



ဂျူး မိန်းမကြီးတစ်ယောက်သည် ကြိုးတံတားဟောင်းအတိုင်း မြစ်ကို ဖြတ်ကျော်ရန် ကြိုးစားသည်၊ တစ်လှမ်းလှမ်းတိုင်း တံတားက ယိုင်ခါသွားသဖြင့် ကြောက်အားပိုလာသည်၊ 'ဘုရားသခင် ကယ်ပါ၊ ဟိုဘက်ကမ်းကို ချောချောမောမော ရောက်ရင် မသန်မစွမ်းသူများ ရန်ပုံငွေအတွက် ငါးဒေါ်လာ ထည့်ပါ့မယ်' ဟု နှုတ်မှ ရေရွတ်လိုက်သည်၊ ချက်ချင်းဆိုသလို တံတား လှုပ်ခါခြင်း အလျှင်းမရှိတော့ချေ၊ ဆက်လျှောက်ရင်း ပါးစပ်က ပြောသည်။

"ငါးဒေါ်လာဆိုတာ များတယ်ထင်တယ်၊ တစ်ဒေါ်လာဆို ဖ ာ်ပါပြီ"

တံတားသည် ယခင်ကထက် ပိုလှုပ်လာသည်၊ ယိုင်ထိုးရင်း မိန်းမကြီးက ပြောသည်။

"အရှင်ဘုရားကလည်း ကျိစားတာတောင် ကျိစားမှန်း မသိဘူးလားရှင့်"



www.burmeseclassic.com

www.burmeseclassic.com



## ၁၂၇။ မျှော်လင့်ချက်လေးပေးထားပါဦး

မိမိ ကိုယ်ဝန်ရှိနေပြီ ဖြစ်ကြောင်း ကလေး၏အဖေမှာ ကုန်သည်ကြီး မစ္စတာစမစ်ဖြစ်ကြောင်း သမီးမေရီထံမှ သတင်းကို ကြားရသောအခါ အဖေဖြစ်သူ စကော့တလန်သား မစ္စတာစတ်စကိုင်း ဒေါသူပုန် ထတော့သည်။

"ငါ့သမီးကို ဒီလို စော်ကားလို့ ဘယ်ရမလဲ၊ ဒီကောင့်ကို ငါ စိစိညက်ညက် ကြေအောင် ချေပစ်ပလိုက်မယ်၊ လူ့ပြည်မှာ နေချင်စိတ်ကုန်သွားအောင် လုပ်ပလိုက်မယ်"

ဤသို့ ကြိမ်းဝါးကာ မစ္စတာစမစ်၏ ရုံးခန်းထဲသို့ မုန်ယိုနေသော မျက်နှာနှင့် ဝင်သည်၊ မစ္စတာစမစ် ၎င်းကို ဖျောင်းဖျပြီး ပြောသည်။

"ကျွန်တော် လူကြီးလူကောင်းပါ မစ္စတာစတ်စကိုင်း၊ မေရီ ယောက်ျားလေးမွေးရင် သူ ကျွန်တော့်ဆီက ဒေါ်လာ တစ်ထောင်တယ်၊ လစဉ်ထောက်ပံ့ကြေးရယ် ရမယ်၊ မေရီ့ အဖေကို ဒေါ်လာ–၅၀၀ ပေးမယ်၊ အကယ်၍ သမီးလေး မွေးရင်တော့ ဒေါ်လာ–၇၅၀ နဲ့ ထောက်ပံ့ကြေးရမယ်၊ မေရီ့ အဖေကတော့ ဒေါ်လာ–၅၀၀ ပဲ ရပါမယ်၊ ကျွန်တော့်ကလေး ဘယ်တော့မှ မဆင်းရဲစေရပါဘူးဗျာ"

"ကျွန်တော် နားလည်သဘောပေါက်ပါပြီ လူကြီးမင်း၊ တစ်ခုပဲ မေးချင်ပါတယ်၊ တကယ်လို့ မတော်တဆ ကိုယ်ဝန် ပျက်ကျတယ်ဆိုရင် မေရီ့ကို နောက်တစ်ကြိမ် အခွင့်အရေး ပေးဦးမလားဟင်"



## ၁၂၈။ ပိုက်ဆံကုန်တဲ့အထိ လျှောက်လည်ကြမယ်



ပထမဦးဆုံးအကြိမ် အမျိုးသမီးမိတ်ဆွေနှင့် ချိန်းတွေ့ရန် ထွက်သွားသော သားဖြစ်သူ ပြန်လာမည့် အချိန်ကို အဖေဖြစ်သူ စကော့တလန်သားကြီးက စောင့်နေသည်။ ည ၁၂–နာရီထိုးခါနီးမှ သား ပြန်ရောက်လာသည်။

"ဖေဖေ၊ ဘာလို့ မအိပ်သေးတာလဲ၊ ကျွန်တော့်အတွက် စိုးရိမ်နေလို့လား"

"ဟုတ်တယ်၊ မင်းတို့ ပိုက်ဆံဘယ်လောက်ကုန်သွားသလဲဆိုတာ သိချင်လို့"

"လေးသျှိလင်ထဲပါ"

"ဒါဆို သိပ်မများပါဘူး"

"ဟုတ်တယ်အဖေ၊ ကောင်မလေးဆီမှာ ဒီထက် ပိုမပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



## ၁၂၉။ အတူတူချည်းပဲဥစ္စာ

ရှက်ကြောက်တတ်သော အမျိုးသမီးက မိမိ၏သူငယ်ချင်းမကို တိုင်ပင်သည်။

"ဆရာဝန်ဆီသွားရမှာ အိုင် ရှက်နေတယ်၊ သူက ယောကျ်ားဆရာဝန်၊ အိုင် သူ့ရှေ့မှာ အဝတ်အစား ချွတ်ပြရမှာ၊ ဘာလုပ်ရမလဲ မသိဘူး၊ အကြံပေးပါဦး"

"ဘာရှက်စရာလိုလဲ၊ ဆရာဝန်ယောကျ်ားဟာ တခြားယောကျ်ားတွေနဲ့ ဘာမှ မထူးဘူး"

## ၁၃၀။ ဓားပြလူဆိုးဆိုရင် 'နိုး'ပဲ

စတိတ်ရှိုးမှ ပြန်လာသော နာမည်ကျော် အဆိုတော်မက မိမိ၏ ခင်ပွန်းသည်ကို ရှင်းပြနေသည်။

"မောင်ရေ၊ ခင် အိမ်ပြန်နောက်ကျရတာ စိတ်မဆိုးနဲ့နော်၊ ပွဲပြီးလို့ အိမ်ကို ကားနဲ့ ပြန်အလာ လမ်းတစ်နေရာမှာ လူဆိုးသုံးယောက်က ကားကို အတင်းတားပြီး ခင့်ကို ခြိမ်းခြောက်တယ်၊ သီချင်းတစ်ပုဒ် ဆိုပြရင်ပြ၊ မပြရင် အဓမ္မကျင့်ရလိမ့်မယ်တဲ့"

"အဲဒီတော့ မင်းက သီချင်းဆိုပြလိုက်ရရောလား"

"ခင့်အကြောင်းကို မောင် ကောင်းကောင်းမသိသေးပဲကိုး၊ ဒီလို ဓားပြလူဆိုးတွေအတွက် ခင် ဘယ်တော့မှ မဆိုဘူးရှင့်၊ သိရဲ့လား"





## ၁၃၁။ နိုးပဒေါသား



မီးရထားအိပ်ခန်းထဲတွင် ရန်ကုန်သား၊ မန္တလေးသားနှင့် နိုးပဒေါရွာသား (မွန်ပြည်နယ်)တို့ လိုက်ပါလာကြသည်၊ စကားဝိုင်းဖြစ်အောင် အစပျိုးသည့်အနေနှင့် ရန်ကုန်သားက ပြောသည်။

"ကျွန်တော် မန္တလေးကို ရောက်ဖူးတယ်၊ အတော်လှတဲ့မြို့ပဲဗျာ၊ ကျွန်တော်သာ ရန်ကုန်မှာ မမွေးခဲ့ရင် မန္တလေးမှာ မွေးတဲ့သူ ဖြစ်ချင်တယ်ဗျ"

မန္တလေးသားကလည်း ရန်ကုန်သားကို ပြန်မြှောက်သည်။

"ကျွန်တော်သာ တကယ်လို့ မန္တလေးမှာ မမွေးခဲ့ရင် ကျွန်တော်ရဲ့ မွေးရပ်မြေဟာ ရန်ကုန် ဖြစ်စေချင်တယ်ဗျ"

နိုးပဒေါသား ဘာပြောမည်နည်းဆိုသည်ကို ရန်ကုန်သားနှင့် မန္တလေးသားတို့ စောင့်သည်၊ နိုးပဒေါသားက ပြောသည်။

"ကျွန်တော်သာ နိုးပဒေါရွာမှာ မမွေးခဲ့ဘူးဆိုရင် လူ့ပြည်ကိုတောင် မရောက်ချင်ဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



## ၁၃၂။ နို့စို့အရွယ်လား

"မင်းရဲ့ ပန်းချီကားကို ပြပွဲမှာ ချိတ်ဆွဲဖို့ ရွေးလိုက်တယ် မဟုတ်လား"

"ဒီတစ်ခါလည်း အရွေးမခံရပါဘူးကွာ"

"ဘာဖြစ်လို့လဲ"

"ငါ ရှုမျှော်ခင်းပုံကို ဆွဲတယ်၊ ပြပွဲကြီးကြပ်သူတွေရဲ့ စည်းကမ်းချက်အတိုင်း တောင်ကုန်း၊ ဖြတ်စီးနေတဲ့မြစ်၊ တဲအိမ်တစ်လုံး၊ မြစ်ကမ်းဘေးမှာ အမျိုးသမီးတစ်ဦး ကလေးကို နို့ချိုတိုက်ကျွေးနေပုံတွေ အားလုံးပါအောင် ငါ ဆွဲလိုက်တာပဲ၊ ဒါပေမယ့် သူတို့ လက်မခံနိုင်ဘူးလို့ ပြောတယ်၊ ဘာကြောင့်လဲလို့ ငါက မေးတော့ နို့စို့နေတဲ့ကလေးဟာ အသက် ၂၅–နှစ်ရှိတဲ့ပုံ ပေါက်နေလို့တဲ့ကွာ"

## ၁၃၃။ အကြောင်းပြချက်

(ယခင် ဆိုဗီယက်ကွန်မြူနစ်ခေတ်တွင် နိုင်ငံတော်လယ်ယာနှင့် စုပေါင်းလယ်ယာဟူ၍ ရှိခဲ့သည်၊ ပါတီနှင့် အစိုးရက ချမှတ်အကောင်အထည်ဖော်သော 'ရိက္ခာစီမံကိန်းများ'တွင် ဖော်ပြပါ လယ်ယာများသည် အဓိကအကျဆုံး ဖြစ်ခဲ့သည်၊ သို့သော် မကြာခဏဆိုသလို လျာထားချက်အတိုင်း ပြည့်မီအောင် မထုတ်နိုင်သဖြင့် နိုင်ငံခြားမှ ဂျုံကို တင်သွင်းရသည်၊ စုပေါင်းလယ်ယာစနစ်ကို ရုရှားတို့ ဤသို့ ဟာသလုပ်သည်။)

"ဆိုကြပါစို့၊ ခင်ဗျားဟာ နိုင်ငံတော်လယ်ယာရဲ့ ဥက္ကဋ္ဌ၊ ဒီနှစ်လည်း သီးနှံ(ဥပမာ–ဂျုံ) အထွက် မကောင်းပြန်ဘူး၊ အထက်ကို အစီရင်ခံတဲ့အခါမှာ ဘယ်လို မွေမိခွင့်ကျတဲ့ အကြောင်းပြချက်ကို ခင်ဗျား ဖော်ပြမလဲ"



"ဒီနှစ် ရာသီဥတုအခြေအနေ ဆိုးရွားလို့"

"ဒီအကြောင်းပြချက်က ရိုးနေပြီ၊ တခြားတစ်ခုကို ပြော"

"စိုက်ဖို့မေ့သွားတယ်ဗျာ၊ ကဲ"

## ၁၃၄။ စစ်မှန်သောဒီမိုကရေစီ

အလုပ်သမားတစ်ယောက်က အခြားအလုပ်သမားတစ်ယောက်ကို ပြောသည်။

"ဘယ်သူတွေ ဘာပဲပြောပြော၊ အင်္ဂလန်ထက်ကောင်းတဲ့ နိုင်ငံ ကမ္ဘာပေါ်မှာ မရှိဘူး၊ အင်္ဂလန်မှာပဲ စစ်မှန်တဲ့ ဒီမိုကရေစီ ရှိတယ်၊ အာဏာရှင်ဆန်တဲ့ လက္ခဏာ လုံးဝ ကင်းရှင်းတယ်"

www.burmeseclassic.com



"စစ်မှန်တဲ့ ဒီမိုကရေစီကို မင်း ဘယ်လို နားလည်ထားလို့လဲကွ"

"ဆိုကြပါစို့၊ မင်း အလုပ်က ပြန်လာတယ်၊ မှတ်တိုင်ကို မရောက်ခင် ဘတ်စ်ကား ထွက်သွားတယ်၊ မိုးကလည်း အကြီးအကျယ် ရွာနေတယ်၊ အဲဒီအချိန်မှာ ဖြတ်မောင်းလာတဲ့ ကားတစ်စီး မင်းရှေ့ ရပ်လိုက်ပြီး ကားထဲက မင်းရဲ့ အလုပ်ရှင်ကုမ္ပဏီသူဌေး ဆင်းလာတယ်၊ သူ့ကားနဲ့ လိုက်ဖို့ ဖိတ်ခေါ်ပြီး သူ့အိမ်ကို ခေါ်သွားတယ်၊ မင်းရဲ့ အဝတ်တွေ ခြောက်အောင် လှမ်းခိုင်းလိုက်ပြီး ဝီစကီတစ်ခွက် တိုက်တယ်၊ မနက်ကျမှ ပြန်ပါလားလို့တောင် ပြောလိုက်သေးတယ်"

"ဘာလဲ၊ မင်းကိုယ်တိုင် ကြုံခဲ့တာလား"

"ဟင့်အင်း၊ ငါ့ညီမက ငါ့ကို ပြန်ပြောပြတာ၊ သူ့ကို မယုံစရာ အကြောင်းမရှိဘူးလေ"

## ၁၃၅။ နိုင်ငံခြားဘာသာ

မိတ်ဆွေများဖြစ်ကြသော ခွေးနှစ်ကောင် လမ်းမှာ ဆုံကြရာ အပြန်အလှန် နှုတ်ဆက်ကြသည်။

"ဝုတ်၊ ဝုတ်၊ ဝုတ်"

"အောက်အီးအီးအွတ်"

"မင်းနှုတ်ဆက်တာ တစ်မျိုးကြီးပါလား"







"မင်း တော်တော် အတုံ့ အကျောင်ပဲ၊ ငါ နိုင်ငံခြားဘာသာ သင်နေတာလေ"

## ၁၃၆။ တောင်းပန်တယ်

အရောင်းစာရေးက ကုမ္ပဏီပိုင်ရှင်ကို ပြောသည်။

"လူကြီးမင်း ကျွန်တော့်ရဲ့ လစာကို တိုးမပေးရင် ကျွန်တော့်ကို မပေါင်းနိုင်တော့ဘူးလို့ မိန်းမက ခြိမ်းခြောက်တယ်ခင်ဗျ၊ အဲဒါ ကျွန်တော့်ကို လစာ တိုးမပေးပါနဲ့ခင်ဗျာ"

## ၁၃၇။ သစ်ခုတ်သမား

ဆွီဒင်နိုင်ငံတွင် နိုင်ငံတကာ သစ်ခုတ်ပြိုင်ပွဲ ကျင်းပသည်၊ ပြိုင်ပွဲ စတင်ကြောင်း အချက်ပေးလိုက်သည်နှင့် တုတ်ခိုင်ထွားကျိုင်းသော သစ်ခုတ်သမားများ ပေါက်ဆိန်ရှည်ကြီးများကို ကိုင်ဆောင်လျက် ပြေးထွက်လာကြသည်၊ ၎င်းတို့အထဲတွင် ထူးထူးခြားခြား လူပုလေးတစ်ယောက်လည်း ပါသည်၊ ၎င်း၏ လက်ထဲတွင်ကား ပေါက်ဆိန်သေးသေးလေးတစ်ခုကို ကိုင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြိုင်ပွဲဝင်သူများအနက် တစ်နာရီအတွင်း ၁၄–ပင် ခုတ်လှဲနိုင်သူ ဆွီဒင်သားက တတိယ၊ ၁၈–ပင် ခုတ်လှဲနိုင်သူ ဖင်လန်သားက ဒုတိယ၊ ၂၅–ပင် ခုတ်လှဲနိုင်သူ လူပုလေးက ပထမ ရသည်၊ အနိုင်ရသူကို သတင်းထောက်များ ဝိုင်းမေးကြသည်။

"သစ်ပင်ခုတ်တဲ့ပညာကို အခုလောက် ကျွမ်းကျွမ်းကျင်ကျင် ဘယ်မှာ တတ်မြောက်ခဲ့တာလဲဗျာ"

"ဆာဟာရသဲကန္တာရမှာ"

"သဲကန္တာရမှာ သစ်ပင်မှ မရှိဘဲ"

"ဟုတ်တယ်၊ အခု မရှိတော့ဘူး"

## ၁၃၈။ ငါးဟင်း

စားသောက်ဆိုင်တွင် ဖြစ်သည်၊ လာစားသူက စားပွဲထိုးကို မေးသည်။

"ကျွန်တော် ဝင်လာခါစက ဟင်းလျာစာရင်းမှာ ငါးဟင်းကို ဖျက်ထားတယ်၊ အခု ပြန်ပေါ်လာတယ်၊ ဘာသဘောလဲ"

"စောစောကထွက်သွားတဲ့ ပုဂ္ဂိုလ်က သူ မစားချင်ဘူးဆိုပြီး ပြန်ပေးခဲ့လို့ပါ"





## ၁၃၉။ အရက်နံ့



"ခင်ဗျားတို့ဆိုင်ရဲ့ စပယ်ရှယ် ဝက်နံရိုးကင်က ဘာဖြစ်လို့ အရက်နံ့ ရနေတာလဲဗျ"

စကားပွဲထိုး နောက်သို့ ခြေနှစ်လှမ်းခန့် ဆုတ်လိုက်ပြီး ဧည့်သည်ကို မေးသည်။

"အခုကော အနံ့ရသေးလားခင်ဗျ"

## ၁၄၀။ မေ့သွားလို့

လာစားနေကျ ဖောက်သည်က မကျေမနပ် ပြောသည်။

"ဟင်းချိုထဲမှာ ခင်ဗျားတို့ အသားနှစ်တုံး ထည့်နေကျ၊ ဒီနေ့ ဘာဖြစ်လို့ တစ်တုံးတည်း ဖြစ်နေရတာလဲ"

"ခွင့်လွှတ်ပါခင်ဗျာ၊ စားဖိုမှူး အသားတုံးကို လှီးဖို့ မေ့သွားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



## ၁၄၁။ ရုရှားနာရီ

ပိုလန်သားတစ်ယောက် မော်စကိုသို့ ရောက်လာသည်။ ပထမဦးဆုံး တွေ့သောလူကို "ဘယ်နှစ်နာရီရှိပြီလဲ" ဟု မေးသည်။ ထိုလူသည် မိမိဆွဲလာသော သေတ္တာနှစ်လုံးကို ချကာ လက်ပတ်နာရီကို ကြည့်သည်။

"၁၁–နာရီ၊ ၄၃–မိနစ်နဲ့ ၁၇–စက္ကန့်၊ ဒီနေ့ နေ့စွဲက ဖေဖော်ဝါရီ ၁၃–ရက်၊ အပူချိန်က ၂၀–ဒီဂရီစင်တီဂရိတ်၊ ညနေပိုင်းမှာ မိုးရွာလိမ့်မယ်"

ရုရှားသား၏ အဖြေကြောင့် ပိုလန်သည်သည် အထူးတလည် အံ့ဩသွားသည်။ ၎င်းပတ်ထားသော နာရီသည် ဂျပန်လုပ်နာရီ ဖြစ်ရမည်ဟု ပိုလန်သားက ပြောသည်။

"မဟုတ်ဘူး၊ ဒါ ကျွန်တော်တို့ ရုရှားနိုင်ငံလုပ် ပြည်တွင်းဖြစ် နာရီဗျ"

"တယ်ဟုတ်ပါလား၊ ဆိုဗီယက် စက်မှုပညာရဲ့ တိုးတက်မှုကို ချီးကျူးပါတယ်ဗျာ"

ရုရှားသည် ချထားသော သေတ္တာနှစ်လုံးကို ကုန်းကောက်လိုက်ရင်း ပြန်ပြောသည်။

"နာရီကတော့ မဆိုးပါဘူး၊ ဒါပေမယ့် သူ့အတွက် ဘက်ထရီက လေးလှတယ်ဗျ"

## ၁၄၂။ အတော်ဆုံးဈေးသည်



"စကော့တလန် နိုင်ငံလုံးဆိုင်ရာ အတော်ဆုံး ဈေးသည်ပြိုင်ပွဲမှာ မာတင်ဆိုတဲ့လူ အနိုင်ရသွားတယ်ဆိုပဲ"

"ဘယ်လိုများ ထူးထူးခြားခြား ရောင်းပြလိုက်လို့လဲ"

"နွားမတစ်ကောင်ပဲရှိတဲ့ လယ်သမားကို အရစ်ကျပေးချေတဲ့ စနစ်နဲ့ နို့ညှစ်ကိရိယာတစ်ခုကို ရောင်းတယ်၊ အဲဒီလို ရောင်းရာမှာ ငွေမကျေမချင်း အဲဒီနွားမကို အာမခံအဖြစ်နဲ့ သူ သိမ်းထားလိုက်တယ်"

## ၁၄၃။ သိအောင်ပြမယ်

ဆံပင်ညှပ်ဆရာက မေးသည်။

"ဘယ်လို ညှပ်ပေးရမလဲခင်ဗျာ"

"ဒီနေရာမှာ ဒီလို၊ ဟောဒီနေရာမှာတော့ ဟောဒီလို"

"ဘယ်လို၊ ဘယ်လို"

"နေရာချင်း လဲလိုက်ရအောင်၊ ခင်ဗျားသိအောင် ကျွန်တော်ပြမယ်"





www.burmeseclassic.com

www.burmeseclassic.com

## ၁၄၄။ တူညီသောဆန္ဒ
(တရုတ်ဟာသ)

ဝယ်သူ – "လှလည်းလှ၊ ခိုင်လည်းခိုင်တဲ့ ဖိနပ်တစ်ရံ ဝယ်ချင်တယ်၊ ဒါပေမယ့် ဈေးနှုန်း ချိုသာရမယ်"

ရောင်းသူ – "ကျွန်တော်လည်း အဲဒီဖိနပ်မျိုး ရှာနေတယ်"

## ၁၄၅။ အရောင်တူတာ ရမှာပေါ့

အာရပ်နိုင်ငံ တစ်နိုင်ငံသို့ ရောက်လာသော နိုင်ငံခြားသား နှစ်ယောက်သည် စားသောက်ဆိုင်တစ်ခုထဲသို့ ဝင်သည်၊ 'ယနေ့ ရနိုင်သော စားသောက်ဖွယ်ရာများ' စာရင်းတွင် မမြင်ဘူး၊ မစားဘူး တာများကို တွေ့ရ၍ မြည်းကြည့်ရန် ဆုံးဖြတ်လိုက်ကြသည်၊ သို့ဖြင့် 'စပယ်ရှယ်အာရပ်နို့' ကို မှာလိုက်ကြသည်၊ ခဏအကြာတွင် အာရပ်အမျိုးသမီးတစ်ဦး ၎င်းတို့အနားသို့ ရောက်လာပြီး ခွက်နှစ်ခွက်ထဲသို့ မိမိ၏ ရင်သားမှ နို့များကို ညှစ်ပေးသည်၊ 'စပယ်ရှယ် အာရပ်နို့' ကို သောက်ရင်း တစ်ယောက်က ပြောသည်။

" 'စပယ်ရှယ်အာရပ်ဘီယာ' ကို မှာရင် ဘာရမလဲ မသိဘူးနော်"





## ၁၄၆။ တစ်ချောင်းပဲဆွဲပါ



ဈေးထဲတွင် လူတစ်ယောက် ကြက်တူရွေး တစ်ကောင်ကို အော်ရောင်းနေသည်၊ ကြက်တူရွေး၏ ညာခြေထောက်တွင် အနီရောင် အပ်ချည်ကြိုး၊ ဘယ်ခြေထောက်တွင် အစိမ်းရောင် အပ်ချည်ကြိုး ချည်ထားသည်၊ ဈေးလာဝယ်သောလူက စိတ်ဝင်စားသဖြင့် မေးသည်။

"ကြက်တူရွေးမှာ ဘာဖြစ်လို့ ကြိုးနှစ်ချောင်း ချည်ထားရတာလဲဗျ"

"ဪ ဒါလား၊ ဒီကြက်တူရွေးက စာတတ်ပုဂ္ဂိုလ်လေး၊ ကြိုးနီကို ဆွဲလိုက်ရင် ဒီကောင် ပြင်သစ်လို စကားပြောတယ်၊ အဲ ကြိုးစိမ်းကို ဆွဲလိုက်ရင်တော့ အင်္ဂလိပ်လို ပြောတယ်ဗျ"

"နှစ်ချောင်းစလုံးကို တစ်ပြိုင်နက် ဆွဲလိုက်ရင်ကော"

ပိုင်ရှင်မဖြေခင် ကြက်တူရွေးက စိတ်တိုစွာ ဝင်ပြောသည်။

"ဘာဖြစ်ရမလဲ၊ ဖင်ထိုင်လဲကျသွားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

## ၁၄၇။ သစ်မှုဖြစ်မယ်

လာဝယ်သူက ရောင်းသူကို ပြောသည်။

"ကျွန်တော် ရှပ်အင်္ကျီတစ်ထည် ဝယ်ချင်တယ်"

"ကျွန်တော်ဝတ်ထားတဲ့ အင်္ကျီမျိုးလား"

"ဟင့်အင်း၊ ဒီထက်သန့်ရှင်းတဲ့အင်္ကျီ"

## ၁၄၈။ အရောင်းအဝယ်

**(ဂျူးဟာသ)**

"ဒီဖိနပ် ဘယ်လောက်ကျသလဲ"

"တစ်ဆယ်ရှဘယ်"

"ခြောက်ရှဘယ် ပေးမယ်ဗျာ"

"ဖိနပ်တစ်ရံ ဆယ်ရှဘယ်ကျတယ်"

"ရှစ်ရှဘယ် ပေးမယ်ဗျာ"

"မရဘူး၊ တစ်ဆယ်ကျတယ်"

"ကောင်းပါပြီ၊ ရော့ တစ်ဆယ်၊ ၁၂-ရှဘယ် ကျတယ်လို့ အစကတည်းက ပြောပါလား"

## ၁၄၉။ ရေဖိုးမပါ

**(အီတလီဟာသ)**

အရက်ဘားတွင်ဖြစ်သည်၊ ဧည့်သည်က စိတ်ဆိုးစွာ ပြောသည်။





"ခင်ဗျားပေးတဲ့ ဝိုင်အရက်က ရေရော ထားပါလား"

"ပူညံပူညံ မလုပ်ပါနဲ့၊ မိတ်ဆွေဆီက ရေဖိုး တောင်းလို့လား"



## ၁၅၀။ တွေးတတ်သူ

**(ယူကရိန်းဟာသ)**

အိုဒက်ဆာမြို့မဈေးတွင် လူတစ်ယောက် ကြက်တူရွေး တစ်ကောင်နှင့် ကြက်ဆင်တစ်ကောင်ကို အော်ရောင်းနေသည်၊ ဝယ်လိုသူက မေးသည်။

"ကြက်တူရွေး ဈေးဘယ်လောက်လဲ"

"ရှဘယ်တစ်ထောင်၊ ဒီကောင်က 'မင်းအရူး' လို့ ပြောတတ်တယ်"

"ကြက်ဆင်ကကော"

"ရှဘယ်တစ်သောင်း"

"ဒီကောင် ဈေးများလှချည်လားဗျ"

"ဒီကောင်က ဉာဏ်ကောင်းတယ်၊ 'မင်းအရူး' လို့တော့ မပြောတတ်ဘူး၊ ဒါပေမယ့် စိတ်ထဲက ဒီအတိုင်း တွေးတယ်"

www.burmeseclassic.com



## ၁၅၁။ မျက်စိမှုန်တာကိုး

မျက်မှန်ဆိုင်ထဲသို့ လူကြီးတစ်ယောက် ဝင်လာသည်၊ အရောင်းစာရေးက ၎င်းကို ကြိုဆိုသည်။

"ကြွပါခင်ဗျာ၊ လူကြီးမင်း အနုတ် ၁၀-ဒီဂရီရှိတဲ့ မျက်မှန်ကို လိုလိမ့်မယ်ခင်ဗျ"

"ကျုပ် မျက်စိမှုန်တယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

"တံခါးမကြီးက မဟုတ်ဘဲ ပြတင်းပေါက်ကို လူကြီးမင်း ကျော်ဝင်လာတာကို တွေ့ရလို့ပါ"

## ၁၅၂။ နှစ်ခါချွန်

စိန်ရွှေရတနာဆိုင်တွင် ဖြစ်သည်။ ဆိုင်ထဲဝင်လာသော လူငယ်က မေးသည်။

"ဒီဆွဲကြိုး ဘယ်လောက်ပေးရသလဲဗျ"

"ဒေါ်လာ နှစ်ထောင်"

အံ့ဩလွန်းသဖြင့် လူငယ် လေချွန်လိုက်မိသည်။

"ဒါးက နားကပ်ရော"

"လေနှစ်ခါ ချွန်လိုက်ပါ"

## ၁၅၃။ ဈေးအပေါဆုံး



"ဟောဟိုက အပြာနုရောင်ထိုးက ဈေး ဘယ်လောက်လဲ"

"လေးဆယ်"

"လက်ဝဲဘက်က ပန်းရောင်ထိုးကကော"

"တစ်ရာငါးဆယ်"

"ဒီထက်ပေါတာ မရှိဘူးလား"

"ဒီထက်ပေါတာ မိုးပဲရှိတယ်"

## ၁၅၄။ ထပ်ပေးပါ

လူတစ်ယောက် ဆေးဆိုင်မှ ထွက်လာသည်၊ ၎င်း၏နောက်သို့ ဆေးရောင်းသူ ပြေးလိုက်လာသည်။

"ခဏနေပါဦးရှင့်၊ စောစောက ရှင် ကျွန်မတို့ဆိုင်က ချောင်းဆိုးပျောက်ဆေး ဝယ်သွားတယ်၊ အဲဒီဆေးကို ပြန်ပေးပါရှင့်"

"ဘာဖြစ်လို့လဲ"

"ကျွန်မ မှားပြီး ဝမ်းနုတ်ဆေး ပေးလိုက်မိလို့ပါ"

www.burmeseclassic.com

"ကျွန်တော် သောက်လိုက်ပြီဗျ"

"အဲဒါဆို နောက်ထပ် ငွေတစ်ဆယ်ပေးပါ"

## ၁၅၅။ သိသင့်တာပေါ့

ကားဟောင်းတစ်စီးကို ဝယ်မည့် စကော့တလန်သားသည် အချိန်အတန်ကြာ ဈေးဆစ်နေသည်၊ နောက်ဆုံးတွင် ပိုင်ရှင်ကို မေးသည်။

"ဒီကား တာတ်ဆီ အင်မတန်စားသလား"

"ဒီအတွက်တော့ လုံးဝ စိတ်မပူနဲ့၊ ကီလိုမီတာတစ်ရာကို ဓာတ်ဆီ ဗွန်းနှစ်ဗွန်းပဲ ကုန်တယ်"

စကော့တလန်သား ကျေနပ်သွားသည်၊ သို့သော် မကြာမီ ပြန်ရောက်လာပြီး ထပ်မေးသည်။

"ဟင်းခပ်ဗွန်းကြီးလား၊ လက်ဖက်ရည်ဗွန်းလားဗျ"

## ၁၅၆။ လွန်တာပေါ့

မိမိမွေးထားသော ခွေးအတွက် စကော့တလန်သား အမဲရိုး လာဝယ်သည်၊ ရောင်းသူက မေးသည်။

"ဒီအပြင် ဘာအလိုရှိပါသေးသလဲ ခင်ဗျာ"

"အမဲရိုးကို ဒီနေ့ထုတ်သတင်းစာနဲ့ ထုပ်ပေးပါ"





## ၁၅၇။ ပိုအရေးကြီးတဲ့ကိစ္စ
(ဂျူးဟာသ)



"ခင်ဗျားတို့ဆီမှာ ကျွန်တော် မော်တော်ကား ဝယ်လို့ရမလား"

"ရပါတယ်၊ ဘာကားယူမလဲ"

"နောက်ဆုံးထုတ် 'ဗော်လ်ဂါ' ကားပါ"

"ဘာအရောင်ယူမလဲ"

"အစိမ်းနုရောင်"

"ရပါတယ်၊ ငွေလက်ခံဌာနမှာ ငွေသွားချေလိုက်ပါ"

"ဒီမှာ ငွေချေပြေစာ၊ မော်တော်ကားကို ကျွန်တော် ဘယ်တော့ရမလဲခင်ဗျ"

"ဒီနေ့ဟာ ၁ ၉၈၀–ခုနှစ်၊ ဒီဇင်ဘာလ ၂၀–ရက်နေ့၊ ဒီတော့ ၁၉၈၅–ခုနှစ်၊ ဒီဇင်ဘာလ ၂၀–ရက်နေ့မှာ လာခဲ့ပါ"

"နေ့လယ်စာ မစားမီလား၊ စားပြီးချိန်မှာလား"

"ဒါအရေးကြီးသလားဗျ၊ နောက်ငါးနှစ်ကြာမှ ကားရမယ့် ဥစ္စာပဲ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အဲဒီနေ့ မနက်ပိုင်းမှာ ကျွန်တော့်အိမ်ကို ရေမိုက်ပြင်သမား လာစရာရှိလို့ပါ"





www.burmeseclassic.com

www.burmeseclassic.com



(ဆိုဗီယက်ခေတ်တွင် ရုရှားနိုင်ငံ၌ ရောင်းနိုင်အားနှင့် ဝယ်လိုအား မမျှသဖြင့် ကိုယ်ပိုင်ကား ဝယ်လိုသူများသည် နှစ်နှင့်ချီ၍ တန်းစီ စောင့်ရသည်။)

## ၁၅၈။ စေတနာနဲ့ပါ

ဈေးဝယ်သူက အံ့သြစွာ မေးသည်။

"ရှင့်ကို ကျွန်မ ပိုက်ဆံပေးလိုက်တာက ခြောက်လုံးဖိုး၊ အခု ရှင်ထည့်ပေးလိုက်တော့ ငါးလုံးတည်းပါလား"

"ဒီလိုပါခင်ဗျာ၊ ခြောက်လုံးမြောက် လိမ္မော်သီးဟာ ကြေမွပြီး ပုပ်စပြုနေပါပြီ၊ အစ်မကြီးကိုယ်ကိုင် လွှင့်ပစ်မှာ သေချာလို့ပါ"

## ၁၅၉။ လိပ်စာရှင်ဘယ်မှာလဲ

မိမိပို့လိုက်သော စာကို စာတိုက်က လာပြန်ပို့သဖြင့် ဘာဖြစ်လို့ပါလိမ့်ဟု ကိုမြ တွေးသည်၊ စာအိတ်နှင့်အတူ စာတိုက်၏ မှတ်ချက်ပါ ပါလာသဖြင့် ကိုမြ ဖတ်ကြည့်သည်၊ မှတ်ချက်မှာ ဤသို့ ဖြစ်သည်။

"လိပ်စာရှင် ကွယ်လွန်သွားပြီး ဖြစ်သည်၊ ၎င်း၏ လိပ်စာသစ်ကို မသိပါ"



## ၁၆၀။ ကိုယ့်အပြစ်နဲ့ကိုယ်

(ပါကစ္စတန်ဟာသ)



"ဟေ့ ဘိုင်၊ မောင်ရင် ပေးတဲ့ ကြက်သားဟင်းက သိုးတဲ့အနံ့ ရနေပါလား"

"လူကြီးမင်း ကိုယ့်ကိုယ်ကိုပဲ အပြစ်တင်ပါ"

"ဘာဖြစ်လို့လဲ"

"လွန်ခဲ့တဲ့ ဗုဒ္ဓဟူးနေ့ကတည်းက ဒီကြက်သားဟင်းကို စားပါလားလို့ ကျွန်တော် အကြံပေးခဲ့တယ်၊ လူကြီးမင်း ငြင်းခဲ့တာကိုး"

## ၁၆၁။ အကြံကောင်း

(ပိုလန်ဟာသ)

'ယနေ့ရနိုင်သော ဟင်းလျာများ' စာရင်းကို စည်သည်က လေ့လာပြီး စားပွဲထိုးကို ခေါ်သည်။

"ကျွန်တော့်မှာ ဇလော့တာ (ပိုလန်ပိုက်ဆံ) ၂၀-ပဲ ပါတယ်ဗျ၊ အကြံပေးပါဦး"

"တခြားဆိုင်ကိုသွား"



www.burmeseclassic.com

www.burmeseclassic.com

## ၁၆၂။ အလေးနိုးမယ်

ဈေးထဲတွင် ဖြစ်သည်၊ ဟင်းသီးဟင်းရွက်ရောင်းသူ ကိုမြက မိန်းမဖြစ်သူ မပုကို ပြောသည်။

"မပု၊ ဒီနေ့ ကိုလှတို့ဆိုင်က နင် ဒီနေ့ ဘာမှ မဝယ်နဲ့"

"ဘာဖြစ်လို့လဲ"

"တို့ချိန်ခွင်ကို သူတို့ ငှားထားလို့"

## ၁၆၃။ အသားညှပ်ပေါင်မုန့်

(အင်္ဂလိပ်ဟာသ)

စားသောက်ဆိုင်တစ်ခုရှေ့တွင် နှစ်ဒေါ်လာပေးလျှင် မည်သည့် အသားညှပ်ပေါင်မုန့်မဆို ရနိုင်သည်ဟူသော ကြော်ငြာကို တွေ့ရာ ကမ္ဘာလှည့်ခရီးသည်တစ်ဦးသည် အပျော်သဘောဖြင့် ဆင်သားနှင့် နာနတ်သီးပါသော အသားညှပ်ကို မှာလိုက်သည်၊ စားပွဲထိုးက မေးသည်။

"ပေါင်မုန့်ညိုနဲ့လား၊ ရိုးရိုးပေါင်မုန့်နဲ့လား"

"အညိုနဲ့ပေးဗျာ"

"ဘာဟင်းသီးဟင်းရွက်ယူမလဲ၊ သခွားသီးနဲ့လား၊ ခရမ်းချဉ်သီးနဲ့လား"

"နာနတ်သီးနဲ့လို့ ကျွန်တော် ပြောပြီးပြီဗျာ"







စားပွဲထိုး ထွက်သွားသည်၊ မကြာမီ ပြန်ရောက်လာပြီး ပြောသည်။

"ဝမ်းနည်းပါတယ်၊ လူကြီးမင်းရဲ့ အော်ဒါကို ကျွန်တော်တို့ မဖြည့်ဆည်း ပေးနိုင်ပါဘူး"

"ဘာဖြစ်လို့လဲ၊ ခင်ဗျားတို့ ကြော်ငြာထားတာ ဘာအတွက်လဲ"

"ဆိုင်ပိတ်ဖို့ ငါးမိနစ်ပဲ ကျန်ပါတယ်၊ နောက် ဆင် တစ်ကောင်ကို မဖျက်ချင်ဘူးလို့ ဆိုင်ရှင်က ပြောတယ်"

## ၁၆၄။ ကြော်ငြာ

(ဗီယက်နမ်ဟာသ)

ဧည့်သည်က မကျေမနပ် ပြောသည်။

"ဟေး ဘွိုင်၊ ဒီနေ့ ခင်ဗျားပေးတဲ့ အုန်းနို့ရည်ဆမ်းထားတဲ့ ကြက်သားပေါင်းဟာ မနေ့ကထက် နှစ်ဆနီးပါး နည်းနေပါလား၊ ဘာဖြစ်လို့လဲ"

"မနေ့က လူကြီးမင်း ဘယ်မှာ ထိုင်သလဲခင်ဗျာ"

"လမ်းနဲ့ကပ်နေတဲ့ ပြတင်းပေါက်အနားမှာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ရှင်းပါပြီ၊ ပြတင်းပေါက်နားထိုင်တဲ့ ညည့်သည်မှန်သမျှကို ကြော်ငြာသဘောနဲ့ မှာတဲ့ဟင်းလျာကို ကျွန်တော်တို့ သာမန်ထက် ပိုပေးနေကျပါ"

## ၁၆၅။ နားထိုင်း

အာဖရိတောနက်တစ်ခုထဲသို့ ခရီးသည်တင် လေယာဉ်တစ်စင်း ပျက်ကျသည်၊ ခရီးသည်ဖြစ်သူ တယောဆရာတစ်ယောက်မှလွဲ၍ ခရီးသည်အားလုံး သေဆုံးကုန်ကြသည်၊ တယောဆရာသည် မိမိ ပိုက်ထားသော တယောကို ကြည့်သည်၊ ထိခိုက်ပျက်စီးခြင်း အလျဉ်း မရှိကြောင်း တွေ့ရသောအခါ တယောကို ယူကာ တောလမ်းအတိုင်း လျှောက်သည်၊ တစ်နေရာတွင် မျက်နှာချင်းဆိုင်မှ ဝက်ဝံတစ်ကောင် လျှောက်လာသည်ကို မြင်ရသည်၊ ကြောက်စိတ်ဖြင့် ဘာလုပ်ရမှန်း မသိသဖြင့် ပါလာသော တယောကို ထိုးသည်၊ ၎င်းရှေ့တည့်တည့် တွင် ဝက်ဝံရပ်လိုက်ပြီး ဂီတသံကို နားထောင်သည်၊ တဖြည်းဖြည်း နှင့် တောရိုင်း တိရစ္ဆာန်များ စုပြုံရောက်ရှိလာကြပြီး တယောဆရာ ၏ လက်သံကို နားထောင်ကြသည်၊ တယောဆရာကလည်း မိမိ သိသမျှ သီချင်းတို့ကို တစ်ပုဒ်ပြီး တစ်ပုဒ် တီးပြသည်၊ တစ်နာရီ၊ နှစ်နာရီ၊ သုံးနာရီ ကြာသွားသည်၊ တယောဆရာကလည်း ထိုးဆဲ။

ရုတ်တရက် နားထောင်သော ပရိသတ်ထဲမှ နောက်မှ ရောက်လာဟန်တူသော ကျားတစ်ကောင်ထွက်လာပြီး တယောဆရာ ကို ကိုက်စားလိုက်သည်၊ ကျန်တိရစ္ဆာန်များက ၎င်းကို အပြစ်တင်ကြသည်၊ ခြင်္သေ့က ကျားကို ဟိန်းဟောက်သည်။



"တို့ကို ပျော်ဖြေတဲ့ လူကို မင်း ဘာဖြစ်လို့ စားလိုက်ရသလဲကွဟေ"

"ခင်ဗျား ကျွန်တော့်ကို တစ်ခုခု ပြောလိုက်သလားဗျဟင်၊ ကျယ်ကျယ် ပြောပါ၊ ကျွန်တော် မကြားရဘူးဗျ"

## ၁၆၆။ အကောင်းစားဖိနပ်

"ဒီဖိနပ်ဟာ ကြာရှည်ခံပါ့မလားဗျ"

"ခံမယ်လို့ ထင်တယ်၊ အခုချိန်ထိ ဘယ်သူမှ ဒုတိယ တစ်ရံ လာမဝယ်ဘူး"

## ၁၆၇။ ဝါရင့်ကားမောင်းသမား

ခရီးသည် အဘိုးကြီးတစ်ဦး တက္ကစီ စီးလာသည်၊ [illegible] သမားကို ၎င်း စပ်စုပြီး မေးသည်။





www.burmeseclassic.com

www.burmeseclassic.com

"စိတ်မရှိပါနဲ့ ငါ့တူ၊ သိချင်လို့ပါ၊ တကယ်လို့ ငါ့တူ အရက် ဝမ်းပက်သောက်ထားရင် ကားမောင်းနိုင်ပါ့မလား"

"မောင်းနိုင်တာပေါ့ဗျာ"

"တူးပက်သောက်ထားရင်ကော"

"ဒါလည်း မောင်းနိုင်မှာပဲ"

"အင်း၊ ငါ့တူကို ကြည့်ရတာ ပထမတန်းစား ကားမောင်းသမားနဲ့ တူတယ်၊ ဒါနဲ့ ဖန်ခွက်တစ်ခွက်အပြည့် သောက်ထားရင်ကော"

တက္ကစီသမား စိတ်တိုလာသည်။

"အဓိပ္ပာယ်မရှိတဲ့ မေးခွန်းတွေကို ဘာလို့ မေးနေရ တာလဲ အဘိုးကြီး၊ အခု မောင်းနေတာ မြင်တယ် မဟုတ်လား"

### ၁၆၈။ မပြောနဲ့နော်

အာကာသယာဉ်ဖြင့် ကမ္ဘာကို လပေါင်းများစွာ ပတ်ကာ သုတေသနမျိုးစုံကို လုပ်ဆောင်ခဲ့သော အာကာသယာဉ်မှူး မြေပြင် ပေါ်သို့ ဆင်းသက်လာသည်၊ ၎င်းကို ဆိုဗီယက်ခေါင်းဆောင်များ အားလုံး ကြိုဆိုကြသည်၊ ကြိုဆိုမှု အခမ်းအနား ပြီးစီးသောအခါ ဆိုဗီယက်အာကာသ အစီအစဉ် ကြီးကြပ်ရေးမှူးက အာကာသယာဉ် မှူးကို နှစ်ကိုယ်ကြား မေးသည်။







"ရဲဘော် ပိထရော့၊ အာကာသထဲမှာ ဘာတွေ ဖြစ်ပျက်နေသလဲဆိုတာ ရဲဘော် ကြည့်ရှုလေ့လာ ခွင့် ရခဲ့တယ်၊ အရေး အကြီးဆုံး မေးခွန်းတစ်ခု ကို ဖြေစမ်းပါ၊ အဲဒီမှာ ရဲဘော် ဘုရားသခင်ကို မြင်ခဲ့ရသလား၊ မမြင်ခဲ့ ရဘူးလား"

"အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ ကျွန်တော် မြင်ခဲ့ ရပါတယ် ခင်ဗျာ"

"အင်း၊ ကျုပ်ထင်တာ မှန်နေပြီပေါ့၊ ဒါ အင်မတန်ဆိုးတဲ့ ကိစ္စပဲ၊ ဒီအကြောင်းကို ရဲဘော် ဘယ်သူ့ကိုမှ မပြောနဲ့နော်၊ အန္တရာယ်များတယ်"

ဘယ်သူ့ကိုမှ ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် ဤအကြောင်းကို ထုတ်မပြောပါဟု အာကာသယာဉ်မှူး ကတိပေးလိုက်သည်။

နောက် အချိန်မကြာမီတွင် ဆိုဗီယက်အာကာသယာဉ်မှူးကို ပုပ်ရဟန်းမင်းကြီးက လက်ခံတွေ့ဆုံသည်၊ နှစ်ယောက်တည်း ကျန် သောအခါ ပုပ်ရဟန်းမင်းကြီးက တိုးတိုးလေး မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သား၊ ငါ့သားဟာ အာကာသထဲမှာ အချိန်အကြာကြီး နေခဲ့သူ ဖြစ်တယ်၊ ငါ့သားကို မေးခွန်းတစ်ခုပဲ မေးချင်တယ်၊ အဲဒီမှာ ဘုရားသခင်ကို မြင်ခဲ့ရသလား"

မိမိ၏ အကြီးအကဲအား ကတိပေးခဲ့သည်ကို ဆိုဗီယက်ယာဉ်မှူး သတိရလိုက်သည်။

"ဟင့်အင်း၊ မတွေ့ခဲ့ရပါဘူး"

ပုပ်ရဟန်းမင်းကြီး သက်ပြင်းချပြီး ပြောသည်။

"အင်း၊ ဝမ်းနည်းစရာပဲ၊ ထင်တဲ့အတိုင်းပါလား၊ ဒါပေမယ့် ဒီကိစ္စကို တို့နှစ်ယောက် ဆွေးနွေးခဲ့တယ်လို့ ဘယ်သူ့ကိုမှ မပြောနဲ့နော်"

## ၁၆၉။ မပါပါရစေနဲ့

ဆိုဗီယက်သုတေသန တက္ကသိုလ်တစ်ခုသို့ ဂျပန်တစ်ယောက်ကို စေလွှတ်လိုက်သည်၊ ထိုတက္ကသိုလ်တွင် ဝန်ထမ်းအားလုံး ဘာမှမယ်မယ်ရရ အလုပ်မလုပ်ကြ၊ လက်သည်းညှပ်နေသူ၊ ဆေးလိပ်သောက်နေသူ၊ ဝိုင်းဖွဲ့စားသောက်နေကြသူ၊ လေပန်းနေကြသူတို့ကိုသာ ကိုဂျပန် နေ့တိုင်းလိုလို မြင်နေရသည်၊ ၎င်းတို့ရှေ့တွင် ကိုဂျပန် ခါးကို ကုန်းပြီး ဂျပန်ဘာသာဖြင့် တစ်စုံတစ်ခုကို ပြောကာ နေရာမှ ထွက်သွားမြဲ၊ တစ်နေ့တွင် စကားပြန်တစ်ယောက်ကို ခေါ်ကာ ကိုဂျပန် ဘာပြောသနည်းဆိုသည်ကို ဘာသာပြန်ခိုင်းသည်၊ ကိုဂျပန် ပြောသည့်စကားမှာ ဤသို့ ဖြစ်သည်။

"ကျွန်တော်ဟာ တခြား နိုင်ငံတစ်ခုရဲ့ ကိုယ်စားလှယ် ဖြစ်နေပါတယ်၊ ဒါကြောင့် မိတ်ဆွေတို့ရဲ့ ဆန္ဒပြ သပိတ်မှောက်ပွဲမှာ ကျွန်တော် မပါနိုင်ခြင်း ဖြစ်ပါတယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"



## ၁၇၀။ ခြားနားချက်

"ထောက်လှမ်းရေးနဲ့ သူလျှို ဘာခြားနားသလဲ"

"ထောက်လှမ်းရေးသမားက ကျုပ်တို့လူ၊ သူလျှိုဆိုတာက သူတို့လူ"

## ၁၇၁။ ဆွေမျိုး

"ခင်ဗျားဆီမှာ ဆင်းရဲတဲ့ဆွေမျိုး ရှိသလား"

"သူတို့အကြောင်း ကျွန်တော် ဘာမှမသိဘူး"

"ချမ်းသာတဲ့ဆွေမျိုးကော ရှိသလား"

"အင်း၊ ဒါပေမယ့် သူတို့ ကျွန်တော့်အကြောင်းကို မသိဘူး"





www.burmeseclassic.com

www.burmeseclassic.com



## ၁၇၂။ မငြင်းဘူး

အရက်ဘားတွင် ဖြစ်သည်။

"ခင်ဗျား ဒီမိုကရေစီ ဘက်တော်သားလား"

"မဟုတ်ဘူး၊ ဒါပေမယ့် အရက်သောက်ပါလားလို့ ပြောရင် ဘယ်တော့မှ မငြင်းဘူး"

## ၁၇၃။ စဉ်းစားတုန်း

အစ္စရေးနိုင်ငံသို့ အပြီးအပိုင် ပြောင်းရွှေ့လိုကြောင်း လျှောက်လွှာကို ကိုင်လျက် ဆိုဗီယက် ဂျူးအဘိုးကြီးတစ်ယောက် နိုင်ငံကူးလက်မှတ်ဌာနစိတ်သို့ ရောက်လာသည်။

"အစ္စရေးနိုင်ငံကို ကျုပ် အပြီးအပိုင် သွားချင်တယ်၊ ဟောဒီမှာ လျှောက်လွှာ၊ ကျုပ်ကို ပြည်ထွက်ခွင့်ဗီဇာ ထုတ်ပေးပါ"

"အဘိုး၊ သေသေချာချာ စဉ်းစားနော်၊ အဘိုးက အသက်ကြီးပြီ၊ ပြီးတော့ အစ္စရေးမှာ အခု နေပူလိုက်၊ အခု မိုးရွာလိုက်နဲ့ အဘိုးရဲ့ ကျန်းမာရေးနဲ့ သင့်တော်မယ်မထင်ဘူး။ စဉ်းစားပါဦး"

"ကောင်းပြီလေ၊ ကျုပ် စဉ်းစားလိုက်ဦးမယ်"

ရုံးဆင်းချိန် ရောက်သောအခါ နိုင်ငံကူးလက်မှတ်ဌာနစိတ်မှာ အရာရှိသည် မိမိ၏ ရုံးခန်းမှ ထွက်သည်၊ အပြင် ဧည့်သည်များ စောင့်ဆိုင်းသည့် နေရာတွင် မနက်ပိုင်းက ဂျူးအဘိုးကြီးကို မြင်ရသည်။



"ဘယ့်နယ်လဲ အဘိုး၊ စဉ်းစားပြီးပလား"

"စဉ်းစားနေတုန်းပဲ၊ ထီး ယူသွားရမလား၊ မယူဘဲ သွားရမလား ဆိုတာကို"

## ၁၇၄။ စစ်သူကြီးတို့မည်သည်

ဆိုဗီယက် ကွန်မြူနစ်ပါတီခေါင်းဆောင် ဘရက်ဇနက်က ဝန်ကြီးချုပ် ကိုစီဂင်ကို မေးသည်။

"နပိုလီယံကို အနိုင်တိုက်ခဲ့တဲ့ မျက်လုံးတစ်ဖက်နဲ့ ရုရှားစစ်သူကြီးရဲ့ နာမည် ဘယ်လိုခေါ်သလဲ"

"ကူတူးဇော့ပါ"

"မျက်လုံးတစ်ဖက်နဲ့ အင်္ဂလိပ်ရေတပ် ဗိုလ်ချုပ်ရဲ့ နာမည်ကကော"

"နယ်လ်ဆင်ပါ"

"ဟို တစ်ဖက်ကန်း ဂျူးရဲ့နာမည်ကကော"





www.burmeseclassic.com

www.burmeseclassic.com



"မိုရှေဒါယန်းပါ"

"အဲဒါဆို ဘာဖြစ်လို့ ကျုပ်တို့ဆီက မာရှယ်ဂရက်ချ်ကို (ဆိုဗီယက်ကာကွယ်ရေးဝန်ကြီး) အခုချိန်ထိ မျက်လုံးနှစ်ဖက် ဖြစ်နေရတာလဲ"

## ၁၇၅။ ဘယ်လိုများလည်သလဲ

ရာဘင်နိုဗစ်ချ်ကို အလုပ်တာဝန်ဖြင့် အရင်းရှင်နိုင်ငံ တစ်ခုသို့ တစ်ပတ်ကြာ စေလွှတ်လိုက်သည်၊ ရောက်ပြီး မကြာမီ 'လွတ်လပ်မှုကို ကျွန်တော် ရွေးလိုက်ပြီ' ဟူသော ကြေးနန်းစာကို မော်စကို အလုပ်ဌာနသို့ ၎င်း ပေးပို့လိုက်သည်၊ ရာဘင်နိုဗစ်ချ်ကို ရှုတ်ချမည့် ပါတီဝင်များ အစည်းအဝေးကို ကလပ်စည်းခေါင်းဆောင် ချက်ချင်း ဆင့်ခေါ်သည်၊ အစည်းအဝေး ကျင်းပနေဆဲတွင် အခန်းထဲသို့ ရာဘင်နိုဗစ်ချ် ဝင်လာသည်၊ တစ်ခန်းလုံး တိတ်ဆိတ်သွားသည်၊ ရာဘင်နိုဗစ်ချ်က ပြောသည်။

"ကျွန်တော်ပေးလိုက်တဲ့ ကြေးနန်းစာကို ရဲဘော်တို့ ဘယ်လို သဘောပေါက်ကြသလဲဆိုတာ သိချင်လို့ ဝင်လာတာပါ"

## ၁၇၆။ အကျင့်ပါနေလို့

ဆိုဗီယက်ပါလီမန် အစည်းအဝေးမှ ပြန်လာသော အမတ်ဖြစ်သူ ခင်ပွန်းသည်ကို အိမ်ရှင်မက ညစာပြင်ရင်း မေးသည်။





"ရှင် ဟင်းချို သောက်မလား"

ယောက်ျားဖြစ်သူ ဘာမှ မပြောဘဲ လက်ညှိုးထောင်သည်။

"ကြက်သားနဲ့ အာလူးကြော်ကော စားမလား"

ယောက်ျား ဘာမှ မပြောဘဲ လက်ညှိုးထောင်သည်။

"ဗော့ဒ်ကာတစ်ခွက် ထည့်ပေးရမလား"

ယောက်ျားဖြစ်သူ လက်ခုပ်တီး သြဘာပေးသည်။

## ၁၇၇။ ခြားနားခ်က်

"အရင်းရှင်စနစ်နဲ့ ဆိုရှယ်လစ်စနစ် ဘာခြားနားသလဲ"

"အရင်းရှင်နစ်မှာ လူက လူကို ခေါင်းပုံဖြတ်တယ်၊ ဆိုရှယ်လစ်စနစ်မှာတော့ ပြောင်းပြန်"



www.burmeseclassic.com

www.burmeseclassic.com

## ၁၇၈။ သာလွန်မှု

"ဆိုရှယ်လစ်စနစ်ရဲ့ ကောင်းကွက်ကို ပြောပြစမ်းပါ"

"တခြားစနစ်တွေမှာ မတွေ့ရတဲ့ အခက်အခဲတွေကို သူ အောင်မြင်စွာ ကျော်လွှားတယ်လေ"

## ၁၇၉။ မှိုအမျိုးမျိုး

"ဘယ်လိုမှိုမျိုးကို စားလို့ရသလဲ"

"အားလုံးကို စားလို့ရတယ်၊ ဒါပေမယ့် တချို့မှိုတွေကို တစ်ခါပဲ စားလို့ရတယ်"

## ၁၈၀။ အံ့ဩစရာအကောင်းဆုံး

"အနုခေတ်မှာ အံ့ဩစရာအကောင်းဆုံးဟာ ဘာလဲ"

"ပညာမဲ့သူတွေ စင်မြင့်ပေါ်တက် ဟောပြောနေတာ အံ့ဩစရာ အကောင်းဆုံး မဟုတ်ဘူး၊ ပညာရှိတွေက အဲဒီလူတွေကို ဩဘာပေးနေတာက အံ့ဩစရာအကောင်းဆုံး"

## ၁၈၁။ ပျားရည်ဆမ်းပြီးပြီ

"ပျားရည်ဆမ်းလ ဘယ်အခါမှာ ကုန်ဆုံးလေ့ ရှိသလဲ"

"ပန်းကန်ခွက်ယောက် ဆေးကြောရာမှာ မိန်းမကို ယောက်ျားက ဝင်မကူတော့ဘဲ ကိုယ်တိုင် ဆေးကြောလာတဲ့အခါမှာ ကုန်ဆုံးလေ့ရှိပါတယ်"



## ၁၈၂။ အသက်ပိုရှည်တဲ့မိန်းမ

"ယောက်ျားတွေထက် မိန်းမတွေ အသက်ပိုရှည်တယ်ဆိုတာ အမှန်ပဲလား"

"အတိအကျတော့ မသိဘူး၊ ဒါပေမယ့် မုဆိုးမတွေ အသက်ပိုရှည်တာတော့ အမှန်ပဲ"

## ၁၈၃။ မျက်နှာဖုံး

"ခွဲစိတ်ဆရာဝန်တွေ ဘာဖြစ်လို့ သူတို့မျက်နှာကို အဝတ်ဖြူနဲ့ ဖုံးထားရသလဲ"

"ခွဲစိတ်တာ မအောင်မြင်ရင် သူတို့ကို မမှတ်မိအောင်လို့"







www.burmeseclassic.com

www.burmeseclassic.com



## ၁၈၄။ သားဖွားခြင်းအမျိုးမျိုး

"သားဖွားတာ ဘယ်နှစ်မျိုးရှိသလဲ"

"သုံးမျိုးရှိတယ်၊ မင်္ဂလာမဆောင်ခင် တစ်နှစ်အလိုမှာ မွေးရင် အချိန်မရောက်ဘဲ မွေးဖွားခြင်း၊ ယောက်ျားသေပြီး တစ်နှစ်အကြာမှာမွေးရင် နောက်ကျသော မွေးဖွားခြင်း၊ ကိုယ့်မိန်းမ မဟုတ်တဲ့ အိမ်နီးချင်းမိန်းမက မွေးရင် မှားယွင်းသော မွေးဖွားခြင်း"

## ၁၈၅။ ပျော်ရွှင်ခြင်းနဲ့ ဝမ်းနည်းခြင်း

"ပျော်ရွှင်ရခြင်းနဲ့ ဝမ်းနည်းရခြင်းကို ဥပမာပေးပြီး ရှင်းပြစမ်းပါ"

"ပိုက်ဆံအိတ်ကို ကောက်ရရင် ပျော်ရွှင်ရတယ်၊ အဲ အဲဒီပိုက်ဆံအိတ်ရဲ့ပိုင်ရှင် ပေါ်လာတဲ့အခါ ဝမ်းနည်းရတယ်"

## ၁၈၆။ ပိန်နည်း

"အကောင်းဆုံးပိန်နည်းဟာ ဘာလဲ"

"ဗိုက်ထဲမှာ အစာမရှိရင် ဘာမှ မစားနဲ့"

## ၁၈၇။ ဆော်လမွန်ဘုရင်



"ဆော်လမွန်ဘုရင်ဟာ အမြော်အမြင် အကြီးဆုံး ပုဂ္ဂိုလ်လို့ အဆိုရှိကြတယ်၊ ဘာဖြစ်လို့လဲ"

"သူ့မှာ မယားတွေအများကြီး ရှိပြီးတော့ အားလုံးနဲ့ အရာခပ်သိမ်းကို တိုင်ပင်လို့"

## ၁၈၈။ ကြားလဲကြား၊ မြင်လဲမြင်

"ရေဒီယိုနဲ့ ရုပ်မြင်သံကြား ဘာခြားသလဲ"

"ရေဒီယိုမှာ အနှောင့်အယှက်ကို ကြားမဲ့ကြားရတယ်၊ ရုပ်မြင်သံကြားမှာကျတော့ သူတို့ကို မြင်ပါ မြင်ရတယ်"

## ၁၈၉။ သတိရတယ်

"ချစ်သူနဲ့ဖက်ရင်း နမ်းရှုပ်နေတဲ့အချိန်မှာ အမျိုးသမီးဟာ ဘာဖြစ်လို့ မျက်စိပိတ်ထားသလဲ"

"အရင်နမ်းခဲ့တဲ့လူတွေအကြောင်းကို စဉ်းစားလို့"





www.burmeseclassic.com

www.burmeseclassic.com



**၁၉၀။ အချိန်မီရောက်ချင်ရင်**

"အလျင်စလိုသွားနေတဲ့ နေရာဆီ အချိန်မီရောက်အောင် ဘာလုပ်ရမလဲ"

"ရပ်လိုက်ပါ၊ စဉ်းစားပါ"

**၁၉၁။ တူညီချက်**

"ကျောင်းသားတွေနဲ့ ခွေးကလေးတွေ တူတာဘာရှိလဲ"

"အားလုံးနားလည်ကြတယ်၊ မျက်လုံးတွေက လိမ္မာပါးနပ်တဲ့ မျက်လုံးတွေ၊ ဒါပေမယ့် ဘာတစ်ခွန်းမှ မပြောတတ်ကြဘူး"

**၁၉၂။ မီးရထားနဲ့ လူ့ဘဝ**

"မီးရထားနဲ့ ကျုပ်တို့ရဲ့ဘဝအကြား တူတာဘာရှိလဲ"

"ပထမတန်းထက် ရိုးရိုးတန်းက ပိုများတယ်"

**၁၉၃။ နည်းကောင်း**

"ဆံပင်မဖြူရအောင် ဘာလုပ်ရမလဲ"

"ကတုံး တုံးလိုက်"





**၁၉၄။ ပင်စင်ယူချိန်**

"မြင်းကို ဘယ်အချိန်မှာ ပင်စင်ပေးသင့်သလဲ"

"ဘွဲ့ရလက်မှတ်ကိုင်ထားတဲ့ မြည်းရောက်လာတဲ့အခါမှာပေါ့"



**၁၉၅။ ခံစားမိပြီ**

"ယောကျ်ားတစ်ယောက်ဟာ မိမိကိုယ်မိမိ အဘိုးကြီးဖြစ်ပြီဆိုတာ ဘယ်အချိန်မှာ ခံစားရသလဲ"

"မြေးတွေကို တွေ့ရတဲ့အခါမှာ မခံစားရဘူး၊ ညကျ အဘွားနဲ့ အိပ်ရတဲ့အခါမှ ခံစားရတယ်"

**၁၉၆။ ရောင်းပါ**

"ရိုးသားတဲ့လူကို ဝယ်လို့ရသလား"

"မရဘူး၊ ရောင်းလို့တော့ ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



## ၁၉၇။ ကိုယ့်အတွက် ကိုယ်ရှုး

ရန်ကုန်ဘူတာကြီးတွင် ရန်ကုန်–ရွှေညောင်ရထား ရပ်ထားသည်၊ တွဲပေါ်သို့ လူကြီးတစ်ယောက် တက်လာသည်၊ တွဲပေါ်တွင် ခရီးသည်များ ပြည့်ကျပ်နေပြီး ထိုင်ခုံနေရာလွတ်ဟူ၍ လုံးဝ မရှိချေ၊ 'အားလုံးကို ငါ လှည့်ကျလိုက်ဦးမယ်' ဟု တွေးကာ ပါလာသော သေတ္တာကို ဖွင့်လိုက်သည်၊ ချက်ချင်းဆိုသလို ပြန်ပိတ်လိုက်ပြီး ထိုင်ခုံအောက်ဝင်ကာ ဟိုရှာသည်ရှာ လုပ်သည်၊ ခရီးသည်များ စိတ်ဝင်စားလာပြီး ဝိုင်းမေးကြသည်။

"ဘာရှာနေတာလဲဗျ"

"အနှောင့်အယှက် မပေးကြပါနဲ့၊ ကျွန်တော် ဒီကောင့်ကို မိမှာပါ"

"ဘာကောင်ကိုလဲ"

"မြွေလေ၊ သေတ္တာထဲက ဒီကောင် လွတ်ထွက်သွားတယ်"

ခရီးသည်များ အားလုံး ရှဲခနဲ ဖြစ်သွားကြသည်၊ သူ့ထက်ငါ အလျင်ဦးအောင် တွဲထဲမှ ထွက်ပြေးကြသည်း လူတစ်ယောက်မှ မကျန်သောအခါ လူကြီးသည် ခုံတန်းပေါ် လှဲချလိုက်သည်၊ ချက်ချင်း အိပ်ပျော်သွားသည်၊ ည တစ်နာရီခန့်တွင် အိပ်ရာမှ နိုးလာသည်၊ ရထား ရပ်ထားသည်ကို တွေ့ရသဖြင့် ပြတင်းပေါက်မှ ပြူထွက်ကာ ဖြတ်လျှောက်လာသော ရထားလုပ်သားကို မေးသည်။

"ဘာဘူတာလဲဗျ၊ သာစည်လား"

"ဘယ်ကလာ သာစည်ရမှာလဲ၊ မနေ့က နမော်နမဲ့နိုင်တဲ့ ခရီးသည် တစ်ယောက် မြွေတစ်ကောင်ကို လွှတ်ထုတ်လိုက်လို့ ဒီအတွဲကို ဖြုတ်ထားခဲ့ရတယ်"



## ၁၉၈။ လူနာကြည့်ချိန်

ကားသစ်ကို ဝယ်ပြီးကတည်းက ကိုမြသည် ကားကိုသာ တစ်ချိန်လုံး 'သ'နေသည်၊ ထမင်းဟင်းကိုသာမက သားမယားကိုပါ မေ့နေတော့သည်၊ သို့သော် တစ်နေ့တွင် မော်တော်ကား အင်ဂျင်ပျက်ရာ မလွှဲမရှောင်သာဘဲ ကားကို ဝပ်ရှော့သို့ ပို့လိုက်ရသည်၊ ဤသို့ ပို့လိုက်ရကတည်းက ကိုမြ ဂနာမငြိမ်တော့၊ အခုထိုင်လိုက်၊ အခု ထလိုက်နှင့် သက်ပြင်းကိုသာ တွင်တွင်ကြီး ချနေသည်၊ မိန်းမလုပ်သူက ၎င်းကို နှစ်သိမ့်သည်။

"ရှင်ကလည်း ဒီလေ[illegible]်အထိ စိတ်ပင်ပန်း ဆင်းရဲခြင်း ဖြစ်မနေပါနဲ့၊ ဝပ်ရှော့မှာ 'လူနာကြည့်ချိန်' သတ်မှတ်ထားတာ ရှိမှာပါတော့"

www.burmeseclassic.com



## ၁၉၉။ နိမ့်လွန်းတယ်

အရှိန်ကုန်မောင်းလာသောကားကို ယာဉ်ထိန်းရဲက တားသည်၊ ကားပေါ်မှ အမျိုးသမီးက မေးသည်။

"ဘာလဲ၊ ကျွန်မ မောင်းတာ အင်မတန်မြန်လို့လား"

"ဟင့်အင်း၊ ခင်ဗျားပုံတာ နိမ့်လွန်းလို့"

## ၂၀၀။ လျှင်တဲ့သားအမိ

(မော်စကိုဘတ်စ်ကားများတွင် ရှေ့အပေါက်ကို ခရီးသည်များဆင်းသည့်အပေါက်၊ နောက်အပေါက်ကို ခရီးသည်များ တက်သည့်အပေါက်ဟု သတ်မှတ်ထားသည်။)

မှတ်တိုင်တွင် ဘတ်စ်ကားတစ်စီး ထိုးရပ်လိုက်သည်၊ အမျိုးသမီးတစ်ဦး ရှေ့ပေါက်မှ တက်လာသည်၊ ဒရိုင်ဘာက လှမ်းဟောက်သည်။

"ခင်ဗျား ဘာဖြစ်လို့ ရှေ့ပေါက်က တက်ရတာလဲ"

"ကျွန်မ ကလေးနဲ့မို့ပါရှင့်"

"ဘယ်မှာလဲ ခင်ဗျားကလေး"

"နောက်ပေါက်ကတက်သွားပြီ"

## ၂၀၁။ များပေမယ့်နည်းတယ်

ပြည့်ကျပ်နေသော ဘတ်စ်ကားပေါ်သို့ အဘွားကြီးတစ်ဦး တက်လာသည်၊ ဆေးပတ်ဝန်းကျင်ကို ကြည့်သည်၊ ထိုင်ခုံမှ ထပေးမည့်







အမူအရာ မည်သူမှ မပြကြ၊ သို့ဖြင့် အားလုံးကြားအောင် အော်ပြောသည်။

"ဒီမြို့မှာ ယဉ်ကျေးတဲ့လူဆိုလို့ တစ်ယောက်မှ မကျန်တော့ဘူးထင်တယ်"

ခရီးသည်များထဲက တစ်ယောက် ပြန်ပြောသည်။

"အမေကြီး၊ ယဉ်ကျေးတဲ့လူတွေ ရိုက်သတ်လို့မကုန်အောင်များတယ်၊ ဒါပေမယ့် ထိုင်ခုံနေရာက နည်းနည်းလေး"

## ၂၀၂။ ဘဝ

"ဘဝဆိုတာ ဘာလဲ"

"ရာသက်ပန်မအိပ်ခင် ခေတ္တအပန်းဖြေ လမ်းလျှောက်ခြင်း"

## ၂၀၃။ ဆေးရုံနဲ့ထောင်

"ဆေးရုံနဲ့ထောင် ဘာကွာသလဲ"

"ဘာမှမကွာဘူး၊ ဒါပေမယ့် ထောင်မှာ ကိုယ်နေရမယ့် သက်တမ်းကို သိတယ်"



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၄။ လူသားဝါဒ (Humanism)

"လူသားဝါဒဆိုတာ ဘာလဲ"

"လူတစ်ယောက်ကို အခြားလူတစ်ယောက်ကနေ ကယ်တင်ခြင်း"

## ၂၀၅။ ရှောင်လို့မရတော့ဘူး

ကြက်တူရွေးကို ပခုံးပေါ်တင်လျက် လူငယ်တစ်ယောက် ဘတ်စ်ကားစီးလာသည်၊ မှတ်တိုင်တစ်ခုတွင် လက်မှတ်စစ် တက်လာပြီး လူငယ်ထံမှ လက်မှတ်တောင်းသည်၊ လူငယ်က မိမိ၏ ကြက်တူရွေးကို ပြောသည်။

"ဟေ့ အာနိ၊ ဖြေလိုက်စမ်း"

"နင့်ကြီးတော်ဆီမှာ သွားတောင်း"

လက်မှတ်စစ် နေရာမှ မရွေ့ဘဲ ထပ်ပြောသည်။

"လက်မှတ်ပြပါလို့ ကျွန်တော် ပြောနေတယ်၊ လက်မှတ်မဲ့ဆိုရင် ဒဏ်ရိုက်ရလိမ့်မယ်"

လူငယ်က ကြက်တူရွေးကို ပြောပြန်သည်။

"ဟေ့ အာနိ၊ ဖြေလိုက်စမ်း"

"နင့်ကြီးတော်ဆီမှာ သွားတောင်း"

လက်မှတ်စစ်သည် ခေါင်းမာမာဖြင့် လူငယ်ရှေ့တွင် ဆက်ရပ်နေသည်၊ ဤအချိန်တွင် ဘတ်စ်ကားသည် တံတားတစ်ခုပေါ် ဖြတ်ကျော်လာသည်။ လက်မှတ်စစ်က ပြောသည်။







"ခင်ဗျား လက်မှတ် မပါဘူး၊ ဒဏ်ငွေဆောင် ရင်ဆောင်၊ မဆောင်ရင် ခင်ဗျားနဲ့ ခင်ဗျားရဲ့ ကြက်တူရွေးကို မြစ်ထဲ ပစ်ချလိုက်ရလိမ့်မယ်"

"ဟေ့ အာနိ၊ ဖြေလိုက်စမ်း"

"ကိုဘမောင် ဒဏ်ငွေ ဆောင်လိုက်တော့၊ ကျွန်တော် ရေမကူးတတ်ဘူးဆိုတာ ခင်ဗျား သိသားနဲ့"

## ၂၀၆။ စိုးရိမ်တယ်

ရထားစထွက်သည်နှင့် ခရီးသည် မိန်းမကြီးက တွဲစောင့်ကို စိုးရိမ်သံဖြင့် မေးသည်။

"စက်ခေါင်းမောင်းတဲ့လူ လမ်းသိပါတယ်နော်"

## ၂၀၇။ လဲမယ်

ရထားအိပ်ခန်းတွဲတွင် ဖြစ်သည်၊ အပေါ်အိပ်စင်က ခရီးသည် ယောက်ျားသည် မိမိ၏ ခြေထောက်နှစ်ဖက်ကို တွဲလောင်းချလိုက်


www.burmeseclassic.com

www.burmeseclassic.com



ရှာ အောက်အိပ်စင်ရှိ အမျိုးသမီး၏ မျက်နှာရှေ့တည့်တည့်သို့ ရောက်သွားသည်၊ ထိုလူဝတ်ထားသော ခြေအိတ်နှစ်ဘက်စလုံး ညစ်ပတ်နံစော်လှသည်နှင့် အမျိုးသမီးက ပြောသည်။

"ဒီမှာရှင့်၊ ရှင့်ခြေအိတ်ကို မလဲဘူးလား"

"ဟော့ဒီကာနဲ့ဆို လဲမယ်လေ"

## ၂၀၈။ အိမ်ထောင်ရေးသာယာမှု

"အိမ်ထောင်ရေးသာယာမှုရအောင် ဘာလုပ်ရမလဲ"

"အသက် – ၇၀ ကျော်မှာ အိမ်ထောင်ပြု"

## ၂၀၉။ အတင်း၊အဖျင်း

"ဘယ်အချိန်မှာ မိန်းမတွေ အတင်းအဖျင်း အနည်းဆုံး ပြောသလဲ"

"ဖေဖော်ဝါရီလဟာ အတိုဆုံးလ မဟုတ်လား"

## ၂၁၀။ ပြောသင့်တဲ့အရာ

"အမျိုးသမီးနဲ့ တွေ့တဲ့အခါမှာ ဘာအကြောင်းကို ပြောသင့်သလဲ"

"သူ့ရဲ့အလှအကြောင်း"



"အကယ်၍ သူ အင်မတန် အရုပ်ဆိုးနေရင်ကော"

"တခြား အရုပ်ဆိုးတဲ့ မိန်းမတွေအကြောင်း ပြောပါ"

## ၂၁၁။ သစ္စာ

"ဘဝနဲ့ မှတ်ကျောက်တင်ခံထားတဲ့ အမှန်တရား ဆိုတာ ဘာကို ပြောတာလဲ"

"အကြိမ်ကြိမ် ကျူးလွန်မိတဲ့အမှား"

## ၂၁၂။ ယောက်ျားနဲ့ကြောင်

"ယောက်ျားဆိုတာ ဘာလဲ"

"ယောက်ျားဆိုတာ ကြောင်နဲ့တူတယ်၊ လာပြီး ပလူးပလဲ လုပ်တယ်၊ နောက် ထွက်ပြေးတယ်"





www.burmeseclassic.com

www.burmeseclassic.com

## ၂၁၃။ ပျော်ရအောင်

"ကိုချုချာ၊ တစ်နေ့လုံးပျော်ရအောင် ဘာလုပ်ပေးရမလဲ"

"စာရွက်အလွတ် တစ်ရွက်ကိုယူ၊ 'နောက်ကျောကိုကြည့်' လို့ နှစ်ဘက်စလုံးမှာ ရေးလိုက်"

## ၂၁၄။ တကယ့်ငရဲ

"ငရဲ တကယ်ရှိတယ်ဆိုတာ ယောက်ျားတစ်ယောက် ယုံကြည်လာအောင် ဘာလုပ်ရမလဲ"

"မိန်းမယူခိုင်းလိုက်"

## ၂၁၅။ ပေးသင့်တာပေါ့

လေယာဉ်ပျံကို ပထမဆုံးအကြိမ် စီးလာသော ခရီးသည်က လေယာဉ်မယ်ကို ပြောသည်။

"ခရီးသည်တွေကို လေထီးထုတ်မပေးဘူးလား"

"မပေးပါဘူး"

"သင်္ဘောတွေမှာ ခရီးသည်တွေကို သက်ကယ်အိတ် ထုတ်ပေးတာပဲ"

"ဒါ သင်္ဘောမှ မဟုတ်တာဘဲ"





"ထူးဆန်းတယ်နော်၊ ပျံတတ်တဲ့လူတွေထက် ရေကူးတတ်တဲ့လူ ပိုများတယ် မဟုတ်လားရှင့်"



## ၂၁၆။ ရေစရာရှိသေးလို့

အပျော်စီး ပင်လယ်ကူး သင်္ဘောကြီး နစ်မြုပ်စပြုသည်၊ အသံချဲ့စက်မှ အောက်ပါအတိုင်း ကြေညာသံ ပေါ်ထွက်လာသည်။

"သင်္ဘောလက်မှတ်ကို အရစ်ကျစနစ်နဲ့ ဝယ်ထားသူများ သက်ကယ်လှေပေါ် အရင်တက်ကြပါ"

## ၂၁၇။ ဘာရမလဲ

မိတ်ဆွေများကို မောင်ကောင်းထိုက် ပြောပြနေသည်။

"တလောက မော်လမြိုင်ကို ကျွန်တော် ရထားနဲ့သွားတယ်၊ ပဲခူးမရောက်ခင်မှာ လက်မှတ်စစ် တက်လာပြီး ကျွန်တော့်ဆီမှာ လက်မှတ်မပါဘူးဆိုတဲ့ ပုံစံမျိုးနဲ့ သူ ကျွန်တော့်ကို ကြည့်တယ်ဗျ"

"အဲဒီတော့ ခင်ဗျား ဘာလုပ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမလဲ၊ ကျွန်တော့်ဆီမှာ လက်မှတ်ရှိတဲ့ ပုံစံမျိုးနဲ့ ပြန်ကြည့်လိုက်တာပေါ့"

## ၂၁၈။ အမြန်ရထား

ရထား ခဏခဏ ရပ်သဖြင့် အမြန်ရထားပေါ် လိုက်လာသော ခရီးသည်က မကျေမနပ် တွဲစောင့်ကို မေးသည်။

"ဘာဖြစ်လို့ ကျုပ်တို့ရထား ရပ်ရပြန်တာလဲ"

"ရထားသံလမ်းပေါ်မှာ နွားမတစ်ကောင် တက်အိပ်နေလို့"

"နွားမ ဟုတ်လား၊ ကျုပ်တို့ရထား ရပ်တာပဲ ငါးခါတောင် ရှိနေပြီ၊ ဘာလဲ၊ ဒီဘက်မှာ နွားတွေ အများကြီး ရှိလို့လား"

"မဟုတ်ပါဘူး၊ ဒီနွားမတစ်ကောင်ထဲပါပဲ၊ သူ့ကို ကျွန်တော်တို့ နောက်တစ်ကြိမ် မီလာလို့ပါ"

## ၂၁၉။ တိုယိုတာ

ကားပြင်ဆရာသည် တိုယိုတာ မော်တော်ကားအင်ဂျင်ကို စစ်ဆေးနေသည်၊ ကားပိုင်ရှင် အမျိုးသမီးက စိတ်မရှည်သံဖြင့် မေးသည်။

"ကျွန်မ အကြာကြီး စောင့်ရဦးမှာလား ရှင့်"

"ခင်ဗျားကားမှာ ဓာတ်ဆီတစ်စက်မှ မရှိပါလား"

"ဒါ ရှင် မပြောလည်း ကျွန်မသိပါတယ်၊ ကျွန်မ အခု သိချင်နေတာက ဒီမော်တော်ကား ဘာဖြစ်လို့ နေရာက မရွေ့ရသလဲဆိုတာပဲ"



## ၂၂၀။ ဖြစ်ချင်တော့

တစ်ကိုယ်လုံး ပတ်တီးစည်းထားသော လူနာက ဆေးကုတင်မှ လူနာကို ပြောပြနေသည်။

"ကျွန်တော့်ဇနီးဟာ လေယာဉ်ပျံစီးရမှာ သိပ်ကြောက်တယ်၊ ကျွန်တော့်ကိုလည်း ပေးမစီးဘူး၊ တစ်နေ့ ဆန်ဖရန်စစ္စကိုကနေ ဒေလီမှာ ကျင်းပမယ့် ကွန်ဖရင့်တစ်ခုကို သွားတက်ဖို့ ဖြစ်လာတယ်၊ အဲဒါနဲ့ နယူးယောက်အထိ ရထားနဲ့ သွားလိုက်တယ်၊ အဲဒီမှာ သင်္ဘောစီးပြီး ကိပ်တောင်းကို ခရီးဆက်တယ်၊ ကိပ်တောင်းရောက်တော့ နောက်သင်္ဘောတစ်စီးကို ပြောင်းစီးတယ်၊ ဘုံဘေကို ရောက်တယ်၊ ဘုံဘေကနေ ဒေလီအထိ ရထားနဲ့ သွားတယ်၊ လမ်းတစ်လျှောက် အေးအေးဆေးဆေးပဲ၊



F - 11 (A)



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒေလီဝင်ခါနီးမှာ 'ဘိုးအင်း' တစ်စီး ကျုပ်တို့ရထားပေါ် ပျက်ကျတယ်၊ ရှေ့သုံးတွဲစလုံး ကြေမွသွားတယ်၊ ခရီးသည်တွေကတော့ အရိုးတခြား အသားတခြားပေါ့၊ ကျွန်တော်က စတုတ္ထအတွဲမှာဖြစ်လို့ တော်သေးတယ်၊ ဒါတောင် ပြောကြသေးတယ်၊ ရထားနဲ့ ခရီးသွားရတာ စိတ်အချရဆုံးပဲတဲ့၊ ဟင်း"

## ၂၂၁။ ၃၂

စိတ်ရောဂါအထူးကု ဆေးရုံတွင် ဖြစ်သည်။ ဆရာဝန်သည် ကော်ရစ်ဒါအတိုင်း လမ်းလျှောက်လာသည်၊ လူနာများ အားလုံး '၃၁၊ ၃၁'ဟု ဆူညံစွာ အော်သံကြားရသဖြင့် မေးသည်။

"ဘာလဲ '၃၁' ဆိုတာ"

"ဟိုမှာ ဆေးရုံခေါင်မိုးပေါ်မှာ"

ခြောက်ထပ်တိုက် ဆေးရုံခေါင်မိုးပေါ် ဆရာဝန် ပြေးတက်သွားသည်၊ အပေါ်မှာလည်း လူနာများ '၃၁၊ ၃၁'ဟု ဝိုင်းအော်နေကြသည်၊ အောက်ကို ၎င်းတို့ လက်ညှိုးထိုးပြကြသည်၊ ခေါင်မိုးအစွန်းများအနား ဆရာဝန် ကပ်သွားကာ အောက်သို့ ငုံ့ကြည့်သည်၊ ဤတွင် ၎င်းကို လူနာများ အနောက်မှ ဝိုင်းတွန်းကြပြီး '၃၂၊ ၃၂' ဟု ဝမ်းသာအားရ ဝိုင်းအော်လိုက်ကြသည်။

## ၂၂၂။ ဇရာအို



"ဇရာအို ဆိုတာ ဘယ်လိုလူမျိုးကို ခေါ်တာလဲ"

"အလုပ်တစ်ခုခုကို ကျေကျေနပ်နပ် လုပ်ချင်နေသေးတဲ့လူ၊ ဒါပေမယ့် တချို့ကိစ္စတွေမှာ ပင်ပင်ပန်းပန်း ကြိုးစားလုပ်ပြီးတော့မှ ကျေနပ်မှုကို ရတဲ့လူ"

## ၂၂၃။ တစ်ခါစီးခရီးသည်

"လေယာဉ်ပျံစီးပြီး ခရီးသွားရတာ မကြောက်ဘူးလား"

"ပထမအကြိမ်တုန်းက သိပ်ကြောက်တာပေါ့ရှင်"

"ဘာလဲ၊ နောက်ပိုင်း အကျင့်ရသွားသလား"

"ဟင့်အင်း၊ နောက်ဘယ်တော့မှ လေယာဉ်ပျံ မစီးတော့ဘူး"





www.burmeseclassic.com

www.burmeseclassic.com



## ၂၂၄။ ရဲဆေးတင်ထားပြီ

ကြောက်စိတ်ဖြင့် တဆတ်ဆတ်တုန်နေသည့်လူနာ သွားဆရာဝန်၏ အခန်းထဲသို့ ဝင်လာသည်၊ ဆရာဝန်က လူနာ၏ သွားကို စစ်ဆေးကြည့်ရှုသည်။

"အင်း၊ နာနေတဲ့သွားကို နုတ်ပစ်ရလိမ့်မယ်"

ဤစကားကို ကြားသောအခါ လူနာသည် ယခင်ကထက် ပိုပြီး တုန်ခါလာသည်၊ ဆရာဝန်က ၎င်းကို ဗော့ဒ်ကာတစ်ခွက် ငှဲ့ပေးသည်။

"ရဲစိတ်ဝင်လာအောင် သောက်လိုက်ပါ"

အရက်ကွက်ကို လူနာ မော့ချလိုက်သည်၊ သို့သော် တစ်ကိုယ်လုံး တုန်လှုပ်ဆဲ၊ ဆရာဝန်က နောက်တစ်ခွက်၊ နောက်တစ်ခွက်နှင့် လေးခွက်တိတိ ငှဲ့ပေးသည်၊ လူနာ တုန်တုန်ရီရီ မဖြစ်တော့ကြောင်း သတိထားမိသောအခါ ဆရာဝန်က ပြောသည်။

"ဘယ့်နှယ်လဲ၊ မကြောက်တော့ဘူး မဟုတ်လား"

"ဟုတ်တယ်၊ မကြောက်တော့ဘူး၊ ကျုပ်သွားကို လာထိရဲတဲ့အကောင် လာထိကြည့်၊ မှတ်သွားအောင် လုပ်ပလိုက်မယ်"

## ၂၂၅။ ယားမှာပေါ့

"ဒေါက်တာ၊ ကျွန်တော် တစ်ချိန်လုံး ယားနေတယ်ခင်ဗျ"

"ကိုင်း... အဝတ်အစားကို ချွတ်လိုက်ပါ"

လူနာကို ကြည့်ပြီး ဆရာဝန်က ပြောသည်။

"ခင်ဗျား ရေမချိုး ကြည့်ဘူးလား"

"မထူးဘူး ဒေါက်တာ၊ နောက်တစ်လကြာရင် ပြန်ယားတာပဲ"



## ၂၂၆။ သမားတော်ကြီး

"ဒေါက်တာ၊ ကျွန်မခြေထောက်တွေ နာနေတယ်၊ ဘာလုပ်ရမလဲဟင်"

"ဘာမှမလုပ်ဘဲ အေးအေးဆေးဆေး လဲလျောင်းနေပါ"

"ပိန်ဖို့ကော ဘာလုပ်ရမလဲဟင်"

"လမ်းများများလျှောက်"

"ကျေးဇူးပါပဲ၊ ကျွန်မ သွားတော့မယ်"

www.burmeseclassic.com



## ၂၂၇။ ချောင်းဆိုးပျောက်ဆေး

(အိန္ဒိယဟာသ)

"ဒေါက်တာ၊ ကျွန်တော် တစ်ချိန်လုံး ချောင်းဆိုးနေတယ်၊ လူလည်း ပင်ပန်းလှပြီ၊ ဘာလုပ်ရမလဲဆိုတာ အကြံပေးပါဦး"

"စိတ်မပူပါနဲ့၊ ဆေးစာတစ်ခု ရေးပေးလိုက်မယ်၊ ဒီသောက်ဆေးရည်က အင်မတန် အစွမ်းထက်တယ်၊ ရောဂါကို ယူပစ်သလို ပျောက်စေတယ်၊ ကျွန်တော့်လူနာတစ်ယောက်ဆိုရင် ဒီဆေးရည်ကို သောက်နေတာ ၁၅–နှစ်ရှိပြီ၊ တခြားဘယ်ချောင်းဆိုးပျောက်ဆေးကိုမှ သူ အသိအမှတ်မပြုတော့ဘူး"

## ၂၂၈။ ပြင်ရမယ်

မိလျှံနာသူဌေးက မိမိ၏ ဆရာဝန်ကို ပြောသည်။

"ဒေါက်တာ၊ ဒေါက်တာ့ကို ဆေးကုသခ မပေးတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်၊ အဲဒါအစား ကျွန်တော့်ရဲ့ သေတမ်းစာမှာ ကျွန်တော်ပိုင် ငွေတွေကို ခွဲဝေပေးရမယ့် လူတွေရဲ့ စာရင်းမှာ ဒေါက်တာရဲ့ နာမည်ကို ထည့်ပေးမယ်၊ ကျေနပ်တယ် မဟုတ်လား"

"ကျေနပ်ပါတယ်၊ ဒါနဲ့ စောစောက ကျွန်တော် ရေးပေးတဲ့ ဆေးစာကလေး ကျွန်တော့်ကို ခဏ ပြန်ပေးစမ်းပါ၊ နည်းနည်း ပြင်လိုက်ချင်လို့"





## ၂၂၉။ အရူးက တစ်မူးသာ



စိတ်ရောဂါ စွဲကပ်နေသော လူနာကို နောက်ဆုံးပေါ် အထူးနည်းစနစ်ဖြင့် စမ်းသပ်စစ်ဆေးရန် ဆရာဝန် ဆုံးဖြတ်လိုက်သည်၊ ဆရာဝန်က ပြောသည်။

"သိလား၊ လွန်ခဲ့တဲ့ တနင်္ဂနွေနေ့က ဂေါ်ကီလမ်းမကြီး(မော်စကိုမြို့လည်လမ်းမကြီး)ပေါ်မှာ အင်မတန် ကြောက်ခွဲဖွယ်ကောင်းတဲ့ ကားတိုက်မှုတစ်ခုကို ကျွန်တော် မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့ရတယ်၊ မော်တော်ဆိုင်ကယ်စီးလာတဲ့ လူငယ်ကို အရှိန်နဲ့ မောင်းလာတဲ့ ထရပ်ကားတစ်စီးက တက်ကြိတ်လို့ လူငယ်ရဲ့ဦးခေါင်း ပြတ်ထွက်သွားတယ်၊ လူငယ်ဟာ နေရာကထပြီး သူ့ရဲ့ဦးခေါင်းကို ကောက်တယ်၊ အဲဒီနောက် သူ့ခေါင်းကို ကိုယ်နဲ့ ပြန်ဆက်ဖို့အတွက် အနီးဆုံးဆေးဆိုင်ကို သွားတယ်"

ဤနေရာတွင် လူနာသည် မယုံကြည်သည့် မျက်နှာဖြင့် ဟက်ဟက်ပက်ပက် ရယ်သည်။

"ဒေါက်တာပြောပြတဲ့ ဇာတ်လမ်းမှာ အရေးကြီးတာတစ်ခု လွဲနေတယ်၊ ဂေါ်ကီလမ်းက ဆေးဆိုင်ဟာ တနင်္ဂနွေနေ့မှာ မဖွင့်ဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



## ၂၃၀။ ဆရာဝန်ပေါက်စ

ဆရာဝန်ပေါက်စကို သမားတော်ကြီးက ပြောသည်။

"မောင်ရင်ရဲ့ ပထမဆုံးလူနာ နေပြန်ကောင်းသွားပြီလေ၊ မောင်ရင့်ကို ကြည့်ရတာ ဝမ်းသာရမယ့်အစား စိတ်ညစ်နေတဲ့ပုံပါလား"

"သူ ဘာဆေးနဲ့ တည့်သွားသလဲဆိုတာ စဉ်းစားမရလို့ပါ ဆရာကြီး"

## ၂၃၁။ အိပ်မပျော်သောရောဂါ

အိပ်မပျော်သောရောဂါ စွဲကပ်နေသူကို ဆရာဝန်က အကြံပေးသည်။

"ခင်ဗျားကို ကျွန်တော် ဘာဆေးမှ မပေးချင်ဘူး၊ အိပ်ရာထဲ ဝင်တာနဲ့ တစ်၊ နှစ်၊ သုံး၊ လေးဆိုပြီး အိပ်မပျော်မချင်း စိတ်ထဲက ရေတွက်ကြည့်ပါ"

တစ်ပတ်ကြာသော် လူနာကို ဆရာဝန်က မေးသည်။

"ကျွန်တော် အကြံပေးတဲ့အတိုင်း လုပ်ရဲ့လားဗျ"

"လိုက်လုပ်ပါတယ်၊ ၁၈၅၇–အရောက်မှာ အလုပ်သွားဖို့အချိန် ရောက်လာတယ်"

## ၂၃၂။ ပဟေဠိ



(ယခင် ဆိုဗီယက်ခေါင်းဆောင် ဘရက်ဇနေဗ်နှင့် ပတ်သက်၍ ရုရှားတို့ အမျိုးမျိုး ဟာသလုပ်သည်၊ ဟာသအချို့ကို ယခင်အုပ်များ၌ ဖော်ပြခဲ့ပြီး ဖြစ်ပါသည်၊ နောက်ဟာသများကို အလျဉ်းသင့်သလို ဆက်လက် ဖော်ပြသွားပါမည်။)

ဆိုဗီယက် – အမေရိကန် ထိပ်သီး ဆွေးနွေးပွဲ ပြုလုပ်ရာ ဘရက်ဇနေဗ်က အမေရိကန်သမ္မတ ဖို့ဒ်ကို မေးသည်။

"မစ္စတာဖို့ဒ်၊ ခင်ဗျားတို့ဆီမှာ ဘယ်လိုမူ၊ ဘယ်လိုနှုန်းစံနဲ့ လူတစ်ယောက်ကို အစိုးရဝန်ထမ်းအဖြစ် ရွေးချယ်ခန့်ထားခြင်း ပြုပါသလဲ"

"ဉာဏ်ရည်ကို စမ်းသပ်စစ်ဆေးပြီး ခန့်ပါတယ်၊ လျှောက်ထားသူကို ကျွန်တော်တို့ မေးခွန်းမေးတယ်၊ သူက ဖြေတယ်၊ အဖြေကိုကြည့်ပြီး အမှတ်ပေးတယ်၊ ဥပမာ– ဒီလို မေးခွန်းမျိုး၊ 'ခင်ဗျားအဖေရဲ့သားပဲ၊ ဒါပေမယ့် ခင်ဗျား မဟုတ်ဘူး၊ ဘယ်သူလဲ"





www.burmeseclassic.com

www.burmeseclassic.com



မစ္စတာဘာရက်ဇေသက် စဉ်းစားဟန် ပြုသည်၊ သို့သော် ဘာမတော့ မပြော။ မော်စကိုသို့ ပြန်ရောက်သောအခါ ဝန်ကြီးချုပ် ကိုစီဂင်ကို ခေါ်ပြီး မေးသည်။

"ခင်ဗျားအဖေရဲ့သားပဲ၊ ဒါပေမယ့် ခင်ဗျားမဟုတ်ဘူး၊ ဘယ်သူလဲ"

"ကျွန်တော့်ညီပေါ့"

"အေး၊ ခင်ဗျားတော်တယ်"

နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကို ၎င်း ခေါ်လိုက်ပြန်သည်။

"ခင်ဗျားအဖေရဲ့သားပဲ၊ ဒါပေမယ့် ခင်ဗျားမဟုတ်ဘူး၊ ဘယ်သူလဲ"

"ကျွန်တော့်ညီပေါ့"

"မဟုတ်ဘူး၊ ခင်ဗျား မှားတယ်၊ ကိုစီဂင်ရဲ့ညီ"

## ၂၃၃။ သွားချင်သူတွေအများကြီး

ကိုစီဂင်ကို ဘာရက်ဇေသက် မေးသည်။

"ကျုပ်တို့ဆီမှာ ဂျူးလူမျိုးတွေ ဘယ်လောက်ရှိသလဲ"

"၂-သန်းခွဲလောက်"

"တကယ်လို့ သူတို့ကို အပြီးအပိုင် ထွက်ခွာခွင့် ပေးလိုက်ရင် သွားချင်တဲ့လူ တော်တော်များမယ်ထင်သလား"

"၁၀-သန်း၊ ၁၅-သန်းလောက်တော့ ရှိနိုင်တယ်"





## ၂၃၄။ နိဗ္ဗာန်နဲ့ငရဲ

"နိဗ္ဗာန်နဲ့ ငရဲ ဘယ်ဟာ ပိုသာတယ် ထင်သလဲ"

"ရာသီဥတုရှုထောင့်က ပြောရင် နိဗ္ဗာန်က ပိုသာတယ်၊ ဒါပေမယ့် ငရဲမှာ အပေါင်းအသင်း ပိုတောင့်တယ်"



## ၂၃၅။ ခြားနားချက်

"မိန်းမနဲ့ယောကျာ်း ဘာခြားနားသလဲ"

"မိန်းမတစ်ယောက် လိုချင်တာအများကြီး၊ ဒါပေမယ့် ယောကျာ်းတစ်ယောက်တည်းဆိက။ ယောကျာ်းကတော့ တစ်ခုပဲ လိုချင်တယ်၊ ဒါပေမယ့် မိန်းမအများကြီးဆိက"

## ၂၃၆။ မေးဦးဟဲ့

ယောကျာ်းက မိန်းမကို မေးသည်။

"မင်း ယောကျာ်းမဖြစ်ချင်ဘူးလား"

"ဟင့်အင်း၊ ရှင်ကော"



www.burmeseclassic.com

www.burmeseclassic.com



## ၂၃၇။ အမေ တာဝန်ယူတယ်

"မေမေ၊ သမီး ဒီလူ့ကို လက်မထပ်ချင်ဘူး၊ သူက ဘုရားမဲ့ဝါဒီ၊ ငရဲရှိတယ်ဆိုတာကို မယုံဘူး"

"လက်သာထပ်လိုက်ပါ သမီးရယ်၊ ငရဲရှိတယ်ဆိုတာ သူသိသွားအောင် လုပ်ဖို့က မေမေ့တာဝန်ထားလိုက်ပါကွယ်"

## ၂၃၈။ သူ့တာဝန်နဲ့သူ

လွန်းပျံအာကာသယာဉ်ကို အမေရိကန်တို့ လွှတ်တင်လိုက်သည်၊ ယာဉ်ပေါ်တွင် နော်ဝေးနိုင်ငံသားတစ်ယောက်နှင့် မျောက်တစ်ကောင်သာ ပါသည်၊ သိပ္ပံနည်းကျ လက်တွေ့စမ်းသပ်မှုအမျိုးမျိုး မျောက်က လုပ်သည်၊ အာကာသယာဉ်ကို ထိန်းကျောင်းမောင်းနှင်သည်၊ စက်ခလုတ်အသီးသီးကို ဖွင့်လိုက်၊ ပိတ်လိုက် လုပ်သည်၊ နော်ဝေးနိုင်ငံသားကလည်း မိမိ၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သည်၊ မျောက်ကို အချိန်မှန် အစာကျွေးသည်။

## ၂၃၉။ စိုးရိမ်တယ်

အိမ်နီးချင်း မမြက မကျေနပ်သံဖြင့် လှမ်းအော်ပြောသည်။

"မပု၊ ဟေ မပု၊ ရှင့်သားသုံးကောင် ကျုပ်ရဲ့ သရက်ပင်ပေါ် တက်နေကြပြန်ပြီတော့"



"ဟုတ်လား၊ ခုကွ ပါပဲ၊ စတုတ္ထအကောင် ဘယ်ရောက်နေပါလိမ့်"



## ၂၄၀။ ပြန်ကူးရင်ရောက်မှာလား

လူတစ်ယောက် သံလွင်မြစ်ကို ဖြတ်ကူးရန် ကြိုးစားသည်၊ မြစ်လယ်သို့ ရောက်သောအခါ ပင်ပန်းစ ပြုလာသည်၊ ဟိုဘက်ကမ်းအရောက် ကူးနိုင်တော့မည်မဟုတ်ဟု စိတ်ထဲက တွေးသည်၊ သို့နှင့် နောက်ပြန်လှည့်ကာ တာစထွက်သည့် ကမ်းဘက် ပြန်ကူးသည်။

## ၂၄၁။ လူရှိရင် ငိုမယ်

နဖူးတွင် 'ဘုကြီး' နှင့် ချာတိတ် အိမ်ပြန်လာသည်။

"ဟဲ့ ပီတာ၊ ဘာဖြစ်လာတာလဲ"

"လှေကားပေါ်က လိမ့်ကျလို့"

"တော်တော်ငိုလိုက်သလား"

"ဟင့်အင်း၊ ဟိုမှာ လူတစ်ယောက်မှ မရှိလို့"



www.burmeseclassic.com

www.burmeseclassic.com


## ၂၄၂။ စက်ဘီးသူခိုး

"သချိုင်းထဲမှာမှ စက်ဘီးလာခိုးရတယ်တဲ့၊ ခိုးစရာ နေရာရှားသွားလားကွဟေ"

"ဒီလိုပါ၊ စက်ဘီးပိုင်ရှင် သေပြီထင်လို့ပါ"

## ၂၄၃။ အက်စကော့ (ESCORT) မပါဘူး

ကောင်းကင်တွင် လေယာဉ်တစ်စင်းကို ချူချာနှစ်ယောက် မြင်သည်၊ တစ်ယောက်က ပြောသည်။

"အစိုးရအဖွဲ့ဝင်တွေ ခရီးသွားတာထင်တယ်"

"အစိုးရအဖွဲ့ မဖြစ်နိုင်ဘူး၊ ရှေ့က မော်တော်ဆိုင်ကယ်တွေကို မင်း မြင်ရလို့လား"

## ၂၄၄။ အသက် ထက်ဝက်ကွာတယ်

တရားရုံးတွင် သက်သေအမျိုးသမီးကို တရားသူကြီးက မေးသည်။

"ခင်ဗျားအသက် ဘယ်လောက်လဲ"

"တွက်ကြည့်ရဦးမယ်ရှင့်၊ အင်း ကျွန်မ အိမ်ထောင်ပြုတော့ ကျွန်မအသက် ၂၀၊ ကျွန်မရဲ့ယောကျ်ားက အသက် ၄၀၊ တစ်နည်းအားဖြင့် ပြောရရင် ကျွန်မ သူ့ထက် နှစ်ဆ ငယ်တယ်၊ အခု သူ့အသက် – ၇၀၊ အဲဒီတော့ ကျွန်မ အသက် ၃၅ ရှင့်"





## ၂၄၅။ နေရာမရှိဘူး

တရုတ်နှင့် ချူချာ တွေ့ကြသည်၊ တရုတ်က ပြောသည်။

"တို့တစ်တွေ မင်းတို့နဲ့ စစ်တိုက်မယ်၊ မင်းတို့ဆီမှာ လူဘယ်နှစ်ယောက် ရှိသလဲ"

"ငါးရာတော့ ရှိမယ်၊ ခင်ဗျားတို့ဆီမှာရော"

"သန်း တစ်ထောင်"

"သန်းတစ်ထောင်တောင်လား၊ အဲဒါမှ အခက်ပဲ၊ ခင်ဗျားတို့ကို ကျုပ်တို့ ဘယ်မှာ မြှုပ်ရမှာလဲဗျ"

## ၂၄၆။ ကိုယ်ပိုင်ပစ္စည်း

ပုလင်းလွတ်များ ကိုင်ကာ လမ်းလျှောက်လာသော နီကိုလိုင်ကို သူငယ်ချင်း အီဗန်က မေးသည်။

"ပုလင်းလွတ်တွေ သွားရောင်းမလို့လားကွ"

www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူး၊ မိန်းမနဲ့ရန်ဖြစ်ပြီး 'ရှင့်ပစ္စည်းတွေ ယူပြီး အိမ်ကထွက်သွား' လို့ မောင်းထုတ်လိုက်လို့"

### ၂၄၇။ ယောက္ခမအတွက်လက်ဆောင်

လျှပ်စစ်ပစ္စည်းများ အရောင်းဆိုင်သို့ လူငယ်တစ်ယောက် ရောက်လာသည်၊ ဈေးရောင်းသူက မေးသည်။

"ဘာအလိုရှိပါသလဲခင်ဗျာ"

"ယောက္ခမအတွက် လက်ဆောင်တစ်ခုခု ဝယ်ချင်လို့"

"ရပါတယ်၊ ဒါက လျှပ်စစ်မီးပူ၊ ဒါကတော့ လျှပ်စစ်မီးဖို၊ အဲ ဒါကတော့ လျှပ်စစ်ကော်ဖီဖျော်စက်ပါ"

"ခင်ဗျားတို့ဆီမှာ လျှပ်စစ်ကုလားထိုင် မရောင်းဘူးလား"

### ၂၄၈။ ဝယ်ပေးလိုက်ပါ

ပီတာလေး သူ့အမေကို ခြိမ်းခြောက်သည်။

"ကျွန်တော်လိုချင်တဲ့ ချောကလက်ကို မေမေ ဝယ်မပေးဘူးပေါ့လေ ဟုတ်လား၊ ကောင်းပြီ လူရှေ့သူရှေ့ကျရင် မေမေ့ကို ဘွားဘွားလို့ ကျွန်တော် ခေါ်လိုက်မယ်၊ ကဲ"





### ၂၄၉။ ချစ်ဒေါ်လေး



ပီတာသည် မိမိကို အချစ်ဆုံးဖြစ်သည့် ဒေါ်လေးကို ရေဖန်ခွက်ကြီးတစ်ခုကို ထိုးပေးကာ ပြောသည်။

"ဒီဖန်ခွက်ထဲက ရေကို နည်းနည်းဖြစ်ဖြစ် သောက်ပြပါ"

"ဘာလုပ်ဖို့လဲဟဲ့"

"ဖေဖေကပြောတယ်၊ မင်းဒေါ်လေးဟာ ရေသောက်ရင် မြင်းလိုပဲတဲ့၊ အဲဒါ ကြည့်ချင်လို့"

### ၂၅၀။ ပိုင်ရှင်ဘယ်သူလဲ

ရုပ်ရှင်ရုံထဲတွင် ဖြစ်သည်၊ ရုပ်ရှင်ကားကို ပြသနေဆဲအချိန်တွင် တစ်ရုံလုံး မီးများ လင်းလာပြီး မိုက်ကရိုဖုန်းမှတစ်ဆင့် အောက်ပါအတိုင်း ကြေညာသံ ပေါ်ထွက်လာသည်။

"ကြွရောက်လာတဲ့ ပရိသတ်များရှင့်၊ ရုပ်ရှင်ပြခြင်းကို ခေတ္တရပ်လိုက်ရတာကို ခွင့်လွှတ်စေချင်ပါတယ်၊ ပရိသတ်ထဲက တစ်ဦးဟာ အားလပ်ချိန်မှာ ငွေငါးထောင်ပါတဲ့ ပိုက်ဆံအိတ် ကျပျောက်သွားပါတယ်၊ ကောက်ရတဲ့လူကို ပိုင်ရှင်က ဆုငွေသုံးရာ ချီးမြှင့်မယ် ဖြစ်ပါတယ်ရှင်"





www.burmeseclassic.com

www.burmeseclassic.com


တစ်ရုံလုံး တိတ်ဆိတ်သွားသည်၊ ခဏကြာသော် တစ်နေရာမှ အသံတစ်သံ ပေါ်ထွက်လာသည်။

"ကျွန်တော် ငါးရာပေးမယ်ဗျာ"

## ၂၅၁။ ရဲတိုက်ဟောင်း

အမေရိကန် မီလျံနာသူဌေးတစ်ယောက် အင်္ဂလိပ် ရဲတိုက်ဟောင်း တစ်ခုကို လာဝယ်သည်၊ ဈေးတည့်သွားသောအခါ ၎င်းက ပိုင်ရှင်ကို မေးသည်။

"ဒီ ရဲတိုက်ထဲမှာ တစ္ဆေသရဲတွေ မကြာမကြာ ကိုယ်ရောင်ပြတယ်ဆို"

"မဟုတ်ပါဘူး၊ ကျွန်တော် ဒီမှာ နေနေတာ နှစ်ပေါင်း သုံးရာရှိပြီ၊ တစ်ခါမှ မမြင်ပါဘူး"

## ၂၅၂။ သေတဲ့လူ

"ဟော့ ဂျက်၊ မင်း သေသွားပြီဆို၊ ဒါမှမဟုတ် သေတဲ့သူက မင်းညီများ ဖြစ်နေမလား"

"ငါပဲ ဖြစ်ဖို့များပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ စောစောလေးကတင် ငါ့ညီနဲ့ ငါ စကားပြောခဲ့ရတယ်"



## ၂၅၃။ မိုးလေဝသ



မိုးလေဝသဌာနမှ အရာရှိကို သားငယ်က မေးသည်။

"ဖေဖေ၊ ဖေဖေရဲ့ မိုးလေဝသ ခန့်မှန်းချက်တွေ အမြဲတမ်း မှန်တာပဲလားဟင်"

"ဟုတ်တယ်၊ အမြဲတမ်း မှန်တယ်၊ နေ့ရက်တွေပဲ တိုက်ဆိုင်မှု မရှိတာ"

## ၂၅၄။ မိုးမစိုသောထီး

"မနေ့က ရွာလိုက်တဲ့မိုးကတော့ ပြောမနေနဲ့တော့၊ တစ်ကိုယ်လုံး ခြေဖျားကနေ ခေါင်းအထိ ရွှဲရွှဲကို စိုသွားတာပဲ၊ ထီးတစ်လက်ပဲ ဘာမှ မစိုဘူး"

"မင်းကလည်း အဓိပ္ပာယ်မရှိတာ ပြောတော့မယ်"

"ဘာဖြစ်လို့ အဓိပ္ပာယ်မရှိရမှာလဲ၊ ထီးကို ငါ အိမ်မှာ မေ့ထားတဲ့ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



## ၂၃၅။ ခေါင်းအတု

"မိတ်ဆွေရဲ့ ခေါင်းပေါ်က ဆံပင်ဟာ အစစ်လား၊ အတုလား ဟင်"

"ဆံပင်က အစစ်ပါ၊ ခေါင်းသာအတု"

## ၂၃၆။ မကြားဖူးတဲ့ဟာသ

"ကိုကောင်းထိုက်၊ ခင်ဗျား ဘာဖြစ်လို့ တစ်ယောက်တည်း ရယ်နေရတာလဲဗျ"

"ပျင်းပျင်းနဲ့ ကိုယ့်ဟာကိုယ် ဟာသတွေ တစ်ပုဒ်ပြီး တစ်ပုဒ် ပြောနေရာက အခု မကြားဖူးတဲ့ ဟာသတစ်ခု ပါလာလို့"

## ၂၃၇။ ထူးခြားတဲ့အမှတ်အသား

"ခင်ဗျားဆီမှာ အပြင်ပန်း ထူးခြားတဲ့ အမှတ်အသား ဘာပါသလဲ"

"ဒါကို ဖော်ပြဖို့ လိုသလားဗျာ"

"လိုတယ်၊ ပုံစံမှာ ဒီအချက်ကို ဖြည့်စွက်ရမယ်ဗျ"

"အဲဒါဆို နားရွက်နှစ်ဖက်ကို ကျွန်တော် လှုပ်ပြတတ်တယ်လို့ ရေးလိုက်ဗျာ"





## ၂၃၈။ ငါးနံပါတ်



"ကျုပ်အသက် ၅၀၊ မေလ ၅-ရက်မှာ မွေးတယ်၊ နေတာက ငါးထပ်မှာ၊ ကလေးက စုစုပေါင်း ငါးယောက်၊ ဒါကြောင့် နံပါတ်ငါးနဲ့ ပြေးတဲ့ မြင်းဘက်က ငါးဒေါ်လာ လောင်းလိုက်တယ်"

"နိုင်သလား"

"ဟင့်အင်း၊ ဒီကောင် ပဉ္စမမြောက် ပန်းဝင်တယ်"

## ၂၃၉။ ညတိုင်လာတဲ့ စာပို့လုလင်

အောက်ဒက်ဆာမြို့…

နံနက်သုံးနာရီတိတိ…

အိမ်ခန်းတွင် လူခေါ်ခေါင်းလောင်းသံ မြည်လာသည်။

ရာဘင်နီဗစ်ချ် မထချင် ထချင်နှင့် အိပ်ရာမှ ထသည်။

"ဘယ်သူလဲ"

"စာပို့လုလင်ပါ"

တံခါးကို ရာဘင်နီဗစ်ချ် ဖွင့်ပေးလိုက်သည်၊ ကေဂျီစီဝန်ထမ်း နှစ်ယောက် ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရာဘင်နီဗုစ်ချ်၊ ခင်ဗျားဆီမှာ ပိုက်ဆံဘယ်လောက် ရှိသလဲ"

"ပိုက်ဆံဟုတ်လား၊ လေးထောင့်ငါးရာ ရှိဘာယ်"

"ဒီလောက်များများ ခင်ဗျား ဘယ်ကရသလဲ"

"အစ္စရေးနိုင်ငံကို သွားဖို့အတွက် စုထားတာပေါ့"

"ဩော်၊ ဒီလိုလား၊ ဆိုရှယ်လစ်နိုင်ငံတော်ကြီးကို ခင်ဗျား စွန့်ခွာသွားမလို့ပေါ့လေ ဟုတ်လား"

"အစ္စရေးမှာ ညအချိန် စာပို့လုလင်တွေ မလာဘူးလို့ ပြောကြလို့ပါ"

## ၂၆၀။ ငရဲကြီးမယ်
## (စပိန်ဟာသ)

ကမ္ဘာလောကကြီးကို ဘုရားသခင်က မည်သို့ ဖန်ဆင်းပုံ အကြောင်း ခရစ်ယာန်ဘုန်းကြီးက ၅-တန်းကျောင်းသားများကို ရှင်းပြနေသည်၊ ကျောင်းသားလေးတစ်ယောက်က မေးသည်။

"ဘုရားသခင်ကိုကော ဘယ်သူ ဖန်ဆင်းသလဲဟင်"

"ဒီလို မေးခွန်းမျိုး မေးတဲ့လူရော၊ ဖြေတဲ့လူပါ အပြစ်ရှိတယ် ငါ့သား၊ မှတ်ထား"





## ၂၆၁။ ကားဆရာတွေချည်းပဲ



စိတ်ရောဂါကု ဆေးရုံသို့ ကော်မရှင်အဖွဲ့ တစ်ဖွဲ့ လာရောက် လေ့လာသည်၊ ဆေးရုံအုပ်ကြီးကို ကော်မရှင်အဖွဲ့ဝင်များ မေးသည်။

"ဆေးရုံကော်ရစ်ဒါ တစ်လျှောက်မှာ လူနာတွေ မော်တော်ကားလက်ကိုင်ကို ကိုင်ပြီး ပြေးနေကြပါလား၊ ဘာဖြစ်လို့လဲ"

မိမိ၏ စားပွဲအံဆွဲကို ဆေးရုံအုပ်ကြီး ဖွင့်လိုက်သည်၊ ၎င်း အထဲမှ မော်တော်ကားလက်ကိုင် အဟောင်းတစ်ခုကို ထုတ်လိုက်ပြီး စက်နှိုးဟန်ပြုသည်။ ထို့နောက် ကော်မရှင်အဖွဲ့ဝင်များကို ပြောသည်။

"တက်ကြလေ၊ သွားကြည့်ကြရအောင်"

## ၂၆၂။ အပိုဝင်ငွေ

စိတ်ရောဂါကုဆေးရုံသို့ တင်ထားရသော မြေးထံ အဘွားဖြစ်သူ လူနာလာကြည့်သည်၊ ဆေးရုံဝင်းထဲ ဝင်မိရုံ ရှိသေးသည်၊ တုတ်တစ်ချောင်းကို ပေါင်ကြားညှပ်ကာ 'စီး'လာသော လူငယ်



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ကပ်လာပြီး 'အဘွား၊ တက်၊ ကျွန်တော် လိုက်ပို့ပေးမယ်'ဟု ပြောသည်၊ ထို့နောက် 'ပို့ခ'အဖြစ် အဘွားထံမှ ငွေငါးကျပ် တောင်းသွားသည်၊ 'ကားသမား' ထွက်သွားပြီး မကြာမီ နောက်တစ်ယောက် ပေါက်ချလာပြီး 'ဆေးကုပေးမယ်'ဟု ပြောကာ အဘွားကြီး၏ နဖူးကို တံတွေးဖြင့် ထွေးသည်၊ ထို့နောက် 'ကုခ' ငွေတစ်ဆယ် တောင်းသွားသည်။

အဘွားကြီး စိတ်ဆိုးမာန်ဆိုးဖြင့် ဆေးရုံအုပ်ကြီး၏ အခန်းထဲ ဝင်လာသည်။

"ဆေးရုံမှာ ဘာစည်းကမ်းမှ မရှိပါလား၊ ဘာဖြစ်လို့ လူနာတွေကို ဒီအတိုင်း လွှတ်ထားရတာလဲ"

ဆေးရုံအုပ်ကြီးက အေးအေးဆေးဆေး ပြန်ဖြေသည်။

"ကျွန်တော်တို့ လူနာတွေအားလုံး ကိုယ့်အခန်းထဲ ကိုယ်ရှိကြပါတယ်၊ အဒေါ်ပြောတဲ့ လူတွေက ဆေးကျောင်းသားတွေ၊ သူတို့ အပိုဝင်ငွေ ရှာနေကြတာခင်ဗျ"

## ၂၆၃။ ဆေးညွှန်း

ဒေါက်တာက လူနာကို သေချာအောင် တတွတ်တွတ် မှာနေသည်။

"အခု ကျွန်တော်ရေးပေးလိုက်တဲ့ ဆေးကို ခေါင်းမကိုက်မီ ၁၅-မိနစ်အလိုမှာမှ သောက်နော်"







## ၂၆၄။ ဒီလူကို မကြိုက်ဘူး

မိန်းမက ယောက်ျားကို ပြောသည်။

"မောင်၊ ဆရာဝန်က ပြောတယ်၊ ကမ္ဘာလှည့်ပြီး စိတ်ပြေလက်ပျောက် ခရီးသွားပါတဲ့၊ အဲဒါဆို ခင့်ရောဂါ သက်သာသွားမယ်တဲ့၊ ခင်တို့ ဘယ်ကို သွားကြမလဲဟင်"

"နောက်ဆရာဝန်တစ်ယောက်ဆီကို"

## ၂၆၅။ ဒုတိယဆရာဝန်

ဆရာဝန်ထံ လူနာ ရောက်လာပြီး အမြဲတမ်းလိုလို တစ်နေ့ ဘာ္ဌ နာလေ့ရှိကြောင်း ပြောရာ ဆရာဝန်က ဤသို့ အကြံပေးသည်။

"ခင်ဗျား ဆေးလိပ်သောက်တာကို ရပ်ပစ်ရမယ်၊ အရက်ကိုလည်း လျှော့သောက်ရမယ်၊ ပြီးတော့ တကယ့်အခါကြီးရက်ကြီးကျမှ သောက်ပါ၊ ရုံးမှာ အချိန်ပို မလုပ်နဲ့၊ အချိန်မီ အိမ်ကို ပြန်ပါ၊ ညနေ ၇-နာရီထက် နောက်မကျစေနဲ့"

"လုံလောက်ပါပြီ ဒေါက်တာ၊ ကျန်တာကို ကျွန်တော့်မိန်းမ ပြောပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



## ၂၆၆။ စဉ်းစားမိသည်မှာ

မျက်စိအထူးကုဆရာဝန်အား ၎င်း၏ မွေးနေ့တွင် မိတ်ဆွေများက ဖန်မျက်လုံးတစ်လုံး လက်ဆောင်ပေးသည်၊ ဖန်မျက်လုံးကို လက်ဖြင့် ပွတ်ရင်း ဆရာဝန် အသံထွက် စဉ်းစားသည်။

"အင်း၊ ငါသာ သားဖွားနဲ့မီးယပ်ဆရာဝန် ဖြစ်ရင် ဘာလက်ဆောင် ပေးကြမလဲ မသိဘူးနော်"

## ၂၆၇။ နှုတ်မလုံဘူး

နာမည်ကြီး စုံထောက်ဝတ္ထုရေးဆရာကို သတင်းထောက်က မေးသည်။

"စုံထောက်ဝတ္ထုရေးတဲ့ စာရေးဆရာ အများစုဟာ ဘာဖြစ်လို့ ယောက်ျားတွေ ဖြစ်ရတာလဲ ခင်ဗျာ"

"ရှင်းရှင်းလေးပဲ၊ လူသတ်သမား ဘယ်သူလဲဆိုတဲ့ လျှို့ဝှက်ချက်ကို စာရေးဆရာမတစ်ယောက်ဟာ ဘယ်တော့မှ ဝတ္ထုအဆုံးအထိ ထိန်းထားနိုင်စွမ်း မရှိဘူးလေ"

## ၂၆၈။ ဂျပန်ကို သွားမကျီစားနဲ့

မော်စကိုမြို့လယ် ဗဟိုပြခန်းတွင် ဂျပန်နိုင်ငံ၏ နောက်ဆုံးပေါ် အီလက်ထရွန်းနစ် စက်ပစ္စည်းများ ပြပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည်၊ ကြွရောက်လာသော ရုရှားပြည်သူများသည် ဂျပန်တို့၏ တိုးတက်မှုကို ကြည့်ကာ အံ့သြမဆုံး ဖြစ်ကြရသည်၊ တစ်ချိန်တွင် ဂျပန်ဝန်ထမ်းတစ်ယောက်သည် မိမိ၏ လက်ကို ဆုပ်ကိုင်ကာ အနားက ရုရှားကို မေးသည်။



"ကျွန်တော့်လက်ထဲမှာ ဘာလဲ၊ ကျွန်တော့်လက်ထဲမှာ ဘာလဲ"

ရုရှားက အပျော်အပျက်သဘောဖြင့် အောက်ပါအတိုင်း ဖြေလိုက်သည်။

"ရုပ်မြင်သံကြားစက်ဗျာ"

"မှန်တယ်၊ ဘယ်နှစ်လုံးလဲ၊ ဘယ်နှစ်လုံးလဲ"

## ၂၆၉။ လွတ်ပြီကျွတ်ပြီ

စိတ်ရောဂါကုဆေးရုံတွင် တယ်လီဖုန်းသံ မြည်လာသည်၊ တာဝန်ကျ သူနာပြုဆရာမက တယ်လီဖုန်းကို ကောက်ကိုင်သည်၊ တစ်ဘက်မှ ယောက်ျားသံက မေးသည်။





www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးပြုပြီး အခန်းနံပါတ် ၂ မှာ တစ်စုံတစ်ယောက် ရှိနေသလားဆိုတာ ကြည့်ပေးပါခင်ဗျာ"

"ဟင့်အင်း၊ တစ်ယောက်မှ မရှိဘူး"

"ဟုတ်လား၊ ဟဲ ဟဲ၊ ဒီလိုဆိုရင် ခင်ဗျားတို့ လက်ထဲကနေ ကျုပ် ထွက်ပြေးနိုင်ခဲ့ပြီဆိုတာ အမှန်ပဲပေါ့"

## ၂၇၀။ အတုမှန်းမသိ၊ အစစ်မှန်းမသိ

"ခင်ဗျားရဲ့ သွေးခုန်နှုန်း မှန်သားပဲ"

"ဒေါက်တာ ကျွန်တော့် ဘယ်လက်ကို ကိုင်ပါ၊ ညာလက် အတုကြီး"

## ၂၇၁။ ပိုဆိုးသွားပြီ

လူငယ်တစ်ယောက် ဆရာဝန်ထံ ရောက်လာပြီး မိမိခံစားနေရသော ဒုက္ခကို ပြောပြသည်။

"ဒေါက်တာ၊ ကျွန်တော့်ကို အကြံပေးပါဦး၊ ကျွန်တော့်မယ် အိပ်ပျော်တယ်ဆိုရင်ပဲ အိပ်ရာထဲ ဆီးသွားတဲ့အကျင့် ဖြစ်နေတယ်"

"ဆီးမသွားခင်မှာ ခင်ဗျား ဘယ်လိုခံစားရသလဲ၊ ဒါမှမဟုတ် အိပ်မက်တို့ ဘာတို့ မက်သလား"







"ဟုတ်ကဲ့၊ အိပ်မက် မက်လေ့ ရှိတယ်။ မင်းညီမင်းသား အဝတ်အစား ဝတ်ထားတဲ့လူတစ်ယောက် ပေါ်လာပြီး 'ရှူးရှူးပေါက်ရအောင်' လို့ ကျွန်တော့် ကို ပြောတယ်၊ အိပ်ရာက နိုးလို့ ထကြည့်လိုက်တော့ အိပ်ရာရော၊ တစ်ကိုယ်လုံးပါ ရွှဲနေတော့တာပါပဲ ခင်ဗျာ"

"နောက်တစ်ခါဆိုရင် ဒီလိုလုပ်ပါ၊ အဲဒီမင်းသား ပေါ်လာပြီး 'ရှူးရှူးပေါက်ရအောင်' လို့ ပြောရင် 'ပေါက်ပြီးပြီ' လို့ ခင်ဗျား ပြန်ဖြေလိုက်ပါ"

"ဟုတ်ကဲ့ ဒေါက်တာ၊ ကျေးဇူးပါပဲ"

နောက်တစ်ပတ်ကြာသော် ဆရာဝန်ထံ လူငယ် ရောက်လာပြန်သည်။

"ဒေါက်တာ၊ အရင်ကထက် အခြေအနေ ပိုဆိုးသွားပြီ ခင်ဗျ"

"ဘယ်လိုဖြစ်လို့လဲ"

"မင်းသား ပေါ်လာပြီး ထုံးစံအတိုင်း 'ရှူးရှူးပေါက်ရအောင်' လို့ ကျွန်တော့်ကို ပြောတယ်၊ ကျွန်တော်က 'ပေါက်ပြီးပြီ' လို့ ပြန်ပြောတယ်၊ အဲဒီတော့ သူက 'ဒီလိုဆိုရင် အီအီးပါရအောင်' တဲ့ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



## ၂၇၂။ မခုန်ဘူးထင်လို့

ချူချာနှစ်ယောက် ရုပ်ရှင်ကြည့်နေကြသည်၊ မင်းသမီးက တောင်ထိပ်ပေါ်မှ နေ၍ ပင်လယ်ထဲသို့ ခုန်ဆင်းရန် ခြိမ်းခြောက်သည့်အခန်းတွင် နှစ်ယောက်သား အငြင်းပွားကြသည်၊ တစ်ယောက်က စပြောသည်။

"ကြည့်နေ၊ အခု သူ ခုန်လိမ့်မယ်"

"မခုန်ပါဘူးဗျာ"

"ခုန်မှာပါ"

"ခုန်မှာ မဟုတ်ပါဘူး၊ ရှုံးဘယ် တစ်ထောင်ကြေးလောင်းမလား"

"စိမ်လိုက်"

မင်းသမီး တကယ်ပင် ခုန်ချလိုက်သည်၊ ရှုံးသွားသော ချူချာက နိုင်သူကို ငွေတစ်ထောင် ပေးသည်၊ ထိုလူက ငြင်းသည်။

"မယူပါဘူးဗျာ၊ ကျွန်တော် ဒီကားကို မနေ့က ကြည့်ပြီးသား၊ ဒါကြောင့် မင်းသမီး ခုန်ချမယ်ဆိုတာ ကြိုသိနေတာ"

"ကျွန်တော်လည်း ဒီကားကို ကြည့်ပြီးပါပြီ၊ ဒါပေမယ့် သူ ဒုတိယအကြိမ် ထပ်ခုန်လိမ့်မယ် မထင်လို့"

## ၂၇၃။ တွေ့ပြီးပြီ

(ပြင်သစ်ဟာသ)



ရုပ်ရှင်မင်းသမီးက ဆရာဝန်ကို ပြောသည်။

"ဒေါက်တာ၊ ကျွန်မ အဝတ်အစား ချွတ်လိုက်ရမလားဟင်"

"မ လို ပါ ဘူး၊ ခင်ဗျားပါတဲ့ နောက်ဆုံးကားကို မနေ့က ကျွန်တော် ကြည့်ပြီးပြီ"

## ၂၇၄။ ဆေါမလို့ပဲ

(ပြင်သစ်ဟာသ)

သူငယ်ချင်းနှစ်ယောက် ဆုံကြသည်။

"မနေ့က ငါ အိပ်မက်မက်တယ်၊ အိပ်မက်ထဲမှာ ထောပတ်ဝယ်ဖို့အတွက် ငါ ပဲရစ်ကို ထွက်သွားသတဲ့ကွာ၊ အမိပွာယ်မရှိလိုက်တာ"

"ငါ့အိပ်မက်ကတော့ ရင်ခုန်စရာကြီး၊ အိပ်မက်ထဲမှာ ငါ ကုတင်ပေါ် လှဲနေတယ်၊ အဲဒီအချိန်မှာ အခန်းထဲကို ဘရစ်ဂျင်ဘားဒိုး ဝင်လာတယ်၊ အံ့သြလွန်းလို့ ငါ စကား





www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းမှ မပြောနိုင်ဘဲ သူ့ကို စိုက်ကြည့်နေမိတယ်၊ မကြာဘူး မာရီလင်မွန်ရိုး ဝင်လာပြန်ရော၊ သူ့နောက်က ဆိုဖီယာလိုရင်းပါ ပါလာတယ်၊ ကမ္ဘာ့အလှဆုံး အမျိုးသမီး သုံးယောက်ရှေ့မှာ ငါ ဘာလုပ်ရမှန်းမသိအောင် ဖြစ်ခဲ့တယ်"

"ငါ့ကို ခေါ်လိုက်ရောပေါ့ကွာ"

"ခေါ်မလို့ပဲ၊ မင်း ထောပတ်ဝယ်ဖို့ ပဲရစ်ကို သွားတယ်ဆိုလို့"

## ၂၇၅။ စုံထောက်ကား
## (ဖီလစ်ပိုင်ဟာသ)

လူကြီးတစ်ယောက် ရုပ်ရှင်ကြည့်ရန် လာသည်၊ လက်မှတ်ရောင်း အမျိုးသမီးကို မေးသည်။

"ခင်ဗျားတို့ရုံမှာ ပြနေတဲ့ စုံထောက်ကား စိတ်ဝင်စားစရာ ကောင်းရဲ့လားဗျ၊ ရုပ်ရှင်စပြပြီး ငါးမိနစ်အကြာမှာ လူသတ်သမား ဘယ်သူလဲဆိုတာ လူတိုင်း ခန့်မှန်းလို့ရတဲ့ကားမျိုး ဖြစ်နေမလား"

"ဒီအတွက်တော့ စိတ်မပူနဲ့၊ လူသတ်သမားဟာ ဆရာဝန် ဖြစ်တယ်ဆိုတာ ရုပ်ရှင်ပြီးခါနီး တစ်မိနစ်အလိုမှ သိကြရတယ်ရှင့်"

## ၂၇၆။ စင်းကြည့်ရောပေါ့



နာမည်ကြီး အဆိုတော်ကို သတင်းထောက်က အင်တာဗျူးလုပ်သည်။

"အဆိုတော် တစ်ယောက်အနေနဲ့ တွေ့ကြုံရတဲ့ အခက်အခဲ ဘာတွေ ရှိပါသလဲ"

"အခက်အခဲ အမျိုးမျိုးနဲ့ တွေ့ကြုံခဲ့ရဖူးပါတယ်၊ ကျွန်တော့်ကို အကျပ်ရိုက်စေဆုံးကတော့ ရုပ်မြင်သံကြားက ရိုက်ကူးတဲ့အခါမှာ လက်နှစ်ဖက်ကို ဘယ်မှာ ထားရမှန်း မသိဘူး"

"လက်နှစ်ဖက်နဲ့ ပါးစပ်ကို ပိတ်မကြည့်ဘူးလား ခင်ဗျာ"

## ၂၇၇။ အကောင်းဆုံးတစ်အုပ်

စာပေဝေဖန်ရေးသမားက မောင်ကောင်းထိုက်ကို မေးသည်။

"ဒီနှစ်အတွင်း ထွက်တဲ့စာအုပ်တွေအထဲမှာ အကောင်းဆုံး နှစ်အုပ်ဟာ ဘာစာအုပ်တွေ ဖြစ်တယ်လို့ ထင်ပါသလဲ"

"အင်း ပြောရမှာ ခပ်ခက်ခက်ပဲ၊ ဒီနှစ်မှာ ကျွန်တော့် စာအုပ်တစ်အုပ်ပဲ ထွက်သေးတယ်"

www.burmeseclassic.com

## ၂၇၈။ ဘာကိုသြဘာပေးတာလဲ

ပြဇာတ်ဒါရိုက်တာက မိမိ၏ မိတ်ဆွေကို ပြောပြနေသည်။

"ကန့်လန့်ကာလဲ ချလိုက်ရော၊ ပရိသတ်ရဲ့ သြဘာသံ တဖြောင်းဖြောင်းနဲ့ မြည်လာပါလေရောဗျာ"

"ကန့်လန့်ကာမှာ ဘာပုံဆွဲထားလို့လဲဗျ"

## ၂၇၉။ ဖတ်ထားမိပေလို့

ရုပ်ရှင်ရုံမှ ထွက်သော အမျိုးသမီးက မိမိ၏ သူငယ်ချင်းကို ပြောသည်။

"ဒီရုပ်ရှင်ကားကို မကြည့်ခင် သတင်းထောက်ရဲ့ ဝေဖန်ချက်ကို ဖတ်ထားမိလို့ တော်သေးတယ်၊ နို့မဟုတ်ရင် ဒီကားကို ကြိုက်မိတော့မလို့"

## ၂၈၀။ ဆိုင်းမပါ ဗုံမဆင့်

တက်သစ်စ လူငယ်စာရေးဆရာသည် မိမိ၏ ဝတ္ထုအသစ်အတွက် အမည် မည်သို့ ပေးရမည်မှန်း မသိကြောင်း ဖခင်ဖြစ်သူရှေ့တွင် ငြီးတွားသည်၊ ဝတ္ထုကို မဖတ်ရသေးသော အဖေက မေးသည်။

"ဝတ္ထုထဲမှာ ဆိုင်းဝိုင်းပါသလား"

"မပါဘူး"





"ဗုံတီးတဲ့ အခန်းရော"

"မပါဘူး"

"အဲဒါဆို 'ဆိုင်းမပါ ဗုံမဆင့်'လို့ နာမည်ပေးလိုက်"



## ၂၈၁။ ခွေးပျောက်ရှာ

"ပျောက်သွားတဲ့ ကျွန်တော့်ခွေးကို ရှာတွေ့ရင် ရှာတွေ့တဲ့လူကို ယန်းငွေတစ်ထောင် ပေးမယ်လို့ ခင်ဗျားတို့ သတင်းစာမှာ ကျွန်တော် ကြော်ငြာထည့်ခဲ့တယ်၊ သတင်းလေးဘာလေး မထူးဘူးလားဗျ"

"လောလောဆယ် ကျွန်တော် ဘာမှ မပြောနိုင်ပါဘူးဗျာ၊ အယ်ဒီတာချုပ်ရော၊ သတင်းထောက်တွေပါ တစ်ယောက်မှ မရှိဘူး၊ လူကြီးမင်းရဲ့ခွေးကို အရှာထွက်နေကြတယ်"

## ၂၈၂။ သတင်းစာထဲပါအောင်

တံတားပေါ်တွင် လူတစ်ယောက် ရပ်နေသည်၊ ၎င်း၏ ဂနာမငြိမ်သော အမူအရာအရ မြစ်ထဲ ခုန်ဆင်းကာ ကိုယ့်ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



သိတ်သေရန် ကြံရွယ်သည်ဟု ယူဆရသည်၊ ၎င်း၏အနားတွင် သတင်းထောက် ခေါက်တုန့်ခေါက်ပြန် လျှောက်ကာ လက်မှနာရီကို မကြာခဏ ကြည့်သည်၊ နောက်ဆုံး စိတ်မရှည်တော့သည့်အသံဖြင့် ထိုလူကို ပြောသည်။

"ခင်ဗျား အခု ခုန်ချရင်ချ၊ နို့မဟုတ်ရင် ကနေ့ ညနေထုတ် သတင်းစာထဲမှာ ခင်ဗျားအကြောင်း ပါလာမှာ မဟုတ်ဘူး"

## ၂၈၃။ မသိဘူး

"ဒီနေ့ပဲ ကျွန်တော့်သွားကို နုတ်ပစ်လိုက်တယ်"

"နာနေသေးလား"

"မသိဘူး၊ ဆရာဝန့်ဆီမှာ သွားကျန်ရစ်ခဲ့တယ်"

## ၂၈၄။ နောက်ယောင်ခံ

စိတ်ရောဂါကု ဆရာဝန်က လူနာကို မေးသည်။

"ကိုင်း... ဆို၊ ဘာဖြစ်သလဲ"

"ကျွန်တော့်ကို တစ်ယောက်ယောက်က အမြဲတမ်း နောက်ယောင်ခံ လိုက်နေတယ်လို့ ခံစားနေရတယ်ခင်ဗျ"

"ဘယ်တုံးကလဲ"

"ထောင်ထဲက ထွက်ပြေးကတည်းက"





## ၂၈၅။ လက်ခုပ်တီးတဲ့လူအရူး



စိတ်ရောဂါခံစားနေရသော လူနာများကို မြို့နယ်ပါတီယူနစ်ကော်မတီမှ စည်းရုံးရေးမှူးက ဆိုဗီယက်ဆိုရှယ်လစ်စနစ် ကောင်းကြောင်းကို အာဘောင်အာရင်းသန်သန်ဖြင့် ဟောပြောသည်၊ ဟောပြောပွဲ ပြီးသောအခါ နားထောင်သူ ပရိသတ်များ အားလုံးလိုလို လက်ခုပ်တီးကြသည်၊ တစ်ယောက်သာ လက်ခုပ်မတီးဘဲ နေသည်၊ အမာခံကေဒါကြီးက ၎င်းကို မေးသည်။

"ရဲဘော်၊ ဘာဖြစ်လို့ သြဘာမပေးတာလဲ"

"ကျွန်တော် အရူးမှမဟုတ်ဘဲ၊ ဆေးရုံမှာ မီးပျက်တာကို လာပြင်တဲ့ လျှပ်စစ်မီးပြင်သမား"

## ၂၈၆။ ကြောင်လိုဖြစ်သွားမယ်

ကိုဘမောင်ထံ မိတ်ဆွေများ အလည်ရောက်လာသည်၊ ကိုဘမောင်က လက်ဖြင့် အချက်ပြလိုက်သည်နှင့် ဇနီးသည်နှင့် ယောက္ခမသည် ဧည့်သည်များအား ထမင်းကျွေးရန် ပြင်ဆင်သည်၊



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားစားပွဲပေါ် အရက်ပုလင်းနှင့် ဖန်ခွက်များ ချသည်၊ စီးကရက် တည်သည်။ မိတ်ဆွေများက ကိုဘမောင်ကို မေးသည်။

"ပိုင်လှချည်လားဗျ၊ မိန်းမနဲ့ ယောက္ခမကို ခင်ဗျား ဘယ်လို စည်းရုံးထားသလဲဗျ"

"တစ်နေ့ ကျွန်တော် ဘူးသီးကြော် စားနေတယ်၊ ကြောင်က စားပွဲပေါ်တက်ပြီး ဘူးသီးကြော်တစ်ခုကို ယူပြီး ပြေးတယ်၊ ကျွန်တော် သူ့ကို သတိပေးလိုက်တယ်၊ ဒီကောင် ဒုတိယတစ်ခါ ယူပြန်တယ်၊ ကျွန်တော် သူ့ကို ဒုတိယအကြိမ် သတိပေးလိုက်တယ်၊ တတိယအကြိမ် ယူပြန်တယ်၊ တတိယအကြိမ် ထပ်သတိပေးတယ်၊ စတုတ္ထအကြိမ် ဒီကောင် ယူတဲ့အခါကျတော့ ကျွန်တော် ဒီကောင့်ကို အမြီးကဆွဲပြီး ပြတင်းပေါက်ကနေ လွှင့်ပစ်လိုက်တယ်၊ ကျွန်တော်တို့ နေတာက ၁၃-ထပ်မှာ"

"မိန်းမနဲ့ ယောက္ခမ ကျိုးနွံတာနဲ့ ကြောင်နဲ့ ဘာဆိုင်လို့လဲဗျ"

"ဆိုင်ပါသော်ကော၊ မိန်းမ သတိပေးခံရတာ နှစ်ခါ ရှိပြီ၊ ယောက္ခမကတော့ သုံးကြိမ်ရှိပြီ"

## ၂၀၇။ မိန်းမယောက်ျား

စိတ်ရောဂါကုဆရာဝန်၏ အခန်းထဲသို့ အလွန်စိတ်လှုပ်ရှားနေသော အမျိုးသမီးတစ်ဦး ဝင်လာသည်။





"ဒေါက်တာ...၊ ကျွန်မရဲ့ယောက်ျားကို ကယ်ပါဦး၊ သူ့ရဲ့ ပြုမူပြောဆိုပုံတွေ အင်မတန် ထူးဆန်းနေတယ်ရှင့်"

"ဘာဖြစ်နေသလဲ၊ တိတိကျကျ ပြောစမ်းပါ"

"သူဟာ ကျွန်မလို့ သူ ထင်နေတယ်"

"အင်း၊ စိတ်ဝင်စားစရာပဲ၊ သူ့ကို ကျွန်တော့်ဆီ ခေါ်လာခဲ့ပါ"

အမျိုးသမီးက အံ့သြစွာ ပြန်မေးသည်။

"ဘာဖြစ်လို့ ခေါ်လာရမှာလဲ၊ ကျွန်မဟာ ကျွန်မရဲ့ယောက်ျားပဲ ဥစ္စာ"

## ၂၀၈။ ဆင်းခွင့်ပေးရင် မှားတော့မှာပဲ

ဖိနပ်နှစ်ဖက်ကို ကြိုးဖြင့်ဆွဲကာ စိတ်ရောဂါကု ဆေးရုံဝင်း အတွင်းတွင် လူနာတစ်ယောက် လမ်းလျှောက်နေသည်၊ ဖြတ်လျှောက်သွားသော ဆရာဝန်က 'လူနာ၏ တိုးတက်မှု အခြေအနေကို စစ်ကြည့်ဦးမှပဲ'ဟု တွေးကာ လူနာကို မေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျား ဘယ်သူ့ကို ဆွဲခေါ်လာတာလဲဗျ"

" 'ဘယ်သူ့ကို' မဟုတ်ဘူး၊ 'ဘာကို' ဆွဲလာသလဲ လို့ မေးရတယ်၊ ဖိနပ်နှစ်ဖက်ကို ဆွဲလာတာ မြင်ရက်သားနဲ့"

"အင်း အင်း၊ ခင်ဗျားအခြေအနေ အတော်တိုးတက်လာတာကိုး၊ မကြာမီ ခင်ဗျားကို ဆေးရုံက ဆင်းခွင့်ပေးနိုင်ပါလိမ့်မယ်"

ဤသို့ပြောပြီး ဆရာဝန် နေရာမှ ထွက်သွားသည်၊ ဆရာဝန် ထွက်သွားသည်နှင့် လူနာသည် ဖိနပ်နှစ်ဖက်ဘက် လှည့်ကာ ဤသို့ ပြောသည်။

"ဟဲ ဟဲ၊ စောစောက ငနဲကို တို့တစ်တွေ အရှုံးလုပ်လိုက်တာ ပိုင်တယ်နော်၊ သော်ဘီ"

## ၂၈၉။ ဘဲစားဘဲချေ

ဓာတ်လှေကားအတိုင်း ပြေးဆင်းလာသော လူငယ်သည် အမျိုးသမီးတစ်ဦး၏ ခြေထောက်ကို နင်းမိသည်၊ နောက်ပြန်လှည့်ကာ တောင်းပန်မည် ပြုသည်၊ အမျိုးသမီးက လက်ဖြင့် တားရင်း ပြောသည်။

"တောင်းပန်စရာမလိုဘူး၊ ဆက်သာသွား၊ ရှင့်ကျောကို ကျွန်မ ဓာတ်တွေးနဲ့ ထွေးပြီးပြီ"





## ၂၉၀။ ထူးဆန်းတာမှတ်လို့



ချူချာနှစ်ယောက် ဆုံကြသည်၊ တစ်ယောက်က ပြောသည်။

"မနေ့က မင်းမိန်းမနဲ့ ငါ အိပ်ခဲ့တယ်"

"အဲဒါဘာဖြစ်လဲ၊ ငါ သူနဲ့ နေ့တိုင်းအိပ်နေတာပဲ"

## ၂၉၁။ ခြားနားချက်

၁၉–ရာစုခေတ်ဝတ္ထုနှင့် မျက်မှောက်ခေတ်ဝတ္ထုတို့အကြား ခြားနားချက် မည်သို့ရှိပါသနည်းဟု နာမည်ကြီး စာပေဝေဖန်ရေးဆရာကို မေးရာ ၎င်းက ဤသို့ဖြေသည်။

"ရှေးခေတ်ကဝတ္ထုတွေမှာ လူငယ်ဟာ မိမိရဲ့ချစ်သူကို စာမျက်နှာ ၁၅၀–ထက်စောပြီး မနမ်းဘူး၊ အခုခေတ်ဝတ္ထုတွေကျတော့ ဒုတိယစာမျက်နှာ ရောက်ရှင်ကိုပဲ တရားမဝင် ကလေးစမွေးပြီ"



www.burmeseclassic.com

www.burmeseclassic.com

## ၂၉။ မလိုက်ပါနဲ့သားရယ်

ဆရာမက ပီတာလေးကို မေးသည်။


"မောင်ပီတာ၊ ဘာဖြစ်လို့ ကျောင်းနောက်ကျရတာလဲ"

"ကျွန်တော် ငါးမျှားထွက်မလို့လုပ်တာ အဖေက ခွင့်မပြုဘူး"

"ဒီလို အမြော်အမြင်ကြီးတဲ့အဖေ ရှိနေတာ မင်းကံကောင်းတယ်လို့မှတ်၊ ဘာကြောင့် ကျောင်းမပျက်သင့်ဘူးလဲဆိုတာ မင်းအဖေ မင်းကို ရှင်းပြမှာပေါ့၊ မဟုတ်ဘူးလား"

"ဟင့်အင်း၊ မရှင်းပြပါဘူး၊ တို့နှစ်ယောက် မျှားဖို့ တီကောင်လောက်မှာ မဟုတ်ဘူးလို့ပဲ ပြောတယ်"





BURMESE CLASSIC .com

www.burmeseclassic.com